
www.burmeseclassic.com

# နတ်ယောင်ဆောင်တဲ့သရဲ နဲ့ မဒ်ဝါ



ဧကန္တမင်း

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၂၀၁၈ ဇူလိုင်လ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွှန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေန်မင်း ၃၉၈.၂
နတ်ယောင်ဆောင်တဲ့သရဲ နဲ့ မဖဲဝါ/ကေန်မင်း၊
ရန်ကုန်၊
ဇင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၈။
၂၀၂-စာ၊ ၁၂ × ၁၈ စင်တီ


# နတ်ယောင်ဆောင်တဲ့သရဲ

# နဲ့

# မဖဲဝါ

## ကေန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ မဖဲဝါနဲ့ ကျတ်တစ္ဆေများ ၃

၂။ သရဲမရဲ့ အချစ် ၃၆

၃။ တစ္ဆေသားအမိ ၇၈

၄။ နတ်ယောင်ဆောင်တဲ့သရဲနဲ့ မဖဲဝါ ၁၁၈

၅။ ဆိုင်ကယ် ကယ်ရီသရဲ ၁၅၅

၆။ အမှုမှန်ဖော်ထုတ်တဲ့ ကလေးသရဲ ၁၇၆


BURMESE CLASSIC .com

# မဖဲဝါနဲ့ ကျတ်တစ္ဆေများ

"ဒေါ်ကြီး ... ဒေါ်ကြီး"

"ဟဲ့ ... ဘယ်သူလဲ၊ အိမ်ထဲဝင်ခဲ့လေ"

"ကျွန်တော် ... သံချောင်းပါ အံဒေါ်ကြီး၊ ကိုကြီးကျော်သိုက် အိမ်မှာရှိလား"

"စောစောကတော့ ရှိတယ် ... အခု မရှိဘူး၊ ဒေါ်ကြီး ... ရွာထဲကို ခိုင်းလိုက်တယ်၊ မင်း ... သူ့ကို တွေ့ချင်တယ်ဆိုရင် ကွပ်ပျစ်ပေါ်က ထိုင်စောင့်"

"ရွာထဲက ဘယ်သူ့အိမ်ကို သွားတာလဲ ... ဒေါ်ကြီး"

"ဒေါ်အုန်းစိန်တို့ ကုန်စုံဆိုင်ကို လွှတ်လိုက်တာ ... အိမ်မှာ လိုအပ်တာရှိရင် မင်းအစ်ကိုကိုပဲ ခိုင်းရတာ ... ဒေါ်ကြီးတို့မှာ ခိုင်းစရာ သမီးမရှိဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော် ကုန်စုံဆိုင်ဘက်ကို လိုက်သွားဦးမယ်"

"ဟဲ့ ကောင်လေး ... ဒီကပဲ စောင့်တာမဟုတ်ဘူး၊ အခုလောက်ဆို ပြန်လာနေပြီ"

သံချောင်းက ဘာမှပြန်ပြောမနေဘဲ ခြံဝင်းအတွင်းမှ အပြင် ထွက်ခဲ့သည်။

ရှေ့ခပ်လှမ်းလှမ်းမှာ အိမ်ပြန်လာနေသော ကိုကျော်သိုက်ကို တွေ့လိုက်သည့်အတွက် လိုက်မသွားဘဲ ရပ်စောင့်နေလိုက်သည်။

ခဏအကြာ ကိုကျော်သိုက် သံချောင်းအနီးသို့ ရောက်လာ သည်။

"သံချောင်း ... ဘာကိစ္စလဲကွ"

"ဦးလေးမောင်ဖြူ ... ခေါ်ခိုင်းလိုက်လို့"

ဦးမောင်ဖြူက ကျော်သိုက်တို့ရွာ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ အသက်က ငါးဆယ်ကျော် အရပ်ကပုပု စိတ်မြန်လက်မြန်ရှိသည်။

ဦးမောင်ဖြူ၏အကြောင်းကိုသိသော ကျော်သိုက်လည်း အချိန် ဆွဲမနေတော့ဘဲ ...

"အေး ... အမေ့ကို ဝယ်လာတာတွေ သွားပေးလိုက် ဦးမယ် ... ငါ့ကို ခေါ်ခိုင်းတဲ့ကိစ္စ မင်းသိလားကွ"

"ကျွန်တော် ... မသိဘူး၊ ကျွန်တော် ဒီဘက်ကို အလာမှာ





ဦးလေးဖြူက လှမ်းခေါ်ပြီး ကိုကျော်သိုက်ကို ဦးလေးဖြူက အားရင် လျှောက်လာပါလို့ အိမ်ဝင်ပြီး ပြောခိုင်းလိုက်တာပဲ"

"မအားရင် ... သွားစရာမလိုဘူးပေါ့"

"ဟာ ... မသွားလို့တော့ မဖြစ်ဘူးထင်တယ်၊ ဦးလေး မောင်ဖြူတို့အိမ်မှာ ကျောင်းစုရွာက ညှိသည်တွေ ရောက်နေ တယ်လို့ ကျွန်တော်ကြားခဲ့တယ် ... အရေးကြီးတယ်ထင်တယ်၊

လာပါ ကိုကြီးကျော်သိုက်ရယ် ကျွန်တော်လည်း ပြန်လိုက် ခဲ့မယ်"

"မင်းက ... စိတ်ဝင်စားလို့လား"

"ဝင်စားတာပေါ့ ... ကိုကြီးကျော်သိုက်ကို ခေါ်တယ်ဆိုရင် သရဲတစ္ဆေအကြောင်း၊ စုန်းကဝေအကြောင်းတွေ ဖြစ်တာက များတယ်။

"ဒါဆို၊ မင်း .... ငါ့တပည့်လုပ်ပါလား"

"ဟာ ... မလုပ်ဝံ့ပါဘူး၊ သရဲတစ္ဆေဆို ကျွန်တော်က ကြောက်တယ်ဗျ"

ကျော်သိုက်နှင့် သံချောင်းတို့နှစ်ယောက် ရွာအရှေ့ပိုင်းသို့ ထွက်လာခဲ့ကြသည်။

မကြာခင်မှာပင် ဦးမောင်ဖြူ၏ အိမ်သို့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌအိမ်မှာ လူအတော်များများရှိနေသည်။

"လာဟေ့ ... မောင်ကျော်သိုက်၊ မင်းကို လာခေါ်မလို့ ခိုင်းစရာ ဘယ်သူမှ မရှိတာနဲ့ ... သံချောင်းလာတာမြင်လို့ လှမ်းမှာလိုက်ရတယ်။

ကျော်သိုက်ကို ဦးမောင်ဖြူ၏ အိမ်ပေါ်မှာရှိသော ယောကျ်ားသုံးယောက်က စိတ်ဝင်တစား လိုက်ကြည့်နေသည်။

သူ့အတွက် နေရာဖယ်ပေးသဖြင့် ဝင်ထိုင်လိုက်သည်။ သံချောင်းက အောက်ဆင့်မှာထိုင်ပြီး သူတို့ပြောမည့်စကားများကို နားထောင်နေသည်။

"ရေနွေးသောက်ကွဲ့ ... မောင်ကျော်သိုက်"

"ဥက္ကဋ္ဌကြီးပြောတဲ့ ... ဆရာဆိုတာလား"

"ဟုတ်တယ် ... သူပဲ၊ မောင်ကျော်သိုက်ကိုမြင်ပြီး စိတ်ဆတ်ကျသွားတာလား။ မောင်ကျော်သိုက်က အထက်လမ်းဆရာကြီး ဦးစံထွန်းရဲ့မြေးအရင်းပဲ။ အထက်လမ်းဆရာကိုရှိုင်းရဲ့တပည့်တော် အမှောင့်ပယောဂ ကဝေရှာသူစုန်းတို့ကို သူ့ဆရာမပါဘဲ ပွဲတွေ နှိမ်နင်းပေးနေတာပါ၊

ခင်ဗျားတို့ရွာက ကိစ္စကိုလည်း ပွင့်ပွင့်လင်းလင်းပြောပြီး အကူအညီတောင်းပါ။ သူ ... ကူညီနိုင်ပါလိမ့်မယ်"





"စိတ်မရှိနဲ့နော် ဆရာလေး၊

ရုတ်တရက်ဆိုတော့ ... ဟုတ်မှဟုတ်ပါ့မလားလို့၊ အခု ရွာမှာက ကြီးကြီးမားမား ဖြစ်ပျက်နေတဲ့အတွက် ကူညီနိုင်ပါ့မလားလို့ စိုးရိမ်မိတာပါ"

"ကျွန်တော် မကူညီနိုင်လည်း ဆရာကြီးကိုရှိုင်းကို အကူအညီ တောင်းပေးပါ့မယ်၊

ဆရာကြီးကိုရှိုင်းနဲ့တွေ့ချင်ရင် နောက်နှစ်ရက်မှ တွေ့ပေးလို့ရမယ်။ ဆရာကြီးက ကျိုက်ထီးရိုးဘုရားဖူး မနေ့က ထွက်သွားတယ်"

"ဟာ ... ဆရာလေးကိုပဲ အားကိုးပါရစေ"

"ဒီလို ... မောင်ကျော်သိုက်ရေ၊ သူတို့က ကျောင်းစုရွာက ရာအိမ်မှူးနဲ့ သေဆုံးသွားတဲ့ ကလေးနှစ်ယောက်ရဲ့ အဖေတွေပဲ"

"ဖြစ်ပျက်တာကို ... ပြောပြပါလားခင်ဗျ"

"လွန်ခဲ့တဲ့ သုံးရက် ညနေ နွားရိုင်းသွင်းချိန်မှာ ရွာပြင်ကနေပြီး အော်သံကြီးတွေ ကြားလိုက်ရတယ်၊

သတ်ကြဟေ့ ... သတ်ဟေ့ ... တစ်ယောက်မကျန် သတ်ဟေ့ ... ဆိုပြီး ညာသံတွေလည်း ကြားရတယ်တဲ့၊ ဒီအသံကြီးကို မှောင်တဲ့အထိ ကြားရပြီး ပျောက်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညကိုးနာရီကျော်လောက်ရောက်တော့ ရွာပြင်ဘက်ဆီက သတ်ဟေ့ ... သတ်ဟေ့ဆိုတဲ့ အသံကြီးတွေကြားလိုက်ရပြီး ရွာထဲပြေးဝင်တဲ့ ခြေသံတွေ ကြားလိုက်ရတယ်၊

အဲဒီညက ဟောဒီ ကိုသိန်းကလေး အသတ်ခံလိုက်ရတယ်။ နောက်ညလည်း နွားရိုင်းသွင်းချိန်ရောက်တာနဲ့ အသံတွေကြားနေရပြန်တယ်။ ကိုးနာရီကျော်လောက်ရောက်တော့ အဲဒီ မမြင်ရတဲ့ အကောင်တွေ ရွာထဲဝင်ပြီး ကိုဝင်းရှိရဲ့သားလေးကို ဝင်သတ်သွားတာပဲ၊

ပြီးခဲ့တဲ့ ညကတော့ ဟောဒီ ကိုတင်မောင်ရဲ့သား အသတ်ခံလိုက်ရပြန်တယ်။ မနက်က ဦးမောင်ဖြူတို့ရွာက ကိုငှက်ရိုးနဲ့ တွေ့ပြီး ဆရာရှိတယ် လိုက်ခဲ့ပြောတာနဲ့ ... လူစုပြီး လှည်းနဲ့ ချက်ချင်း ထွက်လာခဲ့ကြတာ"

"ထူးဆန်းတာက ... တစ်ညကိုတစ်ယောက် အခု သုံးညမှာ သုံးယောက်သေသွားပြီ။ ဒီညလည်း ဘာမှန်းမသိတဲ့ အကောင်တွေ ဝင်လာရင် ဘယ်အိမ်က ကလေး သေဦးမလဲမသိဘူး"

"သေတာကလည်း ထူးဆန်းတယ် ဆရာလေးရဲ့ ကလေးရဲ့ ခြေချောင်း လက်ချောင်းတွေ အရင်းက ပြုတ်ထွက်ကုန်တယ်။ ပြီးတော့ ကလေးတွေရဲ့ ကျင်ချောင်းတွေလည်း အဆမတန်





ရှည်ထွက်လာတယ်၊

အဲဒါ ... သုံးယောက်လုံးပဲ"

"အဲဒီ မမြင်ရတဲ့ အကောင်တွေက ကလေးတွေရဲ့ ခြေလက်တွေကို ဗိုင်းဆွဲကြလို့ ပြုတ်ထွက်ကုန်တာဖြစ်မယ်။ သူတို့ ခွင့်မလွှတ်နိုင်တာ တစ်ခုခု လုပ်ခဲ့ကြလို့ပဲ ဖြစ်မယ်"

"ဒါဆို ... အခုနေဦး တို့ရွာကို အချိန်မီ သွားကြတာပေါ့။ ဦးတို့ လှည်းပါတယ်မဟုတ်လား။ ကျွန်တော် ဆေးလွယ်အိတ် ပြန်ယူလိုက်ဦးမယ်"

"လှည်းပါတယ် ဆရာလေး ... အခု ဆယ်နာရီဆိုတော့ ဆယ့်နှစ်နာရီမထိုးခင် ရွာပြန်ရောက်လိမ့်မယ်"

ကျော်သိုက်က အိမ်ပေါ်ကအဆင်း ဦးမောင်ဖြူက လှမ်းပြီး ပြောသည်။

"နေတော့ပူတယ် ... ဆောင်းစရာယူခဲ့ မောင်ကျော်သိုက်"

ကျော်သိုက်နောက်က သံချောင်းလည်း ဆင်းပြီးလိုက်လာသည်။

"သံချောင်း၊ မင်း ... ငါနဲ့လိုက်မလား"

"ဟာ ... မလိုက်ပါဘူး၊ ကျွန်တော် သရဲကြောက်တယ်"

"ဒါဆို၊ မင်း ... ရွာထဲသွားပြီး ဂုတ်ပုကို ခေါ်ခဲ့။ ငါခေါ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် ... အခု အမြန်လိုက်ခဲ့လို့ပြော ... ဟုတ်လား"

"ဒီကောင်မရှိရင် ဘယ်သူ့ကို ခေါ်ရမလဲ"

"ဒီကောင်မရှိရင်နေတော့ ... ဗိုဟာဇါပဲ ကြည့်လုပ်လိုက်တော့မယ်။ နေ... နေ ... မခေါ်နဲ့တော့၊ ဒီကောင်ပါရင် တစ်ရက်ထပ်ကြာဦးမယ်"

ကျော်သိုက်က သံချောင်းဖြစ်ဖြစ်၊ ဂုတ်ပုဖြစ်ဖြစ် ပါလာပါက မျက်ကွင်းဆေးကို ကွင်းပေးပြီး ရှာဏဲ မည်သည့်အကောင်တွေ ဝင်တာလဲ ကြည့်ခိုင်းရန် အကြံဖြစ်သည်။

ဤသို့ ဝိုင်း၍ကြည့်လျှင် ... မည်သည့်နာနာဘာဝ တစ္ဆေသရဲမှန်း ခွဲခြားသိနိုင်မည် ဖြစ်သော်လည်း ထိုအချိန် ရှာက ကလေးတစ်ယောက် သေဦးမည်။

ထိုသရဲကြည့်မည့်အကြံကို လက်လျှော့လိုက်သည်။ နာနာဘာဝအကောင်ကိုကြည့်ရန် အချိန်မရတော့။ ညကိုးနာရီမတိုင်ခင် အပြေသိအောင်လုပ်နိုင်ရန် အရေးကြီးသည်။

ကျော်သိုက်လည်း အိမ်မြန်မြန်ပြန်ပြီး၊ ဝါးခမောက်နှင့် ဆေးလွယ်အိတ်ကိုယူပြီး ဦးမောင်ဖြူ၏အိမ်သို့ ပြန်လာခဲ့သည်။

မကြာခင်မှာပင် ဦးမောင်ဖြူ၏အိမ်သို့ ပြန်ရောက်လာခဲ့သည်။ ကျော်သိုက်ကို မြင်လိုက်သည်နှင့် အိမ်ပေါ်မှ ကျောင်းစုရှာသား





သုံးယောက် ဆင်းလာကြသည်။

နွားကောက်ပြီး လှည်းပေါ် အားလုံးရောက်သည်နှင့် ရှာမှ ထွက်လာခဲ့ကြသည်။ လမ်းရောက်တော့ ကျော်သိုက်က ကျောင်းစုရှာသားတို့အား သိလိုသမျှ မေးလာခဲ့သည်။

"အစ်ကိုကြီးတို့ နာနာဘာဝကောင်တွေ ကိုးနာရီလောက်ပုံမှန် ရှာထဲဝင်တာလား"

"ဟုတ်တယ် ဆရာလေး ... အော်သံကြားတာကတော့ ညနေငါးနာရီခွဲ ခြောက်နာရီလောက်ဆို ရှာပြင်အစပ်က အော်လိုက်တဲ့အသံ၊ တစ်ရှာလုံးနီပါး ကြားကြရတယ်၊

အော်ပြီးပြီးချင်း ရှာထဲ ဘာကြောင့် မဝင်သေးတာလဲ မသိဘူး၊ ည ... လူတွေ အိပ်ချိန်ရောက်ပြီဆိုမှ ဝင်တာ"

"သူတို့ဝင်တာ ... သိတဲ့လူ ရှိလား"

"ရှေ့ပိုင်းရက်ကတော့ အမှတ်တမဲ့ပဲ၊ နောက်ရက်တွေတော့ သတိထားမိတယ် ... ဝင်တာမှ အလုံးအရင်းနဲ့ဝင်တာ၊

ကိုတင်မောင်အိမ်ထဲ သရဲတွေ ဝင်လာပြီး ... သတ်ဟေ့၊ ဆွဲဟေ့ဆိုတဲ့ အသံအက်အက်ကြီးတွေ၊ သတ်ပါတော့လား၊ ဆွဲပါတော့လားဆိုတဲ့ အသံတွေ အိမ်ထဲ ခြံထဲက ကြားတာနဲ့ အိပ်ရာထဲလှဲနေရာက ထလိုက်တော့ ကလေးက လေထဲမှာ မြောက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုမလုပ်ပါနဲ့ ... လွှတ်ပေးပါ။ ကလေး သေပါတော့မယ်လို့ ... သူ့အမေက ငိုယိုပြီး တောင်းပန်မှ ကြမ်းပြင်ပေါ် လွှတ်ချလိုက်တယ်၊ ကလေးက အဲဒီအချိန် အသက်မရှိတော့ဘူးတဲ့၊

ကလေးလွှတ်ချပြီးတာနဲ့ တစ်ခြံလုံး၊ တစ်အိမ်လုံး အသံတွေ ဆူညံနေရာက ငြိမ်သက်သွားတာပဲတဲ့"

"လူကြီးတွေကို ... ဘာလုပ်သွားသေးလဲ"

"လူကြီးတွေကို ဘာမှမလုပ်ဘူး။ ကလေးသုံးယောက်သာ သေသွားတယ်။ လူကြီးတွေ တစ်ယောက်မှ အန္တရာယ်မပြုသွားဘူး"

"ဒါဆို နာနာဘာဝကောင်တွေရဲ့ ပစ်မှတ်က ကလေးတွေပဲ၊ ကလေးတွေအားလုံး ခေါ်ပြီးမေးကြည့်ရင် တစ်ခုခုသိရမှာပဲ ... မမေးကြည့်ကြဘူးလား"

"အမှတ်တမဲ့ပဲ မမေးမိဘူး၊ ကျောင်းက ပိတ်ထားတာဆိုတော့ ကလေးအတော်များများ နွားကျောင်းကြတယ်။ ကစားမျိုးစုံ ကစားကြတယ်၊

လူကြီးတွေက ကိုင်းထဲလယ်ထဲမှာ အချိန်ကုန်နေတာဆိုတော့ ရွာထဲမှာရော ရွာပြင်မှာရော ကလေးတွေ ဆူမယ့်ပြောမယ့်လူ မရှိ စိတ်လွတ်ကိုယ်လွတ် ဆော့ကစားကြတာပေါ့၊

အဲဒီလိုလျှောက်ဆော့ရင်း ဘာတွေများ အမှားလုပ်ခဲ့ကြလဲ





မသိဘူး။ ဘယ်ကလေးတွေ အမှားလုပ်တာလဲ မသိဘူး"

"ဘာမှ စိုးရိမ်မနေနဲ့ ဒီနေ့ည ရှစ်နာရီလောက် အဖြေသိရအောင် ကျွန်တော် ... ကြိုးစားပေးပါ့မယ်"

"ဆရာလေးကို အားကိုးပါတယ်။ ဆရာလေး အလိုရှိတာ ပြောပါ"

"ရွာရောက်ရင် အိမ်တစ်အိမ်မှာ ကြက်တစ်ကောင်ကို ချက်ပေးပါ။ ဆန်ခြောက်ဘူးကိုလည်း ထမင်းချက်ပေးပါ"

"ရပါတယ်ဆရာလေး ... ရွာမှာ အိမ်တိုင်းနီးပါး ကြက်မွေးထားကြတယ်။ တစ်ကောင်မကဘူး။ သုံးလေးကောင်ချက်ချင်လည်း ရတယ် ဆရာလေး"

"ကြီးကြီးတစ်ကောင်ဆို ... ရပါပြီ၊
ပြီးတော့ ရွာမှာ နတ်ဝင်သည်ရှိလား"

"ကိုထွန်း ... ဒေါ်အေးကြွယ် ရွာမှာ တွေ့မိသေးလား"

"ဒေါ်အေးကြွယ်က ဘယ်မှမသွားဘူး၊ ကျွန်တော့်အိမ်မှာ ရှိနိုင်တယ်"

"ဒေါ်အေးကြွယ်က နတ်ကတော်ပဲ ရွာမှာ နတ်ကိစ္စနဲ့ ပတ်သက်ရင် သူ့ပဲ အားကိုးရတာ"

"ဟဲ ... နွား သွားစမ်း မြန်မြန် ... နေကပူ နွားတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပူနေပြီ"

နွားနှစ်ကောင်ကို ကြိမ်တို့ပေးလိုက်သဖြင့် ဘီးလိမ့်ရှိသာ သွားနေရာမှ ဆောင့်ရုန်းဆွဲသွားသည်။

"ဆရာလေး ... နတ်ဝင်သည် ဘာလုပ်မလို့လဲ"

"မဖဲဝါကို ဝင်ခိုင်းမလို့"

"ဟင် ... မဖဲဝါ ... ဟုတ်လား။ မဖဲဝါက သင်္ချိုင်းထဲမှာ နေတာမဟုတ်လား"

"မဖဲဝါက သင်္ချိုင်းတို့ရဲ့ အရှင်သခင်ဖြစ်သလို မမြင်ရတဲ့ တစ္ဆေသရဲ နာနာဘာဝတွေကြောင့် အခက်အခဲတွေ ဖြစ်နေတယ် ဆိုရင် အကူအညီတောင်းလို့ရတယ်၊

မသိတာ မေးလို့ရသလို ... မဖဲဝါ နှိမ်နင်းလို့ရရင်လည်း နှိမ်နင်းပေးတယ်။ ဒါကြောင့် ကလေးတွေကို ညတိုင်း လာသတ်ဖြတ် နေတဲ့အရာက ဘာကောင်တွေလဲ၊ ဘာကြောင့်လာပြီး သတ်နေတယ် ဆိုတာ သိရအောင်မေးမှာ"

"အဲဒီလိုလည်း ... မေးလို့ရလား"

"မျက်နှာချင်းဆိုင် မဖဲဝါကိုမေးလို့တော့ ဘယ်ရမလဲ ... သူကြိုက်တတ်တဲ့ အစားအစာနဲ့ ကျွေးမွေးပြီးမှ သိလိုတာ မေးရမှာ၊ သူက ဒီအတိုင်း ပြောတာမဟုတ်တဲ့အတွက် နတ်ဝင်သည်မှာ





ဝင်ပူးကပ်ပြီးမှ ပြောမှာ၊

ကျွန်တော် ... ဒီညပဲ မဖဲဝါကိုပင့်ပြီး မေးမှာ ... စိတ်ဝင်စားရင် ကျွန်တော်နဲ့အတူ ရွာသင်္ချိုင်းကို လိုက်ခဲ့ကြပေါ့"

"ကိုသိန်း ... ခင်ဗျားလိုက်မလား"

"လိုက်မယ် ... ကျုပ်သားကိုသတ်သွားတဲ့ အဲဒီမိတ္တာတွေ အကြောင်း သိချင်သေးတယ်"

"ကိုထွန်းဆင့်တို့ ကိုတင်မောင်တို့ကော လိုက်မလား။ ကိုတင်မောင် ခင်ဗျားသားကို သတ်သွားတဲ့မိတ္တာတွေအကြောင်း မသိချင်ဘူးလား"

"လိုက်မယ် ... ကိုထွန်းဆင့် လိုက်မယ်မဟုတ်လား"

"လိုက်တာပေါ့ ... ခင်ဗျားတို့လည်းပါမယ်၊ ဆရာလေး လည်း ပါမယ်ဆိုတော့ ... ဘာကြောက်စရာရှိတော့မလဲ၊ လိုက်မယ် ဗျာ"

"ဘယ်အချိန်သွားမှာလဲ ... ဆရာလေး"

"ညခုနစ်နာရီခွဲတာနဲ့သွားမယ်။ ရှစ်နာရီလောက်ဆို စပြီး ပင့်မယ်။ အရေးကြီးတာက နတ်ဝင်သည်ကို ရအောင်ခေါ်သွားမှ ဖြစ်မယ်။ သူမပါဘဲ သွားရင် ဘာမှ သိရမှာမဟုတ်ဘူး"

"ဟာ ... စိတ်ချ၊ ဒေါ်အေးကြွယ်ကို ရွာရောက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားရှာပြီး ခေါ်ထားလိုက်မယ်”

“ကိုဝင်းရှိရဲ့မိန်းမ အေးညွန့်နဲ့ ဒေါ်အေးကြွယ်အမျိုးတွေ မဟုတ်လား။ ကိုဝင်းရှိတို့အိမ်မှာ ရှိလိမ့်မယ်”

“ဟုတ်တယ်၊ ကျွန်တော်မေ့နေတယ် ... ကိုဝင်းရှိတို့အိမ်မှာ ရှိလိမ့်မယ်”

အသုဘအိမ်သုံးအိမ်လုံး ဖဲဝိုင်းမရှိ၊ အသုဘကို ရက်ရှည်မထားဘဲ ချက်ချင်းချလိုက်ကြသည်။ မကောင်းဆိုးဝါးတွေ ညကိုးနာရီကျော်သည်နှင့် ဝင်လာသည့်အတွက် ... ညရှစ်နာရီကျော်သည်နှင့် အိမ်တိုင်းတံခါးပိတ်ပြီး တစ်ရွာလုံး မီးမှိတ်ကာ တိတ်ဆိတ်သွားတော့သည်။

သူတို့ နေပူပူ ဖုန်ထူထူမှာ စကားတပြောပြောနှင့် လှည်းမောင်းလာခဲ့ရာ ဆယ့်နှစ်နာရီမထိုးခင်မှာပင် ကျောင်းစုရွာသို့ ရောက်လာကြသည်။

“ဆရာလေး ... ကိုထွန်းဆင့်အိမ်မှာနေဖို့ စီစဉ်ထားတယ်။ ကိုထွန်းက ရွာအိမ်မှူး သူက သားမမွေးဘဲ သမီးမွေးထားတော့ ဘာမှ မဖြစ်ဘူး။ ကျွန်တော်နဲ့ ကိုတင်မောင်တို့က သားမွေးမိလို့ သရဲသတ်တာ ခံလိုက်ရတာ”

“ကလေးတွေအားလုံး သင်္ဂြိုဟ်ပြီးပြီလား”





“မထားတော့ဘူးလေ အားလုံးရုပ်ပျက်ဆင်းပျက်သေရတာ မဟုတ်လား။ အသုဘကိုလည်း ဘယ်သူမှ စောင့်မအိပ်ဝံ့ကြဘူး။ ရက်လည်တဲ့နေ့မှာပဲ ဆွမ်းကျွေးပြီး တရားနာတော့မယ်”

“ကဲ ... ဆရာလေး၊ ကိုထွန်းဆင့်တို့ အိမ်ရောက်ပြီ၊ ကျွန်တော်လည်း ဆရာမှာတဲ့ကိစ္စတွေ လိုက်စီစဉ်လိုက်ဦးမယ်”

“ဒေါ်အေးကြွယ်ကိုရှာဖို့ မမေ့နဲ့နော်”

“ကျွန်တော့်တာဝန်ထားပါ၊ ဒေါ်အေးကြွယ်ကိုလည်း မတွေ့မချင်း ရှာမယ်။ ကြက်သားချက်ဖို့ကိစ္စလည်း စီစဉ်လိုက်မယ်”

ကိုထွန်းဆင့်က လှည်းဖြုတ်နေရာက လှမ်းအော်သည်။

“ကိုသိန်းတို့၊ ကိုတင်မောင်တို့ ထမင်းစားပြီးမှ သွားကြ၊ အိမ်မှာ အားလုံးစားဖို့ စီစဉ်ထားခဲ့တယ်။ အချိန်လည်း ရှိပါသေးတယ်။ အိမ်ပေါ်တက်ကြပါဦး”

“ဆရာလေးတစ်ယောက်တည်းစားလို့ ဘယ်ကောင်းမလဲ။ ခင်ဗျားတို့လည်း ဝင်စားသွားကြ။ ဒီမှာ အားလုံးစားဖို့ ချက်ခိုင်းထားခဲ့တယ်”

“ဟုတ်တယ်၊ ကိုသိန်းတို့ ကိုတင်မောင်တို့ မနက်ကတည်းက ကိုထွန်းက အားလုံးပြန်လာရင် စားဖို့ ချက်ခိုင်းခဲ့တယ်။ စားပြီးမှ သွား ... ဒီမှာ ပန်းကန်ဆေးနေပြီ”



www.burmeseclassic.com

www.burmeseclassic.com



ရာအိမ်မှူး ကိုထွန်းဆင့်၏ ဇနီးက အတင်းတားနေသဖြင့် ကိုသိန်းနှင့် ကိုတင်မောင်တို့ အိမ်ပေါ်တက်လာကြသည်။

ခဏအတွင်းမှာပင် ထမင်းဝိုင်းပြင်ပြီးသွားသည့်အတွက် အိမ်ရှင် ကိုထွန်းဆင့်နှင့်အတူ ဆာဆာနှင့် ခေါင်းမဖော်တမ်း စားလိုက်ကြသည်။

ထမင်းစားပြီး ... ရေနွေး တစ်ခွက်နှစ်ခွက် သောက်ကာ ကိုကျော်သိုက်ကို နှုတ်ဆက်ပြီး ကိုသိန်းတို့ ရွာထဲ ထွက်သွားကြသည်။

တစ်နာရီခွဲခန့်ကြာတော့ ကိုသိန်းနှင့် အသက်ငါးဆယ်ခန့် အဒေါ်ကြီးတစ်ယောက်တို့ ရောက်လာကြသည်။

"ဆရာလေး၊ ဒါ ... ဒေါ်အေးကြွယ်တဲ့၊ ရွာထဲက နတ်ကိစ္စဆို သူပဲ အကူအညီပေးနေကျ၊

ချက်ပြုတ်တဲ့ကိစ္စတော့ စီစဉ်ခဲ့ပြီးပြီဆရာလေး။ မိုးမချုပ်ခင် ပြီးစီးလိမ့်မယ်"

"ဆရာလေး ... အဒေါ်ကို ဘာလုပ်စေချင်တာလဲ"

ကျော်သိုက်လည်း ဒေါ်အေးကြွယ်အား မဖဲဝါကိုပင့်ရန် ခေါ်ရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။

"စိတ်ချ ဆရာလေး ... သွားချင်တဲ့အချိန်သွား လိုက်ပေး





မယ်၊ ရွာက ဘာမှမလုပ်တတ်တဲ့ ကလေးတွေကို သတ်ဖြတ်နေတဲ့ ကိစ္စ အဖြေမှန် သိချင်နေပြီ"

"သိရမှာပါ စောစောသိမှ ညကိုးနာရီ နာနာဘာဝကောင်တွေ မလာအောင် တားဆီးနိုင်မှာ"

"ဒေါ်အေးကြွယ် ... ပြန်မနေနဲ့တော့ ညစာ အိမ်မှာပဲ စားလိုက်"

"ဟဲ့ ... အခုမှ နှစ်နာရီလောက်ပဲ ရှိဦးမယ်။ အချိန် အများကြီး ကျန်သေးတယ်။ အိမ်ပြန်ပြီး ကျောဆန့်ပါရစေ။ ငါ တစ်နေ့လုံး မိအေးညွန့်တို့အိမ်မှာ ကူညီဝိုင်းလုပ်ပေးနေတာ အခုမှ နားမယ်ကြံကာ ရှိသေးတယ်"

"ကဲ ... ဒေါ်အေးကြွယ်၊ သွားမယ်ဆိုလည်း သွားတော့ ... ညနေ ငါးနာရီလောက်လာခဲ့ ... ထမင်းစားမလာနဲ့ ဒီမှာစား"

ရာအိမ်မှူးအိမ်မှာ လူတွေ စုံနေသည်။ ဆရာပါလာသည် ဆိုသည့် သတင်းကြောင့် စိတ်ဝင်စား၍ လာအကဲခတ်ခြင်း ဖြစ်နိုင်သည်။

ကျော်သိုက်လည်း ရွာထဲမှ ကလေးသုံးယောက် တစ်ညပြီး တစ်ည ဆက်တိုက်သေသည့်အကြောင်း ထင်ကြေးနှင့် ပြောနေကြသည်ကို ထိုင်နားထောင်ရင်း အချိန်ဖြုန်းနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် အမှောင်ထုသန်းလာသည်။ ကိုထွန်းဆင့်အိမ်သို့ ကြက်အိုး၊ ထမင်းအိုးတို့ ရောက်လာသည်။

ငှက်ပျောရွက်များ ခုတ်ခိုင်းပြီး အချို့ကို တောင်းတစ်လုံးထဲ ခင်း၍ ထမင်းအားလုံး လောင်းထည့်ခိုင်းလိုက်သည်။

ညခုနစ်နာရီခွဲသည်နှင့် နေ့ခင်းက လိုက်မည်ဟုဆိုသော ကိုသိန်း၊ ကိုတင်မောင်၊ ကိုထွန်းဆင့်တို့သုံးယောက်နှင့် ... ဒေါ်အေးကြွယ်တို့လည်း ကျော်သိုက်နောက်မှ ထမင်းတောင်း၊ ဟင်းအိုးသယ်ပြီး လိုက်လာကြသည်။

ကျောင်းစုရွာသင်္ချိုင်းသို့ ရွာမှ ငါးမိနစ်ခန့် လျှောက်လိုက်သည်နှင့် ရောက်သွားသည်။

သင်္ချိုင်းထဲရောက်တော့ ဂူတစ်လုံး၏ မျက်နှာပြင်ကို သန့်ရှင်း၍ ငှက်ပျောရွက်သုံးရွက်ကို ဖြန့်ခင်းလိုက်သည်။

ထိုအပေါ်မှာ ထမင်းများပုံကာ ဟင်းအားလုံးအပေါ်မှ လောင်းချလိုက်သည်။ ရေပုလင်းထဲမှ သောက်ရေကို ဖလားထဲလောင်းထည့်လိုက်သည်။

အားလုံးစီစဉ်ပြီးသည်နှင့် ဒေါ်အေးကြွယ်အား ဆံပင်ဖြန့်ချခိုင်းပြီး ဂူဘေးမှာ လက်အုပ်ချီ၍ ထိုင်ခိုင်းထားသည်။

“အဒေါ် ... စိတ်ကိုလျှော့ပြီး၊ မဖဲဝါဆီ စိတ်ညွှတ်ထားပါ၊





ကျွန်တော် ... မဖဲဝါကို ပင့်တော့မယ်၊

ကိုထွန်းတို့က ကျွန်တော့်နောက် နည်းနည်းခွာပြီး ရပ်နေကြပါ”

အားလုံး စီစဉ် နေရာချပြီးသည်နှင့် မဖဲဝါကို ပင့်တော့သည်။

“အရှေ့နေထွက် အနောက်နေဝင် တောင်တံငါ့ကွန် မြောက်ရူဝံအတွင်းမှာ မဖဲဝါ ရှိသည်ဆိုပါက ဤနေရာ ဤဌာနသို့ အစားအစာများ စားသောက်ရန် ကြွလှမ်းခဲ့ပါခင်ဗျာ၊

မဖဲဝါ ... အခက်အခဲများလည်း ကူညီဖြေရှင်းပေးပါရန် အားကိုးသမှုနှင့် ပင့်ဖိတ်ပါသည်။ ရောက်ရာအရပ် ရှိသည့်နေရာမှ ဤနေရာ ဤဌာနသို့ ပြန်မကြာ ကြွရောက်လှည့်ပါ မဖဲဝါခင်ဗျာ၊

တောပိုင်နတ် တောင်ပိုင်နတ်များကလည်း မဖဲဝါရှိသည့် အရပ်မှ အသိပေး စေလွှတ်ပေးတော်မူပါ”

“ဝေါ ... ဝေါ ... ဝေါ ...”

သိသာထင်ရှားစွာပင် ... သင်္ချိုင်းအတွင်းရှိ သစ်ပင်များ ချုံပုတ်များ လေထိုးလိုက်သလို လှုပ်ရှားသွားသည်။

ဒေါ်အေးကြွယ်၏ ခြေလက်များ ကွေးကောက်လာကာ ... ရုတ်တရက် ဂူပေါ်ခုန်တက်ပြီး ထမင်းပုံကို ခွထိုင်၍ အားရပါးရ စားသောက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်အရိုးများကို ကိုက်ဝါးသံကပင် တကျွတ်ကျွတ်ကြားနေရသည်။ အရိုးများကို ထွေးထုတ်ပစ်ခြင်း မရှိ တစ်လုတ်ပြီးတစ်လုတ် စားနေသည်။

"ဘာကိစ္စလဲ ... ပြောစမ်း"

"ဒီလိုပါ အမေမဖဲဝါ ... ကျောင်းစုရွာမှ လွန်ခဲ့တဲ့ သုံးရက်က ရွာထိပ်မှာ သတ်ပေတဲ့ သက်ဟအော်သံတွေကြားပြီး ညကိုးနာရီလောက်ရောက်တော့ အော်ဟစ်နေတဲ့ အသံရှင်တွေ ရွာထဲဝင်ပြီး ကလေးတွေကို တစ်ညတစ်ယောက် သတ်ပစ်နေပါတယ်၊

ဘယ်သူတွေသတ်တာလဲ၊ ကလေးတွေကိုမှ ဘာကြောင့် သတ်တာလဲ ... သိချင်လို့ပါ၊ အမေမဖဲဝါ ကာကွယ်ပေးနိုင်ရင် ကာကွယ်ပေးပါ"

"အေး ... တစ်ဦးတည်း တစ်ကောင်တည်းဆိုရင်တော့ ငါ ... ကာကွယ်ပေးနိုင်တာပေါ့၊ အခု ... အုတ်လိုက်သင်းလိုက် ဖြစ်နေတာ ငါကာကွယ်လို့ မရဘူးဟဲ့၊

အဲဒီကောင်တွေ ရှေ့ဆက်တိုးမလာအောင် ဒီရွာသားတွေပဲ လုပ်ရမှာ"

"ဟုတ်ကဲ့"

"ကျောင်းစုရွာအနောက်ဘက်၊ ကိုင်းကြီးတန်းတောမှာ





စားကျက်ကွင်းကြီး ရှိတယ်မဟုတ်လား"

နောက်က ကိုထွန်းဆင့်တို့ဆီမှ အသံထွက်လာသည်။

"ဟုတ်ကဲ့ ရှိပါတယ်"

"အေး ... တောကြီးတန်းကွင်းလို့လည်း ခေါ်တယ်မဟုတ်လား ... အဲဒါ ရှေးအစဉ်အဆက် ကျတ်တွေပိုင်တဲ့မြေပဲ ... ကျတ်ကုန်းပေါ့၊ ဒီရွာက ရှေးလူကြီး အဆက်ဆက်သိခဲ့တယ်၊

အခုထိလည်း ကျတ်တွေနဲ့ လူတွေ ဆက်သွယ်မှုရှိနေတုန်းပဲ မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ကျတ်တွေကို သီးစားခပေးထားတဲ့ လှည်းဝါးစီးလုံး ... ကစားပြီး ဖျက်ဆီးခဲ့ကြတယ်၊ ကျတ်တွေနေတဲ့ တွင်းထဲကို တုတ်တွေနဲ့ ထိုးထည့်လို့ မသွားမလာနိုင်တဲ့ ကျတ်ကလေးတွေ ကျတ်အဘိုးအဘွားတွေ အချို့ထိခိုက်ဒဏ်ရာရကုန်ပြီ အချို့သေကုန်တယ်၊

ကျတ်တွင်းတွေထဲကိုလည်း သေးနဲ့ပန်းခဲ့ကြတယ်။ အဲဒီအချိန် စိတ်ထက်တဲ့ကျတ်တွေက အပြင်ထွက်ပြီး အစာရှာဖွေနေလို့ ဂလေးတွေ ချက်ချင်းမသေတာ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြန်ရောက်တော့ ကျတ်ကုန်းတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားလို့ ကျတ်တွေ စိတ်ဆိုးပြီး ကလေးတွေကို သတ်မလို့ လိုက်လာတာပဲ၊

အဲဒီ ကျတ်ကုန်းရှိတဲ့နေရာကိုမှန်းပြီး ဒီက ပြန်ပြန်ချင်း တောင်းပန်လိုက် ... မနက်ဖြန် အုန်း၊ ငှက်ပျောသုံးဖီး ပွဲတစ်ပွဲ၊ အမဲကလီစာ ဟင်းတစ်အိုး၊ ထမင်းတစ်အိုး၊ ရေတစ်အိုးနဲ့၊ လာ တောင်းပန်ပါ့မယ် ကလေးအမိုက်အမဲလေးတွေမို့ ခွင့်လွှတ်ပေးပါလို့ တောင်းပန်လိုက်၊

ငှက်ပျောဖက်ကိုသင် တစ်ပန်းကန်အရွယ် ဖက်တစ်ရာ့ တစ်ဆယ်ယူပြီး အဲဒီထဲက ငှက်ပျောဖက် ခုနစ်ဖက်ယူခင်း ... ထမင်းတစ်ဇွန်း၊ ဟင်းတစ်ဇွန်း၊ ရေတစ်ခွက်နဲ့ ... အားလုံး ခုနစ်ခုပြည့်အောင်လုပ် သူတို့ဖျက်ဆီးပစ်တဲ့ လှည်းငါးစီး အသစ်ယူသွား။

ငှက်ပျောဖက်ကြီးတွေခင်း ဟင်းတွေ ထမင်းတွေ တစ်ပုံစီပုံ ရေတစ်အိုးထားပေး၊ ကျန်တဲ့ကျတ်တွေကို လိုသလောက်ယူပြီး သုံးဆောင်ပါလို့ပြော၊

တောင်းပန်ပြောဆိုပြီးတာနဲ့ ပြန်ခဲ့ကြ၊ ဒီကကြိုပြီး လှမ်း တောင်းပန်ထားရင် ဒီည မင်းတို့ရွာကို ဝင်လာမှာ မဟုတ်ဘူး၊





ငါကလည်း ကြိုပြီးအသိပေးထားမယ်၊ ကဲ ... လုပ်စရာ ရှိတာ သွားလုပ်ကြတော့ ငါလည်း ပြန်တော့မယ်"

အမေမဖဲဝါက ပြောအပြီး ပလားထဲကရေကို အကုန်မော့ သောက်ကာ ဒေါ်အေးကြွယ်၏ ခန္ဓာကိုယ်မှ ထွက်သွားတော့သည်။

ထိုအခါ ဒေါ်အေးကြွယ်လည်း ဂူပေါ်မှာ ပျော့ခွေ၍ လဲကျ သွားသည်။

ကျော်သိုက်လည်း ဒေါ်အေးကြွယ် သတိရအောင် ပြုစု ပေးလိုက်သည်။ ခဏမကြာခင်မှာပင် ဒေါ်အေးကြွယ် သတိပြန်ရ လာသည်။

အားလုံး သချိုင်းအတွင်းမှ ပြန်ခဲ့သည်။

"ကဲ ... အားလုံးကြားတယ်မဟုတ်လား၊ အခု ကျတ်ကုန်း ရှိတဲ့နေရာကို မှန်းပြီး ဒီကနေ လှမ်းတောင်းပန်ရမယ်၊ ကျတ်ကုန်း ရှိတဲ့နေရာကို သိလား"

"ဟာ ... သိတာပေါ့၊ လာ ... ဆရာလေး ကျတ်ကုန်းက ရွာအရှေ့ဘက်ကျကျမှာရှိတယ် .. အဲဒီဘက်ကို လျှောက်လိုက် ရအောင်"

"အဲဒီဘက်အထိ လျှောက်စရာမလိုပါဘူး၊ ကျတ်ကုန်းရှိတဲ့ ဘက်ကိုပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေဆို ဟိုဘက်မှာ ကျွတ်ကုန်းရှိတဲ့ အရပ်ပဲဆရာလေး၊ ဟိုဘက်တည့်တည့်ပဲဆရာလေး"

ဦးသိန်းက လက်ညှိုးညွှန်လိုက်သည်နှင့် ရွာထဲမဝင်သေးဘဲ ရွာစပ်မှာရပ်ကာ ဦးသိန်း ညွှန်သည့်ဘက်ကို မျက်နှာမူ၍ ရပ်ပြီး၊

"ကျွတ်ကုန်းအတွင်းမှာ နေထိုင်ကြတဲ့ ကျွတ်အပေါင်းတို့ ကလေးများ မသိ၍ မိုက်မှားခဲ့ပါသည်။

တစ်ကြိမ်တစ်ခါဖြစ်၍ ခွင့်လွှတ်ပေးပါ ... ကလေးသုံးယောက်ကို ဒေါသအလျောက် ကလဲ့စားချေပြီးပြီလို့ သဘောထားပြီး ကျေနပ်ကြပါ၊

မနက်ဖြန်ညနေ ... ငှက်ပျောတစ်ပွဲ၊ အမဲကလီစာဟင်း ထမင်းတို့နဲ့ လာရောက်ကျွေးမွေးမည်ဟု ကတိပေးပါသည်၊ ကလေးများအဖြစ်ကို ခွင့်လွှတ်ပေးပါ"

အသံကျယ်ကျယ်နှင့် ကျော်သိုက်တောင်းပန်စကား ဆိုလိုက်သည်။

"အဲဒီလိုပြောလို့ သူတို့ကြားပါ့မလား ဆရာလေး"

"ကျွတ်တွေက ကမ္ဘဇဒ္ဓိတန်ခိုးရှိတဲ့ ပရဘုံသားတွေပါ ... သူတို့ကို အခုလိုပြောတာ ကြားပါတယ်။ အမေမဖဲဝါကလည်း မနက်ဖြန် လာတောင်းပန်မ႔ အကြောင်း အသိပေးပြီးလောက်ပါပြီ၊





စိုးရိမ်မနေပါနဲ့၊ ကျွန်တော်တို့ ပြန်ကြရအောင်"

ရွာပြန်ရောက်တော့ ရှစ်နာရီခွဲပြီးပြီ၊ မကြာခင် ကိုးနာရီ ထိုးတော့မည်။ ရွာသားတွေ မယုံမရဲနှင့် စောင့်ပြီး နားစွင့်နေကြသည်။

ကိုကျော်သိုက်တို့အုပ်စု ရာအိမ်မှူးအိမ်သို့ ပြန်ရောက်လာကြသည်။ ကိုထွန်းဆင့်က သူ့အိမ်မှာ ထိုင်စောင့်နေသော ရွာသူရွာသားတို့အား ...

"တို့ရွာထဲကိုဝင်တာ ... ကျွတ်တဇွေတွေတဲ့"

"ဟယ် ... ဟုတ်လား၊ ကျွတ်တွေစိတ်ဆိုးအောင် ... ဒီကလေးတွေ ဘာတွေလျှောက်လုပ်ခဲ့လို့လဲ"

"ပြောမပြောချင်တော့ပါဘူး ဒေါ်ညွှန့်ရာ။ ဒေါ်ညွှန့်မြေးတွေ ဦးကျော်ညွှန့်တို့၊ ကိုသိန်းဖေတို့ ... သီးစားသွားပို့ထားတဲ့ လှည်းတွေကို ကစားပြီး ဖျက်ဆီးခဲ့တယ်တဲ့၊

ပြီးတော့ ကျွတ်တွင်းတွေထဲ တုတ်တွေနဲ့ထိုး၊ သေးတွေ ပန်းထည့် သောင်းကျန်းချင်တိုင်း သောင်းကျန်ခဲ့တာ"

"ကျွတ်တွင်း ... ကျွတ်တွင်း ... ဟုတ်လား။ ဒီကလေးတွေက ကျွတ်တွင်းဆိုတာ သိလို့လား။ ငါတို့တောင် အသက်ကြောက်ဆယ်ပြည့်တော့မယ်။ ကျွတ်တွင်း မမြင်ဘူးသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျော်သိုက်လည်း စိတ်ဝင်စားနေသော ရွာသားတို့အား ကျုတ်တစ္ဆေအကြောင်း ရှင်းပြလိုက်သည်။

"ကျုတ်တွေက တန်ခိုးရှိတယ်။ အပြင်လောကနဲ့ ဆက်ဆံရင် လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ တစ္ဆေသရဲဖြစ်ဖြစ် လိုသလို ဖန်ဆင်းနိုင်တယ်၊

သူတို့နေရာမှာ နေထိုင်တဲ့အခါ ချတောင်ပို့လိုလို၊ ကုန်းဂမူမှာလည်း ကိုယ့်အခန်း ကိုယ့်အိမ်ဖွဲ့ပြီး နေထိုင်တတ်ကြတယ်၊

ဒါမှမဟုတ် ... မြေကြီးမျက်နှာပြင်ကို ပြောင်နေအောင် လုပ်ပြီး တွင်းပိုင်းပိုင်းလေးတွေဖောက် .. အတွင်းမှာ လှိုဏ်ဂူသဖွယ် လုပ်ပြီး နေကြတယ်၊

ကြွက်ဖလောင်းတွင်း၊ ပုရစ်တွင်းဝလောက်ပဲ အဝရှိတတ်တယ်၊

အဲဒီလို ... ကျင်းအောင်းပြီးနေတဲ့အခါ ပုတ်သင်လိုလို၊ ကင်းလိပ်ချောလိုလို၊ အိမ်မြှောင်လေးတွေလိုလို အကောင်လေးတွေ အဖြစ် ပြောင်းပြီး နေကြတယ်၊

ဒါကြောင့် တောခေါင်ခေါင်မှာ အမှိုက်မရှိဘဲ ပြောင်ရှင်းတဲ့နေရာ တွေ့ရင် သတိထား၊ ပိုင်းစက်နေတဲ့ အပေါက်လေးတွေတွေ့ရင် ပိုပြီးသတိထားရမယ် . ကျုတ်တွင်းတွေပဲ"





"အင်း ... ဆရာလေးပြောလို့ ပြောရဦးမယ်။ ဦးတို့အဖေ မသေခင်က ပြောဖူးတယ်။ အဖေတို့ သူငယ်ချင်းတစ်စု ရွာအသုဘ တစ်ခုမှာ ဖဲကစားကြတယ်။ ဖဲဝိုင်းမှာ ပိုက်ဆံရှိတဲ့လူက နိုင်ကိုင် တာပေါ့၊

အဲဒီမှာ အခြားရွာက၊ လူတစ်ယောက်က သူနိုင်ကိုင်မယ် ဆိုပြီး သူလွယ်ထားတဲ့လွယ်အိတ်ထဲမှာပါလာတဲ့ ပိုက်ဆံတွေ ဖွင့်ပြ တယ်တဲ့၊

အဲဒီလူ နိုင်ကိုင်တဲ့အချိန် အဖေတို့အုပ်စုက ထိုးသားတွေ တက်တက်ကြွကြွနဲ့ ဖဲဝိုင်းရိုက်ကြတာပေါ့၊ ထိုးသားတွေကနိုင် တစ်ရွာသားနိုင်က ဘယ်လောက်ပဲရှုံးရှုံး အပြုံးမပျက်ဘဲ လွယ်အိတ် ထဲက ထုတ်ထုတ်ပြီး ဈော်တာ၊

နောက်နေ့ မိုးလင်းကာနီးတော့ လွယ်အိတ်ထဲပါလာသမျှ ပိုက်ဆံတွေ ကုန်သွားတာနဲ့ နိုင်ရပ်ပြီး ထွက်သွားတယ်၊

အဖေတို့အဖွဲ့က နိုင်ဈော်လို့ သိပ်ပျော်နေတာပေါ့ ... တစ်ယောက်တစ်ယောက် အတော်နိုင်ကြတယ်ဆိုပဲ၊

မနက်လည်းလင်းရော အဲဒီ နိုင်ထားတဲ့ ပိုက်ဆံတွေက သတင်းစာစက္ကူတွေ၊ သစ်ရွက်တွေ ဖြစ်နေတယ်တဲ့"

"ဟုတ်တယ် ... တို့အဖေနဲ့အမေလည်း ပြောဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် အဲဒါတင်ပဲလား၊ တို့ရွာမှာ တပေါင်းလပြည့်ဆို ရွာဦးဘုရားပွဲ ဖြစ်တယ်မဟုတ်လား၊

အဖေအမေတို့ ငယ်ငယ်တုန်းက ဘုရားပွဲကို ကျွဲတွေ အတော်များများ လာကြည့်တယ်တဲ့။ ပွဲဈေးတန်းမှာလည်း တိုးဝှေ့ဝယ်စားတယ်တဲ့၊

ညဘက်မှာတော့ သူလိုကိုယ်လို လူတွေ ရွာသားတွေပဲပေါ့။ မနက်မိုးလင်းတော့မှ ဇာတ်ရုံက လူတွေရော၊ ဈေးသည်တွေရော၊ ကျွဲတွေကြောင့် အချို့ဈေးသည်တွေ အရှုံးပေါ်တယ်တဲ့"

"ဘယ်လိုကြောင့် အရှုံးပေါ်တာလဲ"

"စားကောင်းတဲ့ မုန့်ဆိုင်ဆို မနက်လင်းရင် ပိုက်ဆံက တစ်ဝက် သစ်ရွက်နဲ့စက္ကူကတစ်ဝက်တဲ့၊

ဇာတ်ရုံကလည်း ဗလာပွဲပေမဲ့ အလှူငွေရအောင် ဖျာရောင်းတယ်။ သူတို့က ဖျာကိုလည်း စက္ကူတွေ သစ်ရွက်တွေနဲ့ ဝယ်ကြတာ၊ ဝယ်တုန်းကတော့ တကယ့်ပိုက်ဆံပေါ့ … မနက်လင်းမှ ပြောင်းကုန်တာ"

"အခုနောက်ပိုင်း ကျွဲတွေရှိတုန်းဆိုရင် ဘာကြောင့် အဲဒီလို စက္ကူတွေနဲ့ လာမဝယ်တော့တာလဲ"

"သူတို့ရှိနေတာ လူတွေ မသိစေချင်တော့လို့လား၊ ပိုက်ဆံ





တကယ့်အစစ်တွေနဲ့ ဝယ်နေတာလား။ ဒါမှမဟုတ် သူတို့တန်ခိုးနဲ့ ယူစားနေလား။ ဘယ်သိနိုင်မလဲ"

"သူတို့က တန်ခိုးရှိတာ ဒီအတိုင်း ယူစားလည်း ရတာပဲ။ ရှေးခေတ်အခါတုန်းက ပျော်စေပျက်စေ လုပ်တာလည်း ဖြစ်နိုင်တာပဲ၊ သူတို့လုပ်တာ မသင့်တော်လို့ သူတို့ကို အုပ်ချုပ်တဲ့သူက တားကြိုး လိုက်တာလည်း ဖြစ်နိုင်တာပဲ၊

အခု ဦးကျော်ညွန့်၊ ဦးသိန်းဖေ၊ ဦးသောင်းတို့ဆိုရင် ကျွဲကုန်းနဲ့ မလွတ်တဲ့မြေကို တောင်းပြီး လယ်လုပ်တာ၊ နှစ်စဉ် စပါးပေါ်တာနဲ့ လှည်းတစ်စီး စပါးတင်းအစိတ်သွားပို့ပေးနေရတုန်းပဲ မဟုတ်လား၊

ပို့နေကျရက်ထက် နောက်ကျရင် အိပ်မက် လာပေးတယ်တဲ့။ နှစ်စဉ် ကျွဲကုန်းမြေနဲ့ ထိစပ်နေတဲ့ လယ်သမားငါးဦးက လှည်းငါးစီး စပါးရောင်းပြီးတာနဲ့ အဲဒီကျွဲကုန်းမှာ သီးစားခ သွားပို့ရတယ်"

"ဒါနဲ့ … မရှင်းလို့မေးပါရစေ၊ သီးစားခဆိုတာတော့ သဘောပေါက်ပါတယ်။ လှည်းတစ်စီးနဲ့ စပါးတင်းအစိတ်ဆိုတာ ဒီအတိုင်းသွားထားရင် မသမာသူတွေ လာမယူကြဘူးလား"

"ဆရာလေးကလည်း တကယ့်လှည်းနဲ့ နွားနဲ့ စပါးတင်း



www.burmeseclassic.com

www.burmeseclassic.com



အစိတ် (၂၅ တင်း)တော့ ဘယ်ဟုတ်ပါ့မလဲ၊

ကလေးကစားတဲ့အရွယ် ရွှံ့နဲ့လုပ်တဲ့ နွားရုပ်နှစ်ကောင်တပ် ဝါးနဲ့လုပ်ထားတဲ့ လှည်းလေးပေါ် ဂုန်နီအိတ်သေးသေးလေးတွေ ဆယ့်သုံးအိတ်လုပ်၊ အဲဒီအိတ်လေးတွေထဲ စပါးအပြည့်ထည့် နီးနဲ့စည်း လှည်းပေါ်တင်ပြီး သွားပို့ရတယ်။

သီးစားခလာပေးတာ လို့ပြောပြီး၊ လာမယ့်နှစ်ကိုလည်း ဆက်ပြီးလုပ်ပါ့မယ်။ အသီးအနှံ ထွက်အောင် ပိုးမွှားအန္တရာယ် ကင်းရှင်းအောင် စောင့်ရှောက်ပေးပါ။ ရှေ့နှစ် စပါးပေါ်ရင် သီးစားခ လာပေးပါ့မယ်လို့ လယ်ဆက်လုပ်ခွင့် ကို ကြိုတောင်းခဲ့ရတယ်၊

ဦးတို့ လယ်သမားတွေက ဂုန်နီအိတ်တစ်လုံးကို စပါးနှစ်တင်း တိတိ ခြင်ထည့်ကြတယ်။ လှည်းတစ်စီးကို တင်းအစိတ်ပဲ တင်ကြ တယ်။ ဆယ့်နှစ်အိတ်ဆို (၂၄)တင်း ကျန်တစ်အိတ်ကိုလည်း အပြည့်ထည့်ပေးလိုက်တာပေ့ါ၊

ပိုပိုသာသာ ပေးလိုက်တယ်ဆိုတဲ့သဘော ဆယ့်သုံးအိတ် အပြည့်ထည့်ပြီး ကျတ်ကုန်းမှာ သွားချပေးထားတာ၊

အဲဒီနွားလှည်းငါးစီးကို ကလေးတွေ တွေ့သွားလို့ ကစားပြီး ဖျက်ဆီးခဲ့ကြတာ"

"လှည်းလေးတွေ ကျတ်ကုန်းမှာ သွားထားတာ ကလေးတွေ





မသိကြဘူးလား"

"မသိကြဘူး ... ဆရာလေး၊ ကိုင်းတောကြီးထဲမှာလည်း ဖြစ်၊ ဘယ်ကလေးမှလည်း ကိုင်းတောထဲ ပေါက်ပေါက်ရှာရှာ မသွားတတ်ကြတော့ ကျတ်ကုန်းနေရာကို မသိသာသလို လူကြီး တွေကလည်း သတိမပေးဖြစ်ဘူး၊

ဒီနှစ် နွားကျောင်းရင်း သူတို့ကျောင်းတဲ့နွား ကိုင်းတောထဲ ဝင်တာ လိုက်ရင်း ကျတ်ကုန်းကို တွေ့သွားပါလိမ့်မယ်၊

ကလေးဆိုတာ စူးစမ်းချင်စိတ် ရှိတာရယ်၊ ဘာမြင်မြင် ကစားချင်တဲ့စိတ်တွေကြောင့် သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး သွား ကစားရင်း ဖျက်ဆီးမိကုန်တာ ဖြစ်နိုင်တယ်"

"ဟုတ်တယ် ... တစ်ယောက်ကတွေ့ပြီး အားလုံးစုပေါင်း ရောက်သွားကြတာပဲဖြစ်မယ်"

"ကလေးတွေက ကစားမိတာ ဒီလောက်အထိ ဖြစ်သွား ရလား"

"ဒေါ်ကြီးက ... ကိုသိန်း ပြောပြတာ မကြားလိုက်ဘူးလား။ ကျတ်ကလေးတွေ ကျတ်အဘိုးအဘွားတွေ တုတ်တွေနဲ့ ထိုးမိလို့ သာကုန်တယ်တဲ့"

"အော် ... ဒါကြောင့် ကလေးတွေကို လာသတ်ကြတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့၊ စကားကောင်းနေလိုက်တာ ... ဘယ်နှစ်နာရီ ရှိသွားပြီလဲ"

"ဟာ ... ဆယ်နာရီ ထိုးတော့မယ်"

"ဆရာလေး ရွာထဲမှာ တိတ်ဆိတ်လို့ပါလား"

"ကျွန်တော် ပြောပါတယ်။ မဖဲဝါက ဒီကိစ္စတွေကို အကူအညီ ပေးနိုင်တယ်လို့ ... မဖဲဝါကြောင့် ကျတ်တွေ ရွာထဲဝင်တာလည်း သိရပြီး ဒီညရွာထဲ မဝင်အောင်လည်း တောင်းပန်ထားနိုင်ခဲ့ပြီ မဟုတ်လား"

"ဆရာလေးနဲ့ မဖဲဝါကို ကျေးဇူးတင်လိုက်တာ"

"ကျေးဇူးတင်နေလို့ မပြီးဘူး။ မနက်ဖြန် အမဲကလီစာ ငါးပိသသာလောက်ရှာပြီး ချက်ရမယ်နော်၊

လှည်းငါးစီး ... မနက်ဖြန် ပြီးနိုင်ပါ့မလား"

"ပြီးအောင် ကျွန်တော်တို့ လုပ်တတ်တဲ့လူတွေ စုပြီး ဝိုင်းလုပ်ကြမယ် ... ဆရာလေး"

"နောက်ကို ကလေးတွေအားလုံးကို အန္တရာယ်ရှိတဲ့နေရာကို မသွားဖို့ သတိပေးထားကြပေါ့"

"ကဲ ... ကဲ ... စကားဖြတ်ပြီး မနက်ဖြန်အတွက် တိုင်ပင်ပြီး အစီစဉ်ဆွဲကြရအောင်"





ရာအိမ်မှူး ကိုထွန်းဆင့်က ဆော်အောလိုက်သဖြင့် ကျတ်များအကြောင်း ပြောခြင်းကို ရပ်ပြီး မနက်ဖြန် ဈေးဝယ်ရန် ချက်ပြုတ်ရန် ကျတ်အစာကျွေးရန်ကိစ္စတို့ကို ပြောဆိုတိုင်ပင်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# သရဲမရဲ့ အချစ်

ကိုလှဝင်းတို့ ကျောင်းနေဖက်သူငယ်ချင်းများ ကျောင်းပြီးသည့်နောက်ပိုင်း လမ်းတံတားတာဝန်ဖြင့် အနယ်နယ်အရပ်ရပ်သို့ ရောက်ခဲ့သည်။

ထိုအချိန်မှစ၍ သူငယ်ချင်းများ မဆုံဖြစ်ကြတော့ ကိုလှဝင်းက (S.A.E) ရာထူးနှင့် ပဲခူးတိုင်းအတွင်းမှာပင် တာဝန်ကျရာ နေရာအသီးသီးသို့ လှည့်လည်၍ တာဝန်ထမ်းဆောင်ခဲ့ရသည်။

လွန်ခဲ့သောနှစ်က ပိန်းဇလုပ်မှာ တာဝန်ကျခဲ့သည်။ ထိုမြို့မှာ တာဝန်ထမ်းဆောင်ပြီး နှစ်ကုန်ကာနီးမှ ယခုတာဝန်ကျရာ ပြွန်တန်ဆာမြို့အဝင် ရဲနွယ်ချောင်းကူးတံတား တည်ဆောက်ရေးမှာ တာဝန်ကျခဲ့သည်။





ယခုနှစ် ကျောင်းနေဖက်သူငယ်ချင်းများ လာဆုံချိန်ဟုပြော၍ရသည်။ သောင်းညွန့်က ဒိုက်ဦးမြို့နယ်မှာ တာဝန်ကျပြီး စောနောင်နှင့် ခင်မောင်တင့်တို့က ညောင်လေးပင်မြောက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းမှာ တစ်ယောက်စီ တာဝန်ကျသည်။

တနင်္ဂနွေရောက်လျှင် အားလုံးလူပျိုလူလွတ် ကိုလှဝင်းထံမှာ ဆုံကြသည်။

ကိုလှဝင်းအထက်မှာ ... အမျိုးသမီးအင်ဂျင်နီယာ(AE) တစ်ယောက်သာရှိသည်။

ကိုလှဝင်းက တာဝန်ခံ အင်ဂျင်နီယာဖြစ်၍ လုပ်ငန်းကို အချိန်ပြည့် တာဝန်ယူ ကြီးကြပ်ပေးရသည်။

အင်ဂျင်နီယာမှူးက အချိန်ပိုင်း လာရောက်ကြီးကြပ်သည်။ လိုအပ်သမျှ ဖြည့်တင်းပေးသည်။ ညွှန်ကြားသည်။

လုပ်ငန်းမှာ လိုအပ်သမျှ စီစဉ်ပေးပြီး အခြားလုပ်ငန်းရှိရာသို့ ပြန်သွားတတ်သည်။ သူ့လက်အောက်မှာ လုပ်ငန်းခွဲ သုံးခုရှိသည်။ ထိုလုပ်ငန်းများကို လှည့်လည်စစ်ဆေး ညွှန်ကြားသည်။

လက်ထောက်အင်ဂျင်နီယာ ကိုလှဝင်းက အလုပ်သမားပေါင်းစုံကို တာဝန်ယူ ကွပ်ကဲစီမံရသည်။

ရဲနွယ်ချောင်းက မိုးတွင်းသာ ရေအပြည့်ရှိပြီး နွေခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရေက ဒူးခေါင်းပေါင်လယ်ခန့်မျှသာရှိ၍ တံတားတည်ဆောက်ရာ အခက်အခဲ လွန်စွာမရှိဘဲ၊ သက်သာစွာ လုပ်ကိုင်နိုင်သည်။

ကိုလှဝင်းက ညနေအလုပ်သိမ်းတော့ သူတို့ငှားရမ်းနေထိုင်သည့် အိမ်ကြီးသို့ အတူနေ အလုပ်သမားလေးယောက်နှင့်အတူ ပြန်ခဲ့ကြသည်။

သံတံတားရှာ၊ အစွန်ကျသောနေရာရှိ တိုက်ခံနှစ်ထပ်အိမ်ကြီးမှာ လူမရှိသည့်အတွက် ကိုလှဝင်းနှင့်အတူ အလုပ်သမားလူငယ်လေးယောက်တို့ အတူနေထိုင်ရန် သဘောတူပြီး ငှားခဲ့သည်။

အောက်ထပ်မှာ အလုပ်သမားသုံးယောက် နေထိုင်ပြီး အပေါ်မှာ အလုပ်ကြပ်တင်မောင်နှင့် ကိုလှဝင်းတို့ တစ်ခန်းစီ နေကြသည်။

ကိုလှဝင်းက ခေါင်းရင်းခန်းမှာ နေသည်။ ယခင်အိမ်ရှင်က အပေါ်ထပ်နှစ်ခန်းလုံး ကုတင်များ ထားပေးသဖြင့် ကိုလှဝင်းနှင့် တင်မောင်တို့ ကုတင်ကိုယ်စီနှင့် အခန့်သင့် ဖြစ်ခဲ့သည်။

ကိုလှဝင်းက ပညာနှင့် ရာထူးအရ အလုပ်ခွင်မှာ ဦးတပ်၍ ခေါ်ကြသည်။ သူ့အသက်က သုံးဆယ့်သုံးနှစ်သာ ရှိသေးသည်။ အိမ်ထောင်မရှိသူ လူပျိုဖြစ်သည်။

အလုပ်ကြပ်တင်မောင်က အသက်သုံးဆယ်သာ ရှိသေးသော်လည်း ကလေးတစ်ယောက်အဖေဖြစ်သည်၊ သူက ရွှေကျင်သား





ဖြစ်သည်။

အလုပ်နားသော စနေညနေပိုင်း မဒေါက်ရထားစီးပြီး ပြန်သွားလေ့ရှိသည်။ တနင်္ဂနွေနေ့ ညနေပိုင်းမှ ပြန်ရောက်လာသည်။ အိမ်ငှားနေကြပေမဲ့ သူတို့တစ်ယောက်မှာ ထမင်းချက်မစား။

တံတားထိပ်မှာ ထမင်းဆိုင်များစွာရှိသည်။ အလုပ်သိမ်းသည်နှင့် ရေချိုးရန် အိမ်ပြန်ကြသည်။ ပြီးမှ အဝတ်အစားလဲကာ ထမင်းထွက်စားကြသည်။

ကိုလှဝင်းက နားရက် တနင်္ဂနွေနေ့မှာ သူငယ်ချင်းမိတ်ဆွေများကို ချိန်းပြီး ချက်စားတတ်ကြသည်။ ဘီယာသောက်ပြီး စကြနောက်ကြ အချိန်ဖြုန်းကြသည်။

ကိုလှဝင်းတို့ ငှားနေသော အိမ်ကြီးက အပေါ်ပိုင်းကို ဝါးထရံကာထားပြီး ရေနံအဝသုတ်ထားသည်။ အနည်းဆုံး ဆယ်နှစ်ဝန်းကျင်ခန့် ရှိပြီဟု မှန်းရသည်။ ရေနံဝနေသည့် ဝါးထရံများက အခိုင်အခန့် ရှိနေသည်။

အောက်ထပ်က အုတ်ပတ်လည်စီ တိုက်ခံဖြစ်သည်။ ခြံကြီးက အကျယ်ပေငါးဆယ်၊ ရှေ့နောက် ပေတစ်ရာ ရှိသည်ဟု သိရသည်။ အိမ်ကလည်း လေးပင်အိမ်ဖြစ်၍ ကျယ်လွန်းလှသည်။

တနင်္ဂနွေနေ့ဆိုလျှင် သူငယ်ချင်းအရာရှိများ ကိုလှဝင်းရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လာစုကာ၊ လူပျိုလူလွတ်တို့ သဘာဝအတိုင်း ဝိုင်းဖွဲ့ကာ စားကြသောက်ကြ ပျော်ပါးကြနှင့် ဆူညံစည်ကားလျက်ရှိသည်။

ထိုရက်တွင် ကိုလှဝင်းအိမ်မှ အလုပ်သမားလေးများက အမြည်းအတွက် ချက်ပြုတ်ကြော်လှော် စီစဉ်ပေးကြသည်။ ရွာခံလူကြီး ဦးခိုင်စိုးလည်း မကြာမကြာ ရောက်လာသည်။

အလုပ်ကြပ် တင်မောင်က ရွှေကျင်ပြန်သွားသည့်အတွက် အလုပ်ကြပ် သိန်းဝင်းက အလုပ်သမားနှစ်ယောက်နှင့်အတူ ချက်ပြုတ်ပေးရာ ထိုနေ့အဖို့ သူတို့အလုပ်သမားသုံးယောက် ဆိုင်ထမင်းစားရန် မလိုတော့။

သိန်းဝင်းက အချက်အပြုတ်လည်း ဝါသနာပါသလို လက်ရာလည်း ကောင်းလှသည်။

ထိုသို့ ဝိုင်းဖွဲ့စားသောက်ကြရင်း ရွာခံ ရာအိမ်မှူးတစ်ယောက်ဖြစ်သည့် ဦးခိုင်စိုးက အိမ်ကြီးအကြောင်း ပြောလာသည်။

"ဒါနဲ့ ဆရာဦးလှဝင်းတို့ ဒီအိမ်ကြီးမှာ တစ်လပြည့်တော့မယ်၊ ဘာထူးခြားမှုရှိလဲ"

"ဘာကို ထူးခြားရမှာလဲ အိမ်ပဲ ... နေတယ်၊ စားတယ်၊ အိပ်တယ်လေ ... ဦးခိုင်စိုးက ဘာကိစ္စ ဆိုလိုချင်တာလဲ"

"အိမ်ဆိုတာ နေဖို့ဆိုတာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့





အိမ်တစ်အိမ်ထက်ပိုပြီး ထူးခြားတဲ့ အကြောင်းအရာ ဖြစ်သေးလားလို့ မေးတာပါ"

"အခုတော့ ဘာမှ မဖြစ်သေးဘူး။ ဒီအိမ်အကြောင်းသိထားတာရှိရင် ပြောပြစမ်းပါ"

"ဒီအိမ်က ရွာအစွန်လည်းဖြစ်ပြန်၊ သရဲခြောက်တယ်လို့လည်း သတင်းကြီးနေတာ၊ ဒီအိမ်ကို ဖရဲပွဲရုံပိုင်ရှင် လင်မယားက ပိုင်တာ၊ သူတို့ပွဲရုံတွေက ဒီရွာမှာရော ဆိုင်းဒါးမှာပါရှိတယ်၊

အိမ်ဆောက်ပြီး အိမ်မှာနေတယ် မရှိဘူး။ နွေရောမိုးပါ ဆယ်ဘီးကားကြီးနှစ်စီးနဲ့ တရုတ်ပြည်အထိ အသွားအပြန် ကုန်တွေပို့ရင်း အချိန်ကုန်နေတဲ့လူ ဖြစ်တယ်ဆရာလေး၊

ဒီအိမ်မှာ ပွဲရုံပိုင်ရှင်ရဲ့ညီမနဲ့ မိန်းမကလေးနှစ်ယောက်ပဲ ကျန်ခဲ့တယ်။ အဲဒီလူနာမည်က ကိုခက်ပန်တဲ့၊ သူက စီးပွားရေး အသည်းအခန်းရှာနေတယ်။ နောက်ပိုင်းမှာ ညီမက မိန်းမရောဂါနဲ့ သေဆုံးသွားတယ်၊

ညီမသေမှ စီးပွားရှာဟာကိုလျှော့ပြီး အိမ်မှာနေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ညီမဖြစ်သူက မကျွတ်မလွတ်ဘဲ ညတိုင်း ခြောက်နေလို့ ကလေးတွေနဲ့အတူ ဇနီးဖြစ်သူ အဘိုးကို ပြောင်းသွားကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီက ပွဲရုံနှစ်ရုံကို ရောင်းပြီး ဆယ်ဘီးကားတစ်စီးကိုလည်း ရောင်းလိုက်တယ်"

"ဒီအိမ်ကို ဘယ်သူ့ကို ရောင်းသွားလဲ"

"ဒီအိမ်က သရဲခြောက်တဲ့သတင်းကြီးနေလို့ သိတဲ့လူတွေက မဝယ်ကြဘူး။ သူတို့ကလည်း ပိုက်ဆံမလိုသေးတဲ့အတွက် အပူတပြင်းရောင်းဖို့ အစီအစဉ်မရှိဘူး။ ဒါကြောင့် ကျွန်တော့်ကို ငှားလို့ရရင်ငှား၊ ရောင်းလို့ရရင် ရောင်းဆိုပြီး အပ်သွားတာပဲ၊

ဆရာတို့ မငှားခင်က သုံးဦးကို ငှားခဲ့သေးတယ်။ ဘယ်သူမှ မမြဲဘဲ တစ်လကျော်နှစ်လအတွင်းမှာ ပြောင်းပြေးကုန်ကြတယ်။ တစ်ဦးဆို တစ်လမပြည့်ဘူး"

"ဟာ ဒါတွေ ကျွန်တော်တော့ အယူမရှိပါဘူး၊ အခုတင် တစ်လကျော်ပြီ တစ်ခါမှ သရဲအခြောက်မခံရသေးဘူး"

"သရဲရှိလည်း မကြောက်ပါဘူး၊ လူတွေက ထင်နေလို့ပါ၊

ကျွန်တော်နဲ့အတူနေတဲ့ တင်မောင်တို့၊ သိန်းဝင်းတို့၊ ကျော်မြင့်တို့ကို အခြောက်ခံရလား မေးကြည့်ပါ၊ သူတို့လည်း သရဲ မမြင်ဖူးသေးဘူး"

"အေးဗျာ ... ကျွန်တော်က အိမ်ငှားပေးထားလို့ မျက်ခုံးလှုပ်နေတာ၊ ဘာမှမ[illegible]ို့ [illegible]င်းသာပါတယ်၊ ရွာသားတွေကလည်း





ခင်ဗျားတို့ ဘာပြောမလဲ ဘာဖြစ်မလဲ စောင့်ကြည့်နေကြတာ၊ ဒီအချိန်ထိ ခင်ဗျားတို့ ဘာမှမပြော၊ ဘာမှမဖြစ်တာ သိလို့ အံ့ဩနေကြတယ်၊

ဒီအိမ်ကြီးမှာ အရင်က ငှားရမ်းနေထိုင်သွားကြတဲ့ မိသားစုသုံးစု မျက်စိပျက်၊ မျက်နှာပျက်နဲ့ ဆင်းပြေးကုန်တာပဲ။ သူတို့အားလုံးက သရဲခြောက်လွန်းလို့ မနေရဲတာနဲ့ ပြောင်းတာတဲ့၊ ဒါနဲ့ပဲ ငှားတဲ့လူ မရှိတော့သလို ကျွန်တော်ကလည်း လူရှာမတင်တော့ဘဲ ဒီအတိုင်း ထားလိုက်တယ်၊

အခု ... ဆရာတို့က အိမ်ငှားချင်တယ်၊ သရဲအယုံအကြည်မရှိဘူးဆိုလို့ ငှားဖြစ်လိုက်တာ၊ သရဲ အခုမရှိဘူးဆိုတော့ ကျွတ်လွတ်သွားတာဖြစ်မယ်"

"အမှန်က ဒီအိမ်မှာ သေသွားတဲ့ အမျိုးသမီးက အစိမ်းသေလည်း မဟုတ်ပါဘူး၊ မိန်းမရောဂါနဲ့ ဖျားနာပြီးမှ သေဆုံးသွားတာ။ ဘယ်နှယ့်ကြောင့် သရဲခြောက်တယ်ဆိုတဲ့ သတင်းဖြစ်ရလဲ မသိဘူး။ အိမ်မှာ လူမရှိလို့ အခြားကရောက်လာတဲ့ သရဲလည်း ဖြစ်နိုင်တာပဲ"

"ကျွန်တော်က ရွာခံလည်းဖြစ်၊ အိမ်ကို တာဝန်ခံထားတာဆိုတော့ ကြိုတင်သတိထားနိုင်အောင်၊ ဆရာတို့ကို အသိပေး[illegible] ဘာပဲဖြစ်ဖြစ် သရဲမခြောက်ဘူးဆိုပြီး အမှတ်တမဲ့ မနေပါနဲ့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရှိရှိနေပါ ဆရာ"

"သရဲက လင်မယားစုံတွဲဆို ဆိုးဆိုးဝါးဝါးခြောက်လှန့်သတဲ့၊ အဲဒီအတွဲက တစ်လမပြည့်ခင် ခြောက်လစာတင်ထားတာ အရှုံးခံပြီး ပြန်ပြောင်းသွားကြတာ ဆရာလေးရဲ့၊

မုဆိုးမသားအမိ မိသားစုကိုတော့ ... ခပ်ကြမ်းကြမ်း မခြောက်ဘဲ အပုပ်နံ့ပေးလိုက်၊ အမွှေးနံ့ပေးလိုက် ချိုးချိုးချွတ်ချွတ် အသံပေးလိုက် နေ့စဉ်ညစဉ် လုပ်နေလို့ ကြာရင်ခက်ရချည်ရဲ့ဆိုပြီး နှစ်လမပြည့်ခင် ပြောင်းသွားတာ၊

အခု ဆရာတို့ကို ဘာကြောင့်မခြောက်တာလဲ စဉ်းစားလို့ မရတော့ဘူး"

"အခု ... ကျွန်တော် ပြောတယ်မဟုတ်လား၊ ခင်ဗျားတို့ ပြောသလို ဟုတ်လို့ပေါ့၊ သရဲမရှိလို့ မခြောက်တာပါ၊ ကျွန်တော် ပြောတာဆိုရင် ထားပါတော့ ကောင်လေးတွေလည်း သရဲခြောက် ခံရတယ်လို့ မပြောပါဘူး၊

တစ်ခုရှိတယ် ... သရဲခြောက်တာမှန်ရင် သူများပြောတာ မယုံချင်ဘူး ကိုယ်တိုင်ကြုံဖူးချင်တယ်"

သရဲအကြောင်းပြောလိုက်၊ အရက်သောက်လိုက် အခြား အကြောင်းများဆီ ရောက်သွားလိုက် ဆူညံစွာ ရယ်မောပျော်ရွှင်ရင်း



ညအမှောင်ရောက်မှ လူစုခွဲပြီး အိမ်သို့ အသီးသီးပြန်သွားကြသည်။

အချို့ကား ညောင်လေးပင်အထိ၊ ဒိုက်ဦးအထိ ပြန်ကြရမည် ဖြစ်သော်လည်း ကိုယ်ပိုင်ကား၊ ဆိုင်ကယ်တို့ပါသဖြင့် အေးအေး ဆေးဆေး ထိုင်နေကြခြင်းဖြစ်သည်။ နှစ်ယောက်က ပြွန်တန်ဆာမြို့ ပေါ်ကဖြစ်သည်။

"ကဲ ... ကဲ ... အချိန်က ဆယ်နာရီထိုးပြီ၊ သိန်းဝင်း အိုးခွက်ပန်းကန်တွေ ထပ်ထားလိုက်၊ မနက်မှဆေးတော့ ... ဒါလည်း အပေါ်တက်တော့မယ်"

အောက်ထပ်မှာ သိန်းဝင်းတို့က ပန်းကန်များ၊ ပုလင်းများကို သိမ်းဆည်းလျက်ရှိသည်။

ကိုလှဝင်းလည်း မိမိအိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့ လေသည်။ အောက်ထပ်မှာ အိပ်နေသော သိန်းဝင်းတို့သုံးယောက် ကျန်ခဲ့သည်။

ကိုလှဝင်း အိပ်ရာဆီရောက်တော့ အိပ်ရာပြင်ထားပြီး ခြင်ထောင်ချထားသည်ကို လှမ်းမြင်လိုက်သည်။

"အင်း ... အောက်ကကောင်လေးတစ်ယောက်ယောက် ဒါတို့ စားသောက်နေတုန်း အိပ်ရာကို လာပြင်ပေးသွားတာဖြစ်မယ်"

ဇာခြင်ထောင်ဖြစ်၍ မီးရောင်ကြောင့် အိပ်ရာအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားစွာ မြင်နေရသည်။

ခေါင်းအုံးနှစ်လုံး ထပ်အိပ်ရန် မနက်အိပ်ရာထစဉ်က ထပ်ထားခဲ့သည်။ ယခု ခေါင်းအုံးနှစ်လုံးကို ဘေးတစ်ဖက်တစ်ချက်စီ ယှဉ်ပြီး ချထားသည်။

ယခုပုံစံက ခေါင်းအုံးများကို နှစ်ယောက်အိပ်ရန် ပြင်ဆင်ထားသလို ချထားသည်။

လူပျိုကြီး သူ့ကို တပည့်များက လူတွေပြောတဲ့ သရဲမနှင့် အိပ်ရန် နောက်ပြောင်ချထားခြင်း ဖြစ်မည်ဟုတွေးကာ ပြုံးလိုက်မိသည်။

ထို့ပြင် စောင်ကိုလည်း ဘေးမှာအသင့်ခြုံနိုင်ရန် ပြင်ဆင်ပေးထားသည်။

"အင်း ... ဟိုကောင်တွေ လုပ်ထားတာလား၊ ရာအိမ်မှူးဦးနိုင်စိုးပြောသွားသလို၊ သရဲမက လာခင်းထားတာလား၊ အို ... သရဲတော့ မဖြစ်နိုင်ပါဘူး၊ အောက်ကကောင်လေးတွေပဲ လာခင်းထားတာဖြစ်မယ်"

အိပ်ရာပေါ်အိပ်မည်ပြင်တော့ ရုတ်တရက် အမွှေးနံ့လိုလို ရလိုက်သည်။ အိပ်ရာဘေးပြတင်းပေါက်ကလည်း ပွင့်နေသည်။

သို့ကြောင့် အိပ်မည်ပြုပြီးမှ အိမ်အောက်ဆင်းသော လှေကား





ထိပ်သို့သွားရပ်ပြီး ...

"မျိုးနောင်၊ သိန်းဝင်း ... မင်းတို့ အပေါ်တက်ပြီး ... ငါ့အိပ်ရာကို ပြင်ပေးထားသေးလား"

ကိုလှဝင်း၏အသံကိုကြားသဖြင့် အောက်က သုံးယောက်လုံး လှေကားထိပ်သို့ လာရပ်ကာ ...

"ကျွန်တော်တို့ တစ်ယောက်မှ အပေါ်မတက်သေးဘူး၊ အိပ်ရာလည်း မခင်းပါဘူး"

"ဟုတ်တယ် ကျွန်တော်လည်း အပေါ်မတက်တာကြာပြီ"

သိန်းဝင်းကတော့ ...

"ကျွန်တော် ... နေ့ခင်းက အပေါ်တက်ပြီး ပန်းကန်နှစ်ချပ် တက်ယူသေးတယ်။ ခြင်ထောင်တင်ထားတာတွေ့တယ်၊ အိပ်ရာပေါ်မှာ ခေါင်းအုံးနှစ်လုံး ထပ်ထားတာတွေ့တယ်"

"အေးပါ ... ငါ မနက်က အိပ်ရာသိမ်းပြီး ခေါင်းအုံးနှစ်လုံး ထပ်ထားခဲ့တယ်။ အားလုံးမှတ်မှတ်ရရ သိမ်းဆည်းသွားတာ။ ယခု ခြင်ထောင်ချထားပြီး အိပ်ရာပြင်ထားသလို ဖြစ်နေလို့ မေးကြည့်တာ၊

နေဦးကွ ငါ ... အမှတ်တမဲ့ နေခဲ့မိတယ် ... ဟုတ်ပြီ ညတိုင်းအိပ်တော့မယ်ဆို အိပ်ရာပြင်ထားပြီးသား ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ အပေါ်မတက်ခင် ရွှေကျင်သားတင်မောင် အပေါ်ရောက်ပြီး အိပ်ရာပြင်ထားပေးတယ်ထင်လို့ မမေးမြန်း မစုံစမ်းဘဲ ဝင်အိပ်နေတာ၊

စနေနေ့ ညနေကတည်းက တင်မောင် ရွှေကျင် ပြန်သွားတာ ဟုတ်တယ်။ ညကလည်း ခြင်ထောင်ချထားတယ်။ အခုလည်း ချထားတယ်။ ဒါဆို တင်မောင်ထောင်တာလည်း မဖြစ်နိုင်တော့ဘူး"

"ကျွန်တော် ဒီရောက်ပြီးမှ တစ်ခါပြင်ပေးဖူးတယ် … ဆရာ့ပိုက်ဆံအိတ်နဲ့ ပစ္စည်းတွေ အိပ်ရာပေါ်မှာ တွေ့တာနဲ့ … ပျောက်ရင် မကောင်းဘူးဆိုပြီး နောက်ပိုင်း ဆရာ့ကုတင်ဆီ မရောက်ဖြစ်တော့ဘူး"

"ကျွန်တော်တို့အထင် ပြောရမလား"

"အင်း … ပြောလေ … ဘယ်သူလုပ်တာလို့ထင်လဲ"

"သရဲအပျိုကြီး ခြင်ထောင် ထောင်ပေးတာ ဖြစ်မလားပဲ"

"တော်ပါကွာ မဟုတ်ပါဘူး၊ အေး … မင်းတို့မလုပ်ရင် နေပစေ … ဘယ်သူပဲလုပ်လုပ်၊ အဆင်သင့်အိပ်ရတော့ အိပ်ရာခင်းရ၊ ပြင်ဆင်ရ သက်သာတာပေါ့"

ကိုလှဝင်းလည်း အိပ်ရာဆီသို့ပြန်လာကာ အခြေအနေကို အကဲခတ်လိုက်သည်။ ခေါင်းရင်းပြတင်းပေါက်တံခါးက ပွင့်နေသည်။





ပြတင်းပေါက်မှ လေညင်းလေးများက တိုးဝှေ့ဝင်ရောက်လာနေသည်။

"အင်း … ပြတင်းပေါက်က လေတိုးလို့ ခြင်ထောင်ကျလာတာလည်း ဖြစ်နိုင်တာပဲ၊ ခြင်ထောင်က ဇာဆိုတော့ တော်ရုံလေဆောင့်တိုက်လိုက်ရင် ကျလာမှာပဲ၊ လေဆက်တိုက် တိုက်နေရင် ခြင်ထောင်က လူပြုပြင်ထားသလို ဖြစ်နိုင်တာပဲ၊

အင်း … တစ္ဆေသရဲတော့ မဖြစ်နိုင်ပါဘူး"

ကိုယ်စိတ်ကို ကိုယ်အားပေးရင်း ခေါင်းအုံးနှစ်လုံးကို ပြန်ယူထပ်၍ ခေါင်းအုံးကာ အားလုံးကို မေ့ပျောက်လိုက်ပြီး မှူးမှူးနှင့် အိပ်ပျော်သွားသည်။

မနက်ရောက်တော့ ကိုလှဝင်း အိပ်ရာပေါ်က မဆင်းသေးဘဲ တစ်ခုစဉ်းစားသည်။ သူ့တပည့်တစ်ယောက်ယောက်က လူပျိုကြီးသရဲမနှင့်အတူအိပ်ရန်ဟူ၍ နောက်ပြောင်ပြီး တမင်လူသိမခံဘဲ၊ အိပ်ရာလာပြင်ထားတာ ဖြစ်နိုင်သည်ဟု တွေးကာ ချောင်းဖမ်းရန် ဆုံးဖြတ်ထားသည်။

တစ်နေ့တာကုန်ဆုံး၍ ညနေပိုင်းအလုပ်က အတူတူပြန်လာကြသည်။ ထမင်းဆိုင်က ညစာဝယ်စားလာပြီးဖြစ်၍ အိမ်မှာ ရေချိုးရန်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝင်းလည်း အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။ အချိန်က ညခုနစ်နာရီခန့် ရှိပြီဖြစ်သည်။ ရေလဲပုဆိုးယူ၍ အဝတ်အစားလဲရန် တက်လာခဲ့ခြင်းဖြစ်သည်။

အိပ်ရာက မနက်ကသိမ်းသွားသည့်အတိုင်း ရှိနေသည်။

သို့ကြောင့် ရေလဲပုဆိုးနှင့်အတူ ရေချိုးပြီးလျှင် ဝတ်ရန် ပုဆိုးသဘက်တို့ကိုယူ၍ အောက်သို့ ဆင်းလာခဲ့သည်။ အောက်မှာ တင်မောင်၊ သိန်းဝင်းတို့လေးယောက် ရေချိုးနေကြသည်။

သူတို့အားလုံး ရေချိုးပြီးမှ ကိုလှဝင်း ရေချိုးသည်။ ရေကို မိနစ်နှစ်ဆယ်ခန့်ကြာအောင်စိမ်ပြီး ချိုးနေလိုက်သည်။

ထို့နောက် အဝတ်အစားလဲပြီး အိမ်ပေါ်ထပ်သို့ တက်လာခဲ့သည်။

"ဟင်"

"အိပ်ရာပြင်ထားပြန်ပြီ၊ ဘယ်သကောင့်သား တက်လာပြီး အိပ်ရာလာပြင်သွားလဲ မသိဘူး၊

ဟိုကောင်လေးကောင်ထဲက တစ်ယောက်ကတော့ အိပ်ရာ ပြင်ပေးတဲ့ကောင်ပဲ၊ တင်မောင်လည်း အပေါ်ထပ် ရောက်မလာ သေးဘူး အောက်မှာထိုင်ပြီး စကားပြောနေတယ်၊

ငါ ... ရေချိုးနေတုန်း ... ဒီကောင်တွေထဲက တစ်ကောင်





အပေါ်တက်ပြီး ပြင်ထားတာ သေချာသလောက်ပဲ"

သို့ဖြင့် ဘယ်သူ့မှ မေးမနေတော့ဘူး။

"ဒီကောင်တွေကို မေးရင် ... မလုပ်ဘူးပဲ ပြောမှာပဲ၊ မေးနေလည်း လေကုန်ရုံပဲရှိမယ်"

ကိုလှဝင်းလည်း အိပ်ရာပေါ်တက်ပြီး တုံးလုံးလှဲနေလိုက်သည်။ သူ့ခေါင်းအုံးဘေးမှာ ချထားသည့် ခေါင်းအုံးကို ဆွဲယူလိုက်ပြီး နှစ်လုံးထပ်အုံးကာ အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်ရာ ကိုးနာရီမထိုးမီမှာပင် အိပ်ပျော်သွားသည်။

ညဆယ့်တစ်နာရီခန့်အရောက် သူ့ခေါင်းအောက်မှ ခေါင်းအုံးကို တဖြည်းဖြည်း ဆွဲယူသွားသလို ခံစားလိုက်ရသဖြင့် အိပ်ပျော်နေရာမှ နိုးသွားကာ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

သူအိပ်စဉ်က နှစ်လုံးထပ်အိပ်ခဲ့သောခေါင်းအုံး တစ်လုံးသာ ရှိတော့သည်။ တစ်လုံးက အပြင်သို့ရောက်ပြီး သူ့ခေါင်းအုံးနှင့် ယှဉ်လျက်ရှိနေသည်။

ထိုစဉ် ခေါင်းအုံးပေါ်မှာ လူလိုလို ဝိုးတဝါး အရိပ်လိုလို အရာကိုလည်း မြင်လိုက်ရပြန်သည်။

"ဟင် ... ဘာ ... လဲ"

မျက်လုံးကို အသေအချာ စူးစိုက်ကြည့်တော့ ဘာမှရှိမနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့လိုက်သဖြင့် ...

"အင်း ... ငါ့အိပ်ချင်မူးတူးနဲ့ လျှောက်မြင်နေတာဖြစ်မှာပါ"

ထိုသို့ အတွေးဝင်ပြီး မျက်လုံးမှိတ်ကာ အိပ်ရန်ပြင်လိုက်စဉ် စူးရှသော အမွှေးနံ့တစ်ခုက နှာခေါင်းထဲ တိုးဝင်လာသည်။

သို့ကြောင့် မှိတ်ထားသော မျက်လုံးကိုဖွင့်ပြီး တစ်ဖက်သို့ ကြည့်စဉ် လူတစ်ယောက် စောင်ခြုံထားသလို မြင်လိုက်၍ လက်နှင့် မသိမသာ စမ်းကြည့်လိုက်ရာ ဘာမှမစမ်းမိ လေကိုသာ စမ်းမိသလို ဖြစ်သွားသည်။

စိတ်ထင်လို့ ဖြစ်မှာပါဆိုပြီး မျက်လုံးမှိတ်၍ အိပ်ပျော်အောင် အိပ်လိုက်သည်။

မနက်သုံးနာရီခန့်၊ ဖျတ်ခနဲနိုးလာပြီး၊ တစ်ဖက်သို့ စောင်း အိပ်နေရာက ညောင်းသဖြင့် နောက်ဘက်သို့ပြန်လှည့်ပြီး စောင်းအိပ် ရန်အပြင် ကိုလှဝင်း၏ဘေးမှာ ဆံပင်ဖားလျားဖြေလျှော့၍ တစ်ဖက်သို့ ကျောပေးပြီး အိပ်နေသော မိန်းမတစ်ယောက်ကို အသေအချာကို မြင်လိုက်ရသည်။

"ဟာ ... အမယ်လေး"

ရုတ်တရက် လန့်သွားပြီး အော်လိုက်မိပေမဲ့ အသံက ကျယ်လောင်စွာ ထွက်မလာသဖြင့် အိပ်နေသော မိန်းကလေးက





မနိုး။

"အင်း ... အောက်ထပ်ကတစ်ကောင်ကောင် အပျက်မ တစ်ယောက်ကို ခေါ်လာပြီး ငါ့အိပ်ရာပေါ် လာတင်ထားတာဖြစ်မယ်"

ထိုကဲ့သို့အတွေးဝင်ကာ လှုပ်နှိုးရန် မိန်းကလေး၏ပခုံးကို လက်နှင့်ထိလိုက်သည်နှင့် ထိုမိန်းကလေးလည်း မျက်စိအောက် မှာပင် ပျောက်သွားတော့သည်။

"ဘုရား ... ဘုရား ... ဒါ ဦးခိုင်စိုးတို့ပြောတဲ့ သရဲမ များလား"

ထိုသို့တွေးပြီးနောက်ပိုင်း ပြန်၍ အိပ်မပျော်တော့။ အချိန်က ညသုံးနာရီကျော်ပြီဖြစ်၍ အိပ်ရေးလည်း အတန်အသင့်ဝပြီ။ သို့ကြောင့် သရဲမ ရောက်မလာရန် သတိထားပြီး အိပ်ရာပေါ်မှာပဲ လှဲနေလိုက်သည်။

ကိုလှဝင်းတစ်ယောက် ဟိုလှိမ့်သည်လှိမ့် ဖြစ်နေသည်ကို တွေ့သည့်အတွက် သရဲမလည်း အိပ်ရာပေါ်သို့ ရောက်မလာ ခြင်းလည်း ဖြစ်နိုင်သည်။

မနက်ငါးနာရီထိုးသည်နှင့် အိပ်ရာသိမ်းကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ တင်မောင်လည်း နိုးပြီဖြစ်၍ နောက်ဆင်းလိုက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ သိန်းဝင်းတို့ မနိုးကြသေးဘူးလား"

"ဟာ ... ဆရာ၊ အခုမှ ငါးနာရီပဲရှိသေးတယ်၊ ခါတိုင်း ခြောက်နာရီခွဲမှ ထနေကျ။ ဆရာလည်း ခါတိုင်းခုနစ်နာရီမှ ထတာ မဟုတ်လား"

"ငါ ... အခု အိပ်မပျော်လို့ အစောကြီးကတည်းက နိုးနေတာ မျက်နှာသစ် ရေချိုးပြီးရင် လက်ဖက်ရည်ဆိုင်ကိုသွားပြီး ထမင်းကြော် စားတော့မယ်"

"ဆရာ့ခြေထောက်ကို သရဲမ ... လာဆွဲချလို့နဲ့တူတယ်"

"မဟုတ်ပါဘူးကွာ ဘယ်သရဲမမှ မရှိပါဘူး"

ကိုလှဝင်းလည်း ညက သရဲမ ကုတင်ပေါ်လာအိပ်သည်ကို ပြောပြ၍မဖြစ်၊ တော်ကြာ လူပျိုလည်းဖြစ် သရဲမက ကုတင်ပေါ် လာအိပ်သည်ဆိုကာ ကျော်မကောင်း ကြားမကောင်း ဖြစ်နိုင်သည်။ သို့ကြောင့် သရဲမအကြောင်းကို စကားမစတော့။

အားလုံးပြီးစီးတော့ ခုနစ်နာရီခန့် သံတံတားထိပ်ရှိ လက်ဖက်ရည်ဆိုင်များသို့ တင်မောင်နှင့်အတူ ထွက်ခဲ့သည်။

"ဒီနေ့ (A.E)လာမယ်ထင်တယ်၊ တစ်နေ့က ဒီနေ့လာမယ် လို့ ဖုန်းဆက်ထားတာပဲ"

ဆိုင်ရောက်တော့ လက်ဖက်ရည်သောက်၍ ထမင်းကြော်





စားရင်း အချိန်ဖြုန်းနေလိုက်သည်။

သို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်သွားသည်။ ထုံးစံအတိုင်း တနင်္ဂနွေနေ့သို့ ရောက်လာခဲ့သည်။

ဆိုနေကြအတိုင်း သူငယ်ချင်းတစ်စု၊ ကိုလှဝင်းတို့အိမ်မှာ ဆုံကြရန် အချိန်းအချက်လုပ်ကြသည်။

ညောင်လေးပင်က စောနောင်နှင့် ခင်မောင်တင့်တို့က ရမ် နှစ်ပုလင်း ယူလာမည်ဟု အသိပေးလာသည်။ ဒိုက်ဦးက သူငယ်ချင်း သောင်းညွှန့်က ခရီးလွန်နေသည်။

သို့ကြောင့် ပြွန်တန်ဆာမြို့ထဲက မိတ်ဆွေနှစ်ယောက်နှင့် အတူ ငါးယောက်သား နေ့ဆယ့်တစ်နာရီလောက်ကစပြီး ဝိုင်းစဖြစ် သည်။ မျိုးနောင်တို့ ဘိန်းဝင်းတို့က ထုံးစံအတိုင်း အိုးသူကြီး လုပ်ပေးကြသည်။

"မျိုးနောင်ရေ ... မင်းအလုပ် ဘာရှိသေးလဲ"

"ဘာခိုင်းမလို့လဲဆရာ ... ကိုသိန်းဝင်း ကန်စွန်းရွက် ကြော်မလို့ ကန်စွန်းရွက် ဆိတ်ပေးနေတယ်"

"ခဏထားလိုက်ကွာ၊ ဟို ... ရာအိမ်မှူး ဦးခိုင်စိုးကို သွားခေါ်ပေးပါလား၊ မင်း ... သူ့အိမ်ကိုသိတယ်မဟုတ်လား၊ သူနဲ့မတွေ့ရင် သူ့အိမ်ကိုမှာခဲ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့အိမ် ရောက်ဖူးတယ် မတွေ့ရင် မှာခဲ့မယ်"

"အေး ... သွားခေါ်လိုက်၊ သူက တို့နဲ့အတွဲညီတယ်၊ ဒီအိမ်က ... သူ့ကြောင့် ဌားဖြစ်တာ၊ မကောင်းလည်း သူ့ကိစ္စ ကောင်းလည်း သူ့ကိစ္စ မဟုတ်လား၊ သူ့ကို ပစ်ပယ်ထားလို့ မရဘူး"

"အမြဲတမ်း ခေါ်ဖို့လိုလို့လား"

"ဒီတစ်ခါ ခေါ်ရတာ အကြောင်းရှိတယ်ကွ"

"ကဲ ... အမြည်းတွေလည်းရောက်နေပြီ ကြက်ဥမွှေကြော်၊ ကြက်ကြော်၊ မြေပဲလှော် စုံနေပြီ။ ကန်စွန်းပလိန်းပဲ ကျန်တော့တယ်၊ တစ်ခွက်စီ လှည့်လိုက်ကြရအောင်"

"ဟို ... ဦးခိုင်စိုးကို မစောင့်တော့ဘူးလား"

"သူလာတော့လည်း ဝင်နွှဲပေါ့၊ အခု တစ်ချက်စီ လှည့်လိုက်ကြမယ်"

အရက်ဝိုင်း စဖြစ်သွားသည်။

"ကျုပ်စကားကို ပြန်ပြင်ရတော့မယ်"

"အရင်းမရှိ ... မင်းစကားက ဘာလဲကွ"

"ဟို ... သရဲရှိတယ်ဆိုတာ မတွေ့ဘူးလို့၊ မယုံဘူးဆိုတာရယ်၊ ဒီအိမ်မှာ သရဲမခြောက်ဘူးဆိုတဲ့ စကားရယ် ..."





"ဟာ ... ဒါဆို တို့လူပျိုကြီး သရဲအခြောက်ခံလိုက်ရပြီပေါ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်လို့ ပြောရတော့မယ်၊ ဒါပေမဲ့ သရဲက ကြောက်လန့်အောင် ... ပြူးပြဲပြီး ခြောက်တာလည်း မဟုတ်ဘူး၊ ယဉ်ယဉ်သာသာလေး ခြောက်နေတာ၊

ကျုပ်က သရဲမှန်းသိလို့ ယဉ်ယဉ်လေး ခြောက်နေတယ်လို့ပြောတာ ... သူက ကျုပ်ကို သရဲခြောက်နေတယ်လို့မှ သဘောထားရဲ့လား မသိဘူး"

ထိုအချိန် ဦးခိုင်စိုးနှင့် မျိုးနောင်တို့ ရောက်လာကြသည်။

"ဟာ ... ဆရာ၊ သရဲလို့ ပြောသံကြားလိုက်တယ် ... သရဲအခြောက်ခံရပြီလား"

"အင်း ... ခြောက်တာလား ပြတာလားတော့ မသိဘူး၊ အခု ညစဉ်ဆက်တိုက် မြင်နေရတယ်"

"ပြောပြရမှာလည်း ... ရှက်စရာကြီး"

"ဟာ မပြောချင်လည်း ... မပြောနဲ့လေ၊ ကိုယ့်လူက လူပျိုကြီး၊ ဟိုသရဲမက အပျို၊ ဒါဆို ညည အိပ်ရာထဲမှာ တူစုံနွှဲနေကြပြီထင်တယ်"

"ဟာ ... အဲဒီလောက်အဆင့်ထိ မတွေးစမ်းပါနဲ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကုတင်ပေါ်ခေါင်းအုံးတစ်လုံးစီ အိပ်တဲ့အဆင့်တော့ ရောက်နေပြီ”

“ဟာ ... တို့လူပျိုကြီးစွံပြီပဲ၊ သရဲမက ဟိုဟာဒီဟာလာလုပ်လား”

“မနောက်ကြပါနဲ့ဗျာ၊ ကြောက်လွန်းလို့ အသက်မထွက်အောင် မနည်းဟန်ဆောင်ကြိုးစားနေရတာ”

“ကဲ .... ဘယ်သူမှ မနောက်တော့ဘူး၊ မင်းရဲ့အဖြစ်အပျက်အားလုံး အစကနေ အဆုံးထိ အားလုံးသိအောင်ပြောပြကွာ”

“ဒီလိုကွာ ... ညညာ ခြင်ထောင် ထောင်ထားတာ မသက်ာဖြစ်ရင်း တစ်ညနှစ်လုံးထပ်ပြီး အိပ်တဲ့ခေါင်းအုံးကို ဆွဲယူလိုက်ရာကစပြီး သရဲမ အိပ်ရာထဲ ဝင်အိပ်တာကို သိလိုက်တယ်၊

အဲဒီအချိန်က ခေါင်းအုံးဆွဲယူတာကိုပဲတွေ့တယ်၊ သူ့ကိုမတွေ့ရသေးဘူး။ မနက်သုံးနာရီလောက် နိုးလာမှ သူ့ကို တွေ့တာ၊ သူက ... ငါ့ကို ကျောပေးပြီး အိပ်နေတာ ရေမွှေးနံ့ကလည်းစူးရှနေတာပဲ၊

တကယ်ပါပဲဗျာ ... ကျွန်တော့်ဘေးမှာ ကျောပေးပြီးအိပ်နေတဲ့ သရဲမကို မြင်လိုက်တာ လိပ်ပြာလွင့်မတတ် ကြောက်သွားတယ်၊





တစ်ရက်ပြီးတစ်ရက် ကြာလာတာနဲ့အမျှ သူ ... ဝင်ဝင်ပြီးအိပ်တာ သိသာလာတယ်၊ အိပ်ရေးပျက်ပေါင်းများလို့ မနက်နေမြင့်တဲ့အထိ အိပ်ပျော်နေရင် ခြေထောက်ကို လှုပ်နှိုးတယ် ...၊

မျက်လုံးဖွင့်လိုက်တော့ ... သူက အနီးမှာ မရှိတော့ဘဲ အနားက ထွက်သွားတာကို ရိပ်ခနဲ တွေ့လိုက်တယ်၊

သရဲခြောက်ခံရတဲ့လူတိုင်းက ကြောက်စရာလို့ ပြောကြတယ်၊ အခု ညတိုင်း တွေ့တာကတော့ လုံးကြီးပေါက်လှ အသက်နှစ်ဆယ်ကျော်အရွယ်ပဲ။ သရဲမပုံ တစ်ခါမှ မတွေ့ရဘူး၊ သူ့ကိုတွေ့တိုင်းမိန်းမလှတစ်ယောက်ပုံပဲ၊

တစ်ခါတစ်ခါ အချိန်အခါမဟုတ် နိုးလာလို့ ကြည့်လိုက်ရင် ခြေရင်းမှာ ကျောပေးထိုင်နေတာကို တွေ့ရတတ်တယ်၊

သရဲမကို ရင်မဆိုင်ဝံ့တာနဲ့ သိန်းဝင်းကို အဖော်ခေါ်အိပ်လိုက်တယ်၊ သန်းခေါင်လောက်ရောက်တော့ သိန်းဝင်း ခြေထောက်ကို ဆွဲချလိုက်တာ ကုတင်အောက်ကို ဝုန်းခနဲ ပြုတ်ကျသွားတယ်၊

သိန်းဝင်းက သရဲလက်ကြီးနဲ့ကိုင်ပြီး ဆွဲချလိုက်တာလို့ အသေအချာ ပြောတယ် ... ကျွန်တော်က မသိယောင်ဆောင်ပြီး၊ မင်း ... အိပ်မက် မက်ပြီး ယောင်တာပါ၊ သရဲမဟုတ်ပါဘူး ပြောပြီး ပြန်အိပ်ခိုင်းလိုက်တယ်။ မနက်သုံးနာရီလောက် သရဲမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သူ့အပေါ် ခွစီးပြီး လည်ပင်းညှစ်လို့ ထအော်ပါရော၊

ဒီကောင် ... စောင်၊ ခေါင်းအုံးယူပြီး အောက်ပြန်ဆင်းပြေး တော့တာပဲ၊ သူလည်း သရဲရှိတာ သိသွားပြီ။ ဒီကောင်ကို သရဲမ ကြီးလိုပုံစံနဲ့ ခြောက်လှန့်ပေမဲ့ ကျွန်တော့်ကို ဘာကြောင့် ရိုးရိုး မိန်းကလေးပုံစံမျိုး ပြတာလဲ"

"အဲဒါ ... မင်းကိုကြိုက်လို့ နေမှာပေါ့ကွ"

"ဟာ ... မဟုတ်ကဟုတ်က၊ အဲဒီနောက်ပိုင်း ကျွန်တော် လည်း အကြောက်ကြီးစိုးလာတယ် ... ညည့်နက်သန်းခေါင် သရဲမ စိတ်ဖောက်ပြန်ပြီး လည်ပင်းထညှစ်မလား ကြောက်စရာ မျက်နှာကြီး လုပ်ပြမလား စိုးရိမ်စိတ်တွေပိုပြီး ညညအိပ်မပျော် တော့ဘူး"

"အင်း ... ဒီအတိုင်းဆို ကိုယ့်လူကို ဒီအိမ်ကသရဲမ အပြတ်ခိုက်နေပြီထင်တယ်၊ ကိုယ့်လူက အိုက်တင်ခံနေရသေးတယ် ပြန်ကြိုက်လိုက်ပါလား"

"ဟာ ... ဒီလူနှယ် ခက်နေပါပြီ၊ ပြန်ကြိုက်ဖို့နေနေသာသာ သရဲမကို စေ့စေ့မကြည့်ရဲတော့ဘူး။ သူနဲ့ မျက်နှာချင်းဆိုင်မိလို့ ကြောက်စရာမျက်နှာကြီး ဖန်ဆင်းပြလိုက်ရင် နေရာမှာ ပွဲချင်း ပြီးသွားနိုင်တယ်"





"ဒီလောက်အထိ ရက်စက်မယ်မထင်ပါဘူး"

"အင်း ... ဦးခိုင်စိုးရေ ခင်ဗျားပြောတဲ့ ရှေ့ပိုင်းက အိမ်ငှားတွေ အခြောက်ခံရသလို မဟုတ်ပေမဲ့ ... ကျွန်တော်လည်း ညစဉ်ညတိုင်း လှလှပပလေး အခြောက်ခံနေရတာပဲ၊

သရဲရှိတယ်ဆိုတာ ယုံသွားပါပြီဗျာ၊

ကျွန်တော် ဒီအိမ်ကြီးက ပြောင်းချင်နေပြီ။ ဒီရှေ့ဆက်ပြီး နေသွားလို့ မဖြစ်တော့ဘူး"

"ခင်ဗျား ခြောက်လတစ်ဖြတ် ငှားထားတာ မဟုတ်လား။ အခုမှ နှစ်လရှိသေးတယ်။ ခင်ဗျားတို့လုပ်ငန်းက အနည်းဆုံး ခြောက်လတော့ ကျော်မှာပဲ"

"ဒီအိမ်ကလွဲပြီး တခြားအိမ် မရနိုင်တော့ဘူးလား"

"မဖြစ်မနေ ပြောင်းမှဖြစ်မယ်ဆိုရင် ဒီရွာ အရှေ့ဘက်မှာ ဆယ့်ငါးမိနစ်လောက်သွားရတဲ့ ရွာတစ်ရွာရှိတယ် ... အဲဒီရွာမှာ ကျွန်တော့်တူအိမ်ရှိတယ်။ အဲဒီအိမ်မှာ လူမရှိဘူး ... ကွင်းထဲမှာ ကိုင်းသိမ်းနေလို့ လယ်ကွင်းထဲပြောင်းနေပြီး အိမ်တံခါး ပိတ်ထား တယ်၊

ဆရာတို့က ဆိုင်ကယ်ရှိတာပဲ ... ဆိုင်ကယ်နဲ့ဆို ငါးမိနစ် ဆယ်မိနစ်အတွင်း ရောက်တယ် ... နေမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရွာလဲ"

"တမာဖရုံရွာ"

"ဒီအနီးနားမှာ မရနိုင်ရင် တမာဖရုံရွာမှာ သွားနေလည်း ရပါတယ်"

"ဟုတ်တယ် ... ဒီနေရာနဲ့ သိပ်မဝေးပါဘူး၊ တာပေါ်က လျှောက်ရင်လည်း ဆယ့်ငါးမိနစ်သာသာဆို ရောက်ရောပဲ"

"ကဲဗျာ ... ဒီအိမ်က မြန်မြန်ပြောင်းရအောင် ကြိုးစားပေးဗျာ ... ဖြစ်နိုင်ရင် ဒီနေ့တောင် ပြောင်းချင်တယ်"

"ကျွန်တော့်တူအိမ်က လခပေးစရာမလိုပါဘူး"

"ဟာ ... အလကားမနေချင်ပါဘူး၊ ထိုက်သင့်သလောက် တော့ယူပါ"

"နေပါ ... ကျွန်တော့်သဘောပါ ... ဒီအိမ်ရဲ့ခြောက်လစာကို ပိုင်ရှင်တွေဆီ အသိပေးပြီး လူကြုံနဲ့ ပြုးကိုပို့လိုက်ပြီးပြီ"

"ဘယ်တော့ပြောင်းရမလဲ"

"ဆရာတို့ အသင့်ဖြစ်တဲ့နေ့ ပြောင်းလို့ရတယ်၊ ကျွန်တော့် ညီမရဲ့သားအိမ်ပါ ကျွန်တော်ပိုင်ပါတယ်"

"မြန်လေကောင်းလေပဲ ... ဒီလိုနေ့ခင်းအချိန် မေ့မေ့ ပျောက်ပျောက် နေလို့ရပေမဲ့ ... ညဘက်ရောက်လို့ အိပ်ရာ





ဝင်တော့မယ်ဆို သရဲမကို မြင်နေရပြီး တစ်ညမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘူး၊

ငါလည်း အိပ်ပျော်သွားရင် သရဲမ ငါ့ကို ဘာများလုပ်မှာလဲ အူအသည်းဖောက်စားချင်လို့ အနီးကပ်လာနေတာလား မျက်လုံး ဖွင့်လိုက်ရင် လျှာတွဲလောင်းနဲ့ မျက်လုံးနီနီ ပြူးကျယ်နေတဲ့ မျက်နှာကြီးကို မြင်ရလေမလား အမျိုးမျိုးလျှောက်တွေးပြီး လန့်နေရတာ၊

သိန်းဝင်းကို ခြေထောက်ဆွဲချ၊ လည်ပင်းထညှစ်လုပ်လိုက် ကတည်းက အိမ်ကကောင်တွေကလည်း သရဲရှိမှန်းသိလို့ ကြောက် နေကြတယ်"

ဒုန်း ... ဒုန်း ... ဒုန်း

ဝုန်း ... ဝုန်း ... ဝုန်း

အိမ်ပေါ်ထပ်မှာ ထုသံ၊ ရိုက်သံ၊ ခုန်ပေါက်သံများ နေ့ခင်း ကြောင်တောင် ထွက်လာသဖြင့် အောက်မှာထိုင်နေသူများ ခေါင်းတွေ မော့ပြီး မျက်လုံးပြူးကုန်ကြသည်။

"ဟာ ... လူပျိုကြီး အိမ်ပြောင်းမယ်ပြောသံကြားသွားပြီနဲ့ တူတယ် သရဲမ စိတ်ဆိုးနေပြီ သတိထားပေတော့"

"ဦးခိုင်စိုးရေ ဒီညပဲ ပြောင်းလို့ရရင် ပြောင်းလိုက်ချင်တယ်"

"ဒီည ကျွန်တော့်အိမ်မှာ လိုက်အိပ်ကြ၊ မနက် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တူအိမ်ကို သွားရှင်းလိုက်မယ်၊ ညနေ ဆရာတို့ကို လာခေါ်မယ်"

"အဲဒီလိုလည်း ဖြစ်တာပဲ … ညနေ ဦးခိုင်စိုးတို့အိမ်ကို ပစ္စည်းတွေ ထုတ်ပိုးပြီး ပြောင်းလာခဲ့မယ်"

"ဖြစ်မှဖြစ်ရလေ … လူပျိုကြီးရယ် … သရဲမနဲ့ရေလိုက်ငါးလိုက်နေရင် ဖြစ်ရဲ့သားနဲ့"

"ကိုယ်တို့ပြောင်းသွားရင် မောင်ရင်လာနေပါလား"

"ဟ … ကိုယ်က လူပျိုမဟုတ်လို့ပေါ့ … လူပျိုသာဆို ပြောစရာတောင် မလိုဘူး"

"ဟော့လူ … ကိုခင်မောင်တင့်၊ ခင်ဗျားလူပျိုဖြစ်လည်း ဟိုသရဲမက ကြိုက်ဦးမှ၊ သူက လှဝင်းကို တန်းတန်းစွဲကြိုက်နေတာ သူပြောင်းသွားရင် သူသွားရာ လိုက်နေမလားမသိဘူး"

"အေး … အဲဒါလည်း ဖြစ်နိုင်တယ်"

"ဟော့လူတွေ သရဲကြောက်လို့ အိမ်ပြောင်းမယ်လုပ်တာမှ သရဲမ လျှောက်လိုက်အောင် လမ်းကြောင်းပြနေတယ်၊ မလုပ်ပါနဲ့ … တော်ကြာ ဟိုက တကယ်လျှောက်လိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ထိုကဲ့သို့ ပြောရင်းဆိုရင်း သောက်နေကြရာ ရမ်နှစ်ပုလင်း ညနေလေးနာရီခန့်မှာ ကုန်သွားသည်။





"ကဲ … သိမ်းစရာရှိတာ သိမ်းကြ၊ အားလုံးဝိုင်းသယ်ပြီး ကျွန်တော့်အိမ် သွားကြမယ်"

"ဦးခိုင်စိုးအိမ်မှာ ကျွန်တော်တို့လေးယောက်အတွက် နေရာရှိရဲ့လား တင်မောင်ပစ္စည်းတွေလည်း ယူသွားပေးရမယ်"

"ဟာ … ဆရာကလည်း အထင်သေးလိုက်တာ တောအိမ်တွေက ဧည့်သည်သုံးလေးယောက်အတွက်ကတော့ စာဖွဲ့စရာမလို အေးဆေးပါပဲ၊

အပေါ်ထပ်မှာ ဆရာတို့လေးယောက် အိပ်လို့ရတယ် … အောက်ထပ်မှာ ကျွန်တော်တို့မိသားစု အိပ်ကြတယ်၊

ပြောင်းရွှေ့ပြီးရင် ခြောက်နာရီလောက် ဆရာနဲ့ ကျွန်တော် ဆိုင်ကယ်စီးပြီး ရွှေအေးတို့အိမ်ကို သွားကြည့်ကြမယ်"

"ကောင်းတာပေါ့ ကြိုကြည့်ထားရင် နောက်နေ့အလုပ်က တိုက်ရိုက်သွားရုံပဲပေါ့"

သို့ဖြင့် ညနေငါးနာရီခန့် ဦးခိုင်စိုးအိမ်သို့ ကိုလှဝင်းတို့ ဆရာတပည့်လေးယောက် ပြောင်းလာကြသည်။

ဦးခိုင်စိုးအိမ်မှာ တစ်ညအိပ်ပြီး နောက်နေ့ တမာဖရုံရွာထိပ်ရှိ ကိုရွှေအေးအိမ်သို့ ပြောင်းလာခဲ့ကြသည်။

ပျဉ်ထောင်ပျဉ်ခင်း နှစ်ထပ်အိမ်ဖြစ်သည်။ တမာဖရုံရွာအဝင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှာ ရှိသဖြင့် အလုပ်သွား အလုပ်ပြန် အဆင်ပြေသည်။ တမာဖရုံရွာထဲ ဝင်စရာမလိုသည့်အတွက် သံတံတားရွာမှ ဆယ်မိနစ်ခန့်သာ လျှောက်လိုက်ကြရသည်။

မိုးမကျခင် လုပ်ငန်းသိမ်းနိုင်ရန် စီမံကိန်းချ လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ယခု လုပ်ငန်းတစ်ခုလုံး ငါးဆယ်ရာခိုင်နှုန်း ပြီးနေပြီ။

နောက်လေးလအတွင်း စခန်းသိမ်းနိုင်မည်ဟု ခန့်မှန်းထားသည်။

ထိုအိမ်သို့ အိမ်ပြောင်းပြီးနောက်ပိုင်း သရဲမနှင့် မကြုံရတော့။ ကိုလှဝင်းသည် အိပ်ကောင်းခြင်း အိပ်ရသည်။ တစ်ရက်ပြီးတစ်ရက် နေလာရင်း တနင်္ဂနွေသို့ ရောက်လာပြန်သည်။ ထုံးစံအတိုင်း သောက်နေကျမိတ်ဆွေများ အိမ်ကို စုံစမ်းပြီး ရောက်လာကြသည်။

"ဒီတစ်ခေါက် ခင်ဗျားအခြေအနေကို သိချင်လို့လာခဲ့တာ"

"အရက်သောက်ချင်လို့ မဟုတ်ဘူးပေါ့"

"အရက်လည်း နည်းနည်းတော့ သောက်ချင်မှာပေါ့"

"သောက်ပါ ပုလင်းမပါလာရင် သိန်းဝင်းကို လွှတ်လိုက်မယ်"

"လွှတ်မနေနဲ့ ငါတို့မှာ ပါလာတယ်၊ သောင်းညွှန့်လည်း လာမယ်တဲ့၊ ဖုန်းလှမ်းဆက်ထားတယ် ... သူ့ယောက္ခမအလှူက





စားစရာတွေ သယ်ခဲ့မယ်တဲ့"

"ဒီကို သူလာတတ်လို့လား"

"ငါတို့လမ်းညွှန်ထားပြီးပြီ၊ လာပါလိမ့်မယ်၊ သံတံတားထိပ်ရောက်ရင် ဖုန်းဆက်ခိုင်းထားတယ်"

"ငါ့ကား ... ဒီမှာရပ်ထားလို့ဖြစ်လား၊ လှည်းနဲ့လွတ်ပါ့တယ်နော်"

"လွတ်တယ် ... စိတ်ချရအောင် ရှေ့နား နည်းနည်း တိုးလိုက်"

ခင်မောင်တင့်က ပါပလေကာကားလေးကို သစ်ပင်အောက် ရပ်ပြီး ပုလင်းများကိုင်ကာ ဆင်းလာသည်။

"ထိုင်ကြကွာ တစ်အိမ်လုံး ကြိုက်သလို နေလို့ရတယ်၊ အေးအေးဆေးဆေး အောက်ထပ်မှာပဲ ထိုင်ကြတာပေါ့"

"မင်း ... ဒီအိမ်ရောက်တော့ ဘာထူးခြားလဲ"

"ထူးခြားဆို အိပ်လို့ကောင်း စားလို့ကောင်းပဲ"

ထိုစဉ် ဦးနိုင်စိုးရောက်လာသည်။ ဒီနေ့ လာခဲ့ရန် ပြီးခဲ့တဲ့အပတ်က မှာထားသဖြင့် သူလည်း အမြည်းတချို့စီစဉ်ပြီး ရောက်လာသည်။

"ကြွက်ကြော်နဲ့ ငါးရှဉ့်အစပ်ချက် ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အမြည်းကောင်းတွေပဲ"

"ရောက်မဆိုက်၊ ဆရာကိုလှဝင်းကို ပြောရဦးမယ် ... ဆရာတို့ ပြောင်းသွားပြီးနောက်ပိုင်း ဆရာအိပ်တဲ့ ပြတင်းပေါက်က ပွင့်နေတယ် ... အဲဒီပြတင်းပေါက်မှာ မိန်းမတစ်ယောက် ရပ်နေတာ မှောင်ရီပိုးတဝါးမှာ အိမ်ရှေ့က ဖြတ်သွားတဲ့လူတိုင်း တွေ့တယ်တဲ့၊

လူတွေ ခဏခဏ ပြောလွန်းတာနဲ့ ကျွန်တော်လည်း ညနေ ခြောက်နာရီလောက် အိမ်ရှေ့က ဖြတ်လျှောက်ပြီး ကြည့်တာ တွေ့တယ်ဆရာရေ့ ... ပြတင်းပေါက်ဘောင်ကိုမှီပြီး အပြင်ကို ငေးနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တယ်"

"ငါ့ကောင်ကြီးကို လွမ်းလို့ ... မျှော်နေတာဖြစ်မယ်"

"ဟာ မဟုတ်တာ၊ သူ့ဟာသူရပ်ပြီး အပြင်ကိုငေးကြည့်နေတာ ဖြစ်မှာပေ့ါ ... အဲဒါ သူ့အိမ်ပဲ သူနေချင်သလိုနေနိုင်တာပဲ မဟုတ်ဘူးလား"

"ခါတိုင်း အဲဒီလိုမမြင်ကြပါဘူး၊ ဆရာတို့ပြောင်းသွားပြီး နောက်ပိုင်းမှ မြင်ရတာ"

"အင်းလေ ... တိုက်ဆိုင်လို့ ဖြစ်မှာပါ"

ထိုအချိန် ဒိုက်ဦးမှ ကိုသောင်းညွှန့်လည်း အသက်နှစ်ဆယ် ခန့်ရှိ ကောင်လေးတစ်ယောက်နှင့်အတူ ဆိုင်ကယ်နှင့် ရောက်လာသည်။





ကောင်လေးက ဆိုင်ကယ်နောက်မှ ချိုင့်နှစ်လုံးနဲ့ ဆင်းလာသည်။

"ချိုင့်နှစ်လုံးတောင် ... ဘာတွေလဲကွ"

"ဘုန်းကြီးပွဲကျဟင်းတွေ သယ်ခဲ့တယ်၊ အနည်းဆုံး ငါးမျိုးလောက်တော့ ပါလာလိမ့်မယ်"

"ကဲ ... တင်ထူး၊ သူတို့ကိုပေးလိုက် ... မင်းလည်း သွားဝိုင်းကူပြီး လုပ်ပေးလိုက်"

သိန်းဝင်းတို့ ချက်ပြုတ်နေသည့် မီးဖိုခန်းထဲ တင်ထူး ဝင်သွားပြီး ကူညီလုပ်ကိုင်ပေးနေသည်။

သည်နေ့ ကိုလှဝင်း၏ သူငယ်ချင်းခြောက်ယောက်နှင့် ဦးခိုင်စိုး တို့ ဝိုင်းဖွဲ့စားသောက်ကြသည်။

ထုံးစံအတိုင်း လူပျိုကြီးကိုလှဝင်းတို့ သရဲမနှင့် ဝိုင်းစ နောက်ပြောင်ကြသည်။ သူတို့အားလုံးထဲမှာ ဦးခိုင်စိုးက အသက် ငါးဆယ်ကျော်ဖြစ်၍ သူတို့ဝိုင်းထဲ ဝင်မပြောသော်လည်း သူငယ်ချင်း တစ်စု ရှေးဟောင်းနှောင်းဖြစ် ပြောသမျှကို ပြုံးပြီးနားထောင်နေသည်။

သောက်ရင်းစားရင်းနှင့် အချိန်တို့တဖြည်းဖြည်းကုန်လာသည်။ ညနေလေးနာရီပင် ထိုးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ... တင်ထူး တင်ထူး၊ ငါ့ကို သောက်ရေတစ်ခွက် ခပ်ပြီး လာပို့စမ်းကွာ"

ကိုသောင်းညွန့်က သူနှင့်အတူပါလာသော တပည့်လေး တင်ထူးအား သောက်ရေတစ်ခွက် လာပေးရန် လှမ်းပြောလိုက်သော်လည်း ခဏကြာသည်အထိ ရောက်မလာ။

"ဟေ့ ... တင်ထူး၊ ဘယ်ရောက်နေလဲ အသံမကြားပါလား"

ထိုအခိုက် သူတို့အားလုံး ... ပုပ်ဟောင်သော အနံ့ကြီး ရလိုက်သည်။

"ဟာ ... ဘယ်လိုဖြစ်လို့ အပုပ်နံ့ကြီး ဆိုးဆိုးဝါးဝါး နံလာတာလဲ"

"ဟုတ်တယ် ... စောစောက မနံပါဘူး အခုမှ နံလာတာ"

အားလုံး နှာခေါင်းရှုံ့ပြီး ပြောဆိုနေကြသည်။

"ဆရာ ကိုတင်ထူး အပေါ့သွားမယ်ဆိုပြီး၊ အိမ်သာဘက် သွားတယ်၊ အခုမှ သတိရတယ်၊ ကျွန်တော် ... သွားအသံပြု လိုက်မယ်"

မျိုးနောင်က မီးဖိုခန်းမှ လှမ်းအော်ပြောရင်း နောက်ဘက်သို့ ထွက်လိုက်သည်။





"ဟာ ... ဒီမှာ ကိုတင်ထူး၊ ဘာဖြစ်လဲ မသိဘူး၊ လဲနေတယ်"

အိမ်ထဲက လူများ မီးဖိုခန်းအတွင်း ရောက်လာကုန်သည်။

"ဟာ ... ဆွဲလှန်ကြည့်ပါဦး၊ အသက်မှ ရှိသေးရဲ့လား"

သိန်းဝင်းက မှောက်လျက်လဲနေသော တင်ထူးကို ဆွဲလှန်လိုက်သည်။

တင်ထူးမှာ မျက်လုံးပြူး၍ ပါးစပ်မှ အမြှုပ်တစီစီနှင့် တက်နေသည်ကို တွေ့လိုက်သည်။

"ဟာ ... ဘာဖြစ်တာလဲ မသိဘူး၊ မသေသေးဘူး"

"အဲ့ဒါ ... တက်နေတာ အိမ်ထဲ ဆွဲမ,လာခဲ့ကြ"

အပုပ်နံ့ကြီးကို ဂရုမစိုက်အားဘဲ သတိမေ့နေသော တင်ထူးကို အိမ်ထဲ မ,လာခဲ့ကြသည်။

နာနပ်သူနာနပ်၊ ယပ်ခတ်သူယပ်ခတ်နှင့် ဝိုင်းပြီး ပြုစုနေကြသည်။ ခဏကြာမှ အတက်ကျကာ မျက်လုံးက ပိုပြူးလာပြီး တောင်ကြည့်မြောက်ကြည့် ဖြစ်နေသည်။

"မင်း ... ဘာဖြစ်တာလဲ"

ကိုသောင်းညွန့် မေးသည်ကို မဖြေဘဲ ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အပုပ်နံ့ကြီးက နံလာပြန်သည်။

"ဝေါ့"

"ဆိုးဝါးလိုက်တဲ့အနံ့ကြီး၊ အံချင်စရာ ကောင်းလိုက်တာ၊ စားထားသောက်ထား မူးထားတာ ဘယ်ပျောက်သွားပြီလဲ မသိတော့ဘူး"

တင်ထူးလည်း ရှေ့သို့ပြူးပြီးကြည့်နေရာမှ ကိုလှဝင်းကို မြင်လိုက်သည်နှင့် ရုတ်တရက်မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ပြီး ငိုချလိုက်သည်။

ရှိုက်ကြီးတငင် ငိုနေသည်။

တင်ထူး ဘာကြောင့်ငိုသည်လဲဟု စိတ်ဝင်စားပြီး ကြည့်နေစဉ် ရုတ်တရက် မျက်နှာကို ဖုံးထားသော လက်ကိုဖယ်လိုက်ပြီး ကိုလှဝင်း၏ လက်ကို ဖမ်းဆွဲလိုက်သည်။

"ရှင် ... ရှင် အတော်ရက်စက်တယ်၊ ရှင်က ကျွန်မကို ရက်ရက်စက်စက် ပစ်ထားခဲ့တယ်။ တစ်နေ့ပြန်လာနိုးနဲ့ ပြတင်းပေါက်မှာရပ်ပြီး နေ့တိုင်းမျှော်နေရတယ်၊

မလာနိုင်တာနဲ့ ဒီအထိရှာပြီး လိုက်လာခဲ့ရတာ ဒီမှာမနေဘဲ အိမ်ကိုပြန်လာပြီး နေပါ၊

ရှင့်ကို ... ကျွန်မ မခွဲနိုင်ဘူး"





ယောကျ်ားတစ်ယောက်ပါးစပ်က ... မိန်းမတစ်ယောက်၏ ကြေကြေကွဲကွဲအသံကို ကြားလိုက်ရသဖြင့် အားလုံး အံ့အားသင့်နေကြသည်။

အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တင်ထူးအား သရဲမ ဝင်ပူးကပ်နေပြီဖြစ်ကြောင်း သိလိုက်ကြသည်။ ကိုလှဝင်းက လက်ကို ဆောင့်ရုန်းလိုက်သည်။

"ပြန်လိုက်ခဲ့ပါရှင် ... ကျွန်မအနားမှာ ရှိနေရင်ပျော်တယ်၊ ရှင့်ကိုလည်း ကြောက်လန့်အောင် ဘယ်တော့မှ မပြုပါဘူး၊ ရှင် ကျွန်မကို သနားရင် အိမ်ကိုပြန်ခဲ့ပါ။ ရှင့်ကို ... တစ်နေ့မှ မေ့လို့မရဘူး အိမ်ကိုပြန်ခဲ့ပါ၊

ဒီအိမ်ကို ပြောင်းလာတာ သိပေမဲ့ လာချင်တိုင်း လာလို့မရဘူး၊ အထက်နတ်တွေကို ခွင့်တောင်း၊ မဖဲဝါတို့ကို ခွင့်တောင်းပြီးမှ လာခဲ့ရတာ၊

မကြာခင် ပြန်ရတော့မယ် အိမ်ကစောင့်နေမယ် ပြန်လာခဲ့ပါရှင်"

ကိုလှဝင်း၏ သူငယ်ချင်းများက ကိုလှဝင်းအား နောက်ချင်ပြောင်ချင်၍ စိတ်ထဲ ကလိကလိ ဖြစ်နေသည်။ သရဲမအဖြစ်ကို မြင်ပြီး မနောက်ရက်၍ စိတ်ထိန်းထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲမက ကြိုက်မရှက်သည့်နှယ် ငိုယိုကာပြောနေ၍ ... ကိုလှဝင်းက ... သူငယ်ချင်းများကြား ရှက်ပြီး မျက်နှာပျက်နေသည်။

"ဟဲ့ ... သရဲမ၊ နင်နဲ့ငါ ဘဝချင်းလည်း တူတာမဟုတ်ဘူး၊ မဖြစ်နိုင်တာလာပြီး လုပ်ပြနေတယ်၊ သွား ... နင့်ကို ငါမချစ်နိုင်ဘူး ... ပြန်တော့"

"ကျွန်မကို မနှင်ပါနဲ့ ... ဒီမှာ အကြာကြီး နေခွင့်မပြုလို့၊ အခုပဲ သွားရမှာပါ ... ကျွန်မ ဟိုအိမ်မှာ စောင့်နေမယ် အစ်ကို ပြန်လာခဲ့ပါ။ အစ်ကို့ကို နေ့တိုင်းမြင်နေရရင် ကျွန်မစိတ်ချမ်းသာပါပြီ ... ဘယ်သူ့ကိုမှ မခြောက်မလှန့်တော့ပါဘူး"

ထိုစကားဆုံးသည်နှင့် တင်ထူးလည်း ထိုင်နေရာမှ လဲကျသွားသည်။

"အင်း ... သရဲမတော့ ထွက်သွားပြီ"

တင်ထူးလည်း လဲနေရာမှ သန်းဝေကာ ထလာသည်။

"ဟေ့ ... တင်ထူး ... မင်း ဘာတွေဖြစ်တာလဲ ... ဘာမြင်လိုက်လဲ မင်းသိသမျှအားလုံး ပြောပြကွာ"

"ကျွန်တော် ... ဆရာတို့စားဖို့ ထမင်းတွေ ဟင်းတွေ အဆင်သင့်ပြင်ပေးပြီး ... [illegible] အပေါ့သွားဦးမယ်လို့ဆိုပြီး





အိမ်ပြင်လည်းထွက်ရော အိမ်သာထဲမှာ သရဲမကြီးကို တွေ့လိုက်တယ်ဆရာ၊

သရဲမကြီးက အမွေးစုတ်ဖွားနဲ့ မျက်လုံးပြူးပြီး ရပ်နေတာတွေ့လို့ ... လန့်အော်မယ်အလုပ် သရဲမကြီး ကျွန်တော့်ကိုယ်ထဲဝင်သွားလား ခွစီးသွားလိုက်တာလား အဲဒီနောက်ပိုင်း ဘာမှမသိတော့ဘူး"

"ဟုတ်တယ် ... မင်းခန္ဓာကိုယ်မှာ သရဲမ ဝင်ပူးကပ်ပြီး သူ့ရင်ထဲက ခံစားချက်တွေ ပြောသွားတာပဲကွ"

"အခု ... အဲဒီသရဲမကြီး ဘယ်ရောက်သွားပြီလဲ"

"ထွက်သွားပြီကွ"

"အင်း ... အပျက်အပျက်နဲ့ မောင်ရင်တော့ သရဲမလင်ဖြစ်ကိန်း ဆိုက်နေပြီ"

"အဲဒီလိုအဖြစ်ခံမလား သရဲမ နောင်မလာနိုင်မယ့်နည်း ရှာရမှာပေါ့"

"ဟုတ်တယ် ... ဆရာကောင်းသမားကောင်းကို ဝိုင်းရှာပေးကြမှ ဖြစ်တော့မယ်"

"ဒါဆို ကျွန်တော်က နယ်ခံဆိုတော့ ကျွန်တော်ပဲ ကြိုးစားပြီး ရှာပေးမယ် ဆရာလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ဦးခိုင်စိုး … ကျွန်တော်က အလုပ်ရှိသေးတော့ လျှောက်သွားနေလို့ မဖြစ်ဘူး၊

ဦးခိုင်စိုး သွားလာနိုင်အောင် စရိတ်စက ကျွန်တော်ပေးပါ့မယ်"

"ဘာစရိတ်မှမလိုဘူး စံဒွန်းကုန်းမှာ ဆရာတစ်ယောက်ရှိတယ်၊ ချောင်းရင်းရွာမှာလည်း ဘုန်းတော်ကြီးတစ်ပါးရှိတယ်၊ ကျွန်တော်စုံစမ်းပြီးမှ ဘယ်ကိုသွားသင့်လဲပြောမယ်၊

သင့်တော်တဲ့ဆရာဆီ ကျွန်တော်လိုက်ပို့ပေးမယ်"

ထို့နောက် ညနေပိုင်း ထမင်းစားသောက်ပြီး အားလုံးလမ်းခွဲလိုက်ကြသည်။

ဦးခိုင်စိုး၏ ကြိုးစားပေးမှုကြောင့် စံဒွန်းကုန်းရွာမှ ဆရာကြီးတစ်ယောက်၏အိမ်သို့ လိုက်လံပို့ဆောင်ပေးလေသည်။

ဆရာကြီးထံရောက်တော့ အကျိုးအကြောင်းပြောပြသည်နှင့် ဆရာကြီးက ဆိုင်ရာပိုင်ရာများထံ အပ်နှံပေးသည်။

ဘုရားရှိခိုးခိုင်းပြီး ဆရာကြီးက ရေမန်းများ တိုက်သည်။ ခေါင်းမှသည် တစ်ကိုယ်လုံး ရေမန်းများဖြင့် တောက်ဖျန်းပေးသည်။

အစွဲလှန်လက်ဖွဲ့နှင့် ပယောဂရေမန်းကွင်းများ ဆွဲပေးပြန်သည်။





"ကဲ … သည်လက်ဖွဲ့နဲ့ ပယောဂခြေမန်းကွင်းကြောင့် သရဲမ လိုက်နှောင့်ယှက်တာ ရှိတော့မှာ မဟုတ်ဘူး"

ဆရာကြီးလည်း စေ့စေ့စပ်စပ်နှင့် ဂရုတစိုက် ပြုလုပ်ပေးပြီး

"ဘာမှမစိုးရိမ်နဲ့ … သရဲမရှေ့ သွားတာတောင် … မောင်လှဝင်းကို မှတ်မိမှာတောင် မဟုတ်ဘူး"

ဟု ပြောဆိုကာ ပြန်လွှတ်လိုက်သည်။

ထိုလက်ဖွဲ့နှင့် ရေမန်းတို့ကြောင့် နောက်ပိုင်း သရဲမ၏ ပူးကပ်နှောင့်ယှက်ခြင်းကို မခံရတော့။ အားလုံးအေးအေးချမ်းချမ်း ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေသားအမိ

ပေါင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာအစွန်မှာ တစ်ကေခွဲခန့်ရှိ ကွမ်းသီးခြံကြီးတစ်ခြံရှိသည်။

ထိုခြံကြီးအတွင်း ကွမ်းသီးခိုင်များ ရင့်မှည့်နေသည်။ ခူးဆွတ်မည့်သူတို့က မရှိ။ ခြံထဲမှာ ရင့်မှည့်နေသော ကွမ်းသီးများက တဖြုတ်ဖြုတ် ကြွေကျနေသည်။

အချို့အသီးတို့ အစို့ပင်ပေါက်ကုန်ပြီ။ ခြံကြီးကို ပစ်ထားသည်မှာ သုံးလေးလခန့် ရှိပြီဖြစ်သည်။

တစ်ချိန်က ဤခြံကြီးကို မောင်ကျော်မျိုးက အလုပ်သမား တစ်ယောက်နှင့်အတူ တစ်ပင်မကျန် တက်ခူးခဲ့သည်။

မိခင်ကြီး ဒေါ်တင်မြနှင့် အမေတစ်ခု သားတစ်ခု မှီခိုနေထိုင်





ကြပြီး ခြံအလုပ်များ လည်ပတ်နေခဲ့သည်။ ခြံကြီးအတွင်း ကွမ်းသီးအခွံခွာ ခွဲခြမ်းကြသော အလုပ်သမားများကြောင့်လည်း အမြဲစည်စည်ကားကား ရှိခဲ့သည်။

ထိုခြံကြီးအတွင်းမှာ လွန်ခဲ့သော လေးငါးလခန့်မှစ၍ နေ့ရောညပါ သရဲခြောက်သည့်အတွက် ကွမ်းသီးပင်တက်မည့်သူလည်း ခေါ်မရတော့။ အခွံခွာမည့် မိန်းကလေးများလည်း တစ်ယောက်မှ မလာတော့။

ကြွေကျနေသော အသီးကိုမျှ ကောက်ပြီး ခွဲစိပ်ရောင်းချမည့်သူမရှိ။ တိတ်ဆိတ်သွားတော့သည်။

သရဲကလည်း တစ်ကောင်တည်းမဟုတ်။ သရဲမကြီးနှင့် လသားအရွယ် သရဲကလေးတစ်ကောင်ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်သွားရသည်မှာ ကွမ်းသီးပင်ပေါ်မှ ကျခဲ့သော မောင်ကျော်မျိုး ကွမ်းသီးပင်ပေါ် ပြန်မတက်နိုင်သလို မိခင်ဖြစ်သူကလည်း လူမမာသားအား ပြုစုနေရသောကြောင့်ဖြစ်သည်။

....... xxxxxxx .......

လွန်ခဲ့သော နှစ်ပေါင်းများစွာက ... ဤကွမ်းသီးခြံကြီးကို ဦးဇာနည်၊ ဒေါ်တင်မြတို့ကပိုင်သည်။ သူတို့မှာ သားတစ်ယောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသားက အရှယ်ရောက်ကတည်းက ကွမ်းသီးခူးခြင်းအလုပ်ဖြင့် ဖခင်၏အလုပ်ကို လက်ပြောင်း၍ တာဝန်ယူ ဦးစီး လုပ်ကိုင်ခဲ့သည်။

ထိုကဲ့သို့လုပ်ကိုင်၍ နှစ်နှစ်ခန့်အကြာမှာ နယ်မှလာသော မိန်းကလေးတစ်ယောက်နှင့် ငြိစွန်းပြီး ထိုမိန်းကလေး၏ ဇာတိ ဖြူးမြို့နယ် အရှေ့ဘက်ရှိ ရွာလေးတစ်ရွာသို့ လိုက်ပါသွားတော့သည်။

ထိုရွာသို့ရောက်ပြီး ဇနီးမိန်းကလေး မိဘများ၏ မိရိုးဖလာ အလုပ်ဖြစ်သော လယ်အလုပ်ကို ဝင်လုပ်ကိုင်နေသည်။

ရွာမှာ ဖခင်ကြီးက ကွမ်းသီးပင်တက်ခြင်းအလုပ်ကို အလုပ်သမားတစ်ယောက်နှင့်အတူ ပြန်လည်လုပ်ကိုင်ရတော့သည်။

သားဖြစ်သူ ကျော်မျိုး ရွာပြန်မလာသည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီး အသက်ခြောက်ဆယ်ရှိပြီဖြစ်သော ဖခင်ကြီးလည်း ကွမ်းသီးပင်ပေါ်က ခြေချော်ကျပြီး အသက်မသေသော်လည်း ခြေကျိုးလက်ကျိုးနှင့် အိပ်ရာပေါ် လဲသွားတော့သည်။

ထိုသတင်းကို မိခင်ကြီးက သားဖြစ်သူအား လူကြုံရှိ၍ မှာလိုက်သည်နှင့် ကျော်မျိုးလည်း ဖခင်ကြီးအတွက် စိတ်ပူပြီး ရွာသို့ ပြန်လာခဲ့သည်။





ဇနီးအား ခေါ်ရန်ကလည်း ကိုယ်လေးလက်ဝန်ရှိနေသည့်အတွက် ဇနီးဖြစ်သူ၏ မိဘများက ခေါ်မသွားရန် ကလေးမျက်နှာမြင်ပြီးနောက်အချိန်မှန်းပြီး လာခေါ်ရန် မှာကြား၍ တစ်ယောက်တည်း လွှတ်လိုက်သည်။

ရွာပြန်ရောက်လာသော ကျော်မျိုးလည်း ဖခင်ကြီး၏ အခြေအနေကိုကြည့်ပြီး ကွမ်းသီးတက်သော အလုပ်ကို ပြန်ပြီး တာဝန်ယူ လုပ်ကိုင်ပေးရတော့သည်။

ဖခင်ကြီး ဆေးကုသစရိတ်အတွက် မဖြစ်မနေ ငွေလိုသည်။ အလုပ်ကို ရပ်ထား၍မဖြစ်။ သို့ကြောင့် ကွမ်းသီးတက်သော အလုပ်ကို ကျော်မျိုး တာဝန်ယူ လုပ်ကိုင်ပေးရတော့သည်။

ထိုမှရရှိလာသော ပိုက်ဆံဖြင့် ဖခင်ကြီးအား ဆေးကုသပေးသည်။ ကျော်မျိုး ကွမ်းသီးခြံသို့ ရောက်ခဲ့သည်မှာ သုံးလကျော်၍ လေးလအတွင်း ရောက်လာသည်။

လူမမာ ဖခင်ကြီးမှာ အသက်ကြီးပြီဖြစ်၍ ရောဂါတစ်မျိုး သက်သာသော်လည်း နောက်ရောဂါတစ်ခု တိုးလာပြန်သည်။ ခြေကျိုး လက်ကျိုးသည့် ဒဏ်ရာများက ပျောက်သလောက် ဖြစ်သွားသော်လည်း အိပ်ရာပေါ်က မထနိုင်။ လမ်းလျှောက်၍ မရနိုင်သော ဒါးဆစ်ရိုးမှာ အနာဖြစ်သည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရောဂါ ပြန်ကောင်းရန် မသေချာဟု ဆရာဝန်များက ပြောသည်။ သို့ကြောင့် ပြန်ကောင်းရန် မမြင်သော ဖခင်ကြီး၏ နောက်ဆုံးစိတ်ချမ်းသာ လက်ချမ်းသာရှိရန် ဇနီးမယား၊ သားသမီး သံယောဇဉ်ကို ဘေးချိတ်ပြီး ဆေးဖိုးရရှိရန် အလုပ်ထဲမှာသာ စိတ်ကို နှစ်ထားလိုက်သည်။

ရွာမှာကျန်ခဲ့သော ဇနီးသည်မှ ... သားလေးမွေးကြောင်း လူကြုံရှိသည့်အတွက် မှာလိုက်သည်။ ကလေးရော လူကြီးရော ကျန်းမာသည်ဟုလည်း သိရ၍ စိတ်အေးရသည်။

ဇနီးဖြစ်သူ၏ မိဘများကလည်း သူတို့သမီးနှင့် မြေးကို စောင့်ရှောက်ထားမည်ဟု ကျော်မျိုး ယုံကြည်သည်။

ကလေးကျန်းမာ၍ ဇနီးဖြစ်သူ ကျန်းမာရေးကောင်းသည့် အချိန်မှန်းပြီး သွားခေါ်မည်ဟု စိတ်ဆုံးဖြတ်ထားသည်။

ဇနီးနှင့်သားကို သွားပြန်ခေါ်မည်ဟု မှန်းထားသော ကျော်မျိုး တစ်ယောက် တစ်နွေကျော်၍ တစ်မိုးပင် ကုန်သွားသည်။ သွားမခေါ်ဖြစ်။ ပြီးခဲ့သောလက ဖခင်ကြီး အသက်သေဆုံးသွားသည်။

မိခင်ကြီးမှာ ဖခင်ကြီးမသေမီ နေ့မနား ညမနား ပြုစုခဲ့ရသည့်အတွက် ကျန်းမာရေး ချို့တဲ့လာသည်။ ဖခင်ကြီး သေဆုံးသွားပြီးသည့်နောက် မိခင်ကြီးမှာ အိပ်ရာပေါ်လဲလိုက် ပြန်ကောင်း





လိုက် ဖြစ်နေသည့်အတွက် ဇနီးနှင့် သားကို ပြန်ခေါ်ရေး မစဉ်းစားနိုင်အောင် ရှိခဲ့သည်။

သို့ကြောင့် ကွမ်းသီးခြံအတွင်း သူနှင့်အတူ ခူးနေကျ ... ကိုခင်မောင်သန်းနှင့်နှစ်ယောက် နေ့စဉ်အချိန်ကုန်နေရသည်။

ရှည်လျားမြင့်မားသော ကွမ်းသီးပင်ကြီးများကို စွန့်စွန့်စားစား တက်ရောက်ကာ ရင့်မှည့်နေသော ကွမ်းသီးခိုင်များကို ချွေချပြီး တစ်ပင်ပြီးတစ်ပင် ဆင်းလိုက်တက်လိုက် လုပ်မနေဘဲ ပင်လုံးချင်း လွှဲ၍လွှဲ၍ ကူးပြောင်းကာခူးကြသည်။

ခူးဆွတ်ပြီး အောက်သို့ချပေးလိုက်သော ကွမ်းသီးခိုင်များကို မိန်းကလေးများလည်း တဲအောက်သို့ သယ်ယူသွားပြီး ဓား မောက်တိုလေးများနှင့် ကျွမ်းကျင်စွာ အခွံခွာနေကြသည်။

အချို့အပင်များက ခူး၍မရသေး။ အပင်ပေါ်မှနေ၍ ရွေးချယ်ခူးရသဖြင့် ပို၍ပင်ပန်းသည်။ အပင်ပေါ်မှ တစ်ပင်နှင့်တစ်ပင် ခုန်ကူးရင်းမှ တစ်ခါတစ်ခါ ဇနီးနှင့် သားလေးကို မြင်ချင်စိတ် တွေ့ချင်စိတ်တို့ ပေါ်လာတတ်သည်။

မိခင်ကြီးကို ပြုစုရန်အတွက် ဇနီးကို လာစေချင်သည်။ သို့ကြောင့် ရွာမှာကျန်ခဲ့သော ဇနီးကို လိုက်လာရန် လူကြုံ ရှိသည်နှင့် မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လူကြုံက မေ့၍ မပြောသည်လား လာ၍မဖြစ်သေးလို့လားမသိ၊ အခုအထိ ဇနီးဖြစ်သူ ရောက်မလာသေး။

ကျော်မျိုး သည်နေ့မနက်စောစော ထမင်းကြမ်းကို မြေပဲလှော်နှင့် ဆီဆမ်းနယ်စားပြီး ကွမ်းသီးခြံသို့ သွားမည်အပြု ထမင်းအိုးတည်ရန် ပြင်နေသော မိခင်ဖြစ်သူကို တွေ့လိုက်သည့်အတွက်၊

"အမေ ... အခုမှ နေကောင်းကာစရှိသေးတယ် ထမင်းချက်မနေနဲ့။ သား ... ဆယ်နာရီခွဲလောက်ပြန်လာပြီးမှ ထမင်းချက်မယ်၊ ညက ဝယ်လာတဲ့ ကြက်ဥတွေလည်း ရှိသေးတယ်။ ချက်လိုက်ရင် ဘာမှ ကြာတာမဟုတ်ဘူး"

"အမေ ... ချက်ထားပါ့မယ်၊ နေလည်းကောင်းနေပါပြီ၊ ထမင်းတစ်အိုးနဲ့ ကြက်ဥကြော်တာ ဘာမှအပမ်းမကြီးပါဘူး"

"ဟာ ... မချက်နဲ့၊ ထမင်းဟင်းမချက်လို့ ဘာမှမဖြစ်ဘူး၊ ချော်လဲတာတို့၊ ခေါင်းမူးတာတို့ဆို မလွယ်ဘူး။ နောက်က ပိုက်ဆံ လိုက်ရဦးမယ်။ မလုပ်ပါနဲ့အမေရာ ... သား အလုပ်မှာ စိတ် ဖြောင့်ဖြောင့် လုပ်ချင်တယ်"

"အေး ... အေး ... သားရဲ့အလုပ်ကိုသာ အာရုံစိုက် အမေချက်မထားဘူး"

ကျော်မျိုးလည်း မှာစရာရှိတာ မှာပြီး၊ ကွမ်းသီးခြံသို့ ထွက်





လာခဲ့သည်။

ခြံထဲရောက်တော့ တစ်ယောက်တည်း ကွမ်းသီးလက်ကျန်များ တက်ရမည်။ ဒီနေ့ အပင်နည်းနည်းသာ ကျန်တော့သည့်အတွက် ကိုခင်မောင်သန်းကို ခေါ်မထား ...

ခါတိုင်းကဲ့သို့ပင် ကွမ်းသီးပင်ပေါ် တက်ခဲ့သည်။ အောက်မှာ ကွမ်းသီးခွဲမည့်မိန်းကလေးများက ကွမ်းသီးပင်ပေါ်မှ နိုင်လွန်ကြိုးဖြင့် ချပေးမည့် အခိုင်များကို စောင့်နေကြသည်။

ကျော်မျိုးလည်း အပင်ပေါ်ရောက်သည်နှင့် ခါးမှာ ပတ်ချည်ထားသော နိုင်လွန်ကြိုးကို ဖြည်ချ၍ ကွမ်းသီးခိုင်မှာချည်ပြီး အောက်သို့ စတင်ချပေးသည်။

သူ အောက်သို့ကြည့်လိုက်စဉ် ကလေးလေးတစ်ယောက်ကို ချီထားသော မိန်းမတစ်ယောက် သူ့ကို မော့ကြည့်နေသည်ကို တွေ့လိုက်သည်။

ပထမစ၍ မြင်လိုက်စဉ်က သူ့ဇနီးနဲ့ သူ့ကလေး လိုက်လာသည်ထင်ကာ လှမ်း၍ ခေါ်လိုက်မည်ပြုစဉ်၊ အောက်ကမိန်းမက သူ့ဇနီးနှင့်မတူ၊ ညစ်ပတ်စုတ်ပြတ်နေရုံမက မျက်နှာမှာ အနာကြီး ရောဂါသည်ကဲ့သို့ နီနီရဲရဲအကွက်များ ပြည့်နေသည်။

သို့ကြောင့် လှမ်း၍ အသံပြုရန် ပါးစပ်ဟပြီးမှ ပြန်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"ငါ့သားနဲ့ ငါ့မိန်းမ မဖြစ်နိုင်ဘူး၊ အောက်ကမိန်းကလေး နှစ်ယောက်ရဲ့ အသိလား၊ တစ်ခုခု လိုချင်လို့ လာတောင်းတဲ့ ဒုက္ခသည် သားအမိလား တစ်ခုခုပဲ၊

ပြီးတော့ ငါ့မိန်းမဆို ငါ့ကိုမြင်တာနဲ့ လှမ်းခေါ်မှာပဲ အခု မော့ကြည့်ပေမဲ့ ခေါ်မှမခေါ်တာ၊

ဟာ ... ဘယ်လိုဖြစ်တာလဲ၊ အပေါ်မော့ကြည့်ပြီး မျက်နှာကို လက်နဲ့အုပ်ပြီး ငိုနေပါလား ... သူ့ယောကျ်ားနဲ့ ရန်ဖြစ်လာတာ ထင်တယ်"

ထိုနေ့မနက်ပိုင်း အလုပ်သိမ်းသည်အထိ ကွမ်းသီးခိုင် ချပေး လိုက်တိုင်း ငိုရှိုက်နေသော မိန်းမကို လှမ်းမြင်နေရသည်။

ခါတိုင်း ကွမ်းသီးခိုင်များကို ခင်မောင်သန်းနဲ့နှစ်ယောက် မနက်ပိုင်းချပေးပြီး ဆယ့်တစ်နာရီ ဆယ်နှစ်နာရီခန့်ဆို တစ်နေ့တာ တာဝန်ပြီးခဲ့သည်။

မိန်းကလေးတွေက ခူးပြီးသားကွမ်းသီးများကို အားလုံး ကုန်အောင် အခွံခွာရသည်။ ထိုအချိန်က အပင်အောက်မှာ ထိုသား အမိကို မတွေ့ခဲ့။

ယခု ခင်မောင်သန်း မပါသောနေ့ကစပြီး ကွမ်းသီးတက်ခူး





သည့်အခါတိုင်း ကွမ်းသီးပင်အောက်မှာ ကွမ်းသီးခိုင်ကို ကြိုးမှ ဖြုတ်ယူနေကြသည့် မိန်းကလေးများကြားမှာ ထိုသားအမိကို တွေ့နေရသည်။

ခင်မောင်သန်းကလည်း ကွမ်းသီးခိုင်များ ရင့်မှည့်ရန် အတော် များများလိုသေးသည့်အတွက် အခြားကွမ်းသီးခြံများမှာ သွား၍ ခူးနေသည်။

ကျော်မျိုးတစ်ယောက်တည်း ရသမျှအပင်ကို ရှာပြီး ခူးချ ပေးနေခဲ့သည်။ နေ့စဉ်ရက်ဆက် ထိုအမျိုးသမီးကို တွေ့လေရာ ကျော်မျိုးလည်း မနေသာတော့ ...

အပင်အောက် ပြန်ရောက်သည်နှင့် ကွမ်းသီးခွဲနေကြသော မိန်းကလေးများအနီးသို့သွားကာ ကွမ်းသီးပင်အောက်မှာ နေ့စဉ် လာငိုနေသော မိန်းကလေးအကြောင်း မေးမိသည်။

သူ့စကားကြားတော့ မိန်းကလေးတွေ အံ့အားသင့်ပြီး ...

"ရှင် ... ဘာဖြစ်နေတာလဲ၊ ကျွန်မတို့ကလွဲပြီး ဒီခြံထဲကို ဘယ်ကလေးအမေမှ မလာဘူးရှင့် မယားနဲ့ကလေး လိုက်လာ တာလားမှ မသိတာ"

"ဘယ်က လိုက်လာရမှာလဲ၊ လိုက်လာရင် အခုဆို အိမ်မှာ ရှိမှာပေါ့။ ငါ ... သူ့ကို အပင်အောက်မှာတွေ့တာ သုံးလေးရက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ"

မိန်းကလေးတွေက မမြင်ရတော့ သူ့စကားကို ဝိုင်းဟား ကြသည်။ မယုံကြတော့လည်း ရှေ့ဆက်ပြောမနေတော့ဘဲ အလုပ် ရှိရာသွားပြီး လုပ်နေလိုက်သည်။

နောက်ရက်တွေမှာလည်း အပင်ပေါ်ရောက်တာနဲ့ ထိုသားအမိ နဲ့အတူ ကွမ်းသီးခွဲမည့်မိန်းကလေးနှစ်ယောက်သုံးယောက်ကို အပင် အောက်မှာ တွေ့နေရသည်။ ထိုမိန်းကလေးများနှင့် သားအမိ တစ်ယောက်နှင့်တစ်ယောက် မသိသည့်အလား ရှိနေကြသည်။

သူတို့ မတွေ့ဘူးဆိုသော သားသည်အမေကို တငိုငိုနဲ့ တွေ့နေရတော့ အပင်အောက်မှာ ဘာကြောင့် အခုလို လာငိုနေ ရတာလဲဆိုပြီး သေချာအောင်တွေ့၍ မေးမည်ဟု စိတ်ကူးထားသည်။

ထိုကဲ့သို့ စိတ်ကူးထားသည့်အတိုင်း အလုပ်သိမ်းတော့ သစ်ပင်အောက်မှာ သားအမိကို လှည့်ပတ်ရှာသည်။

ဘယ်လိုမှ ရှာမရ ... ထိုကဲ့သို့ သုံးလေးကြိမ်မျှ သစ်ပင် အောက်မှာ ပျောက်ပျောက်သွားသည်နှင့် ကျော်မျိုး ပိုပြီးသိချင် လာသည်။

စိတ်ဝင်စားမှု ပိုမြင့်တက်လာသည်။

အလုပ်လုပ်နေသော်လည်း အလုပ်မှာ စိတ်ဝင်စားမှု နည်းလာ





သည်။ အောက်က သားအမိ အပေါ်မှာသာ စိတ်ရောက်နေသည်။

သူ ... သစ်ပင်ပေါ်ရောက်သွား၍ အောက်သို့ ငုံ့ကြည့် မိစဉ် ထိုသားအမိကို ငိုလျက်တန်းလန်း တွေ့နေရပြန်သည်။ ထိုကဲ့သို့ မြင်ရသည့်အတွက် သူ့စိတ်တွေလည်း ပုံမှန်မဟုတ်သလို ဖြစ်လာသည်။

စိတ်တွေ လေးလံနေသည်။ နယ်မှာကျန်ခဲ့သော သားနှင့်ဇနီး ကိုလည်း အခုတစ်လော ပို၍သတိရလာသည်။

အလုပ်လုပ်ရင်း စိတ်တွေ လေးနေသည်။ အာရုံစူးစိုက်မှု နည်းလာသည်။

တစ်ခါတစ်ရံ သစ်ပင်ပေါ်တက်နေရင်း သစ်ပင်ပေါ် ရောက်နေ သည်ဟု မထင်ဘဲ မြေကြီးပေါ်မှာ ရောက်နေသကဲ့သို့ စိတ်မှာ ခံစားရပြန်သည်။

ရှေ့ပိုင်းရက်တွေက သစ်ပင်ပေါ်တက်မှ အောက်မှငိုနေသော သားအမိကို တွေ့ရသည်။

ယခုနောက်ပိုင်းတော့ ထိုသားအမိကို မတွေ့ရပြန်တော့။ မှတ်မှတ်ရရ နှစ်ရက်ပင်ရှိပြီ။ ဒီခြံထဲက ထွက်သွားပြီလား မသိ၊ ထိုသားအမိကို မတွေ့မှ တွေ့ချင်စိတ်က ပိုပြီး သစ်ပင်တစ်ပင်မှ တစ်ပင်ကူးတိုင်း အောက်ကသားအမိကို ငုံ့ငုံ့ပြီး ရှာကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တော့၊ တစ်ခြံလုံး ဘယ်မှာမှ မတွေ့တော့။

ယခုနောက်ပိုင်း မိခင်ကြီး ကျန်းမာရေးကောင်းမွန်လာပြီ ဖြစ်သည့်အတွက် နေ့လည်စာ ထမင်းပြန်ချက်ရန် မလိုတော့။ ကျော်မျိုး ပြန်လာသည့်အချိန် နေ့လည်စာ အဆင်သင့်ဖြစ်နေသည်။

နေ့လည်စာစားပြီး တအောင့်တနား နား၍ ကွမ်းသီးချုံထဲ သွားကာ ကွမ်းသီးခွဲခြင်း၊ နေလှမ်းကြည့်ခြင်းတို့ကို လုပ်ကိုင်နေသော အလုပ်သမလေးတွေနှင့်အတူ အစိုအခြောက်ခွဲခြားကာ အကြီးအသေး ရွေးချယ်၍ အိတ်သွတ်ခြင်းတို့ကို လုပ်ကိုင်ရသေးသည်။

အိတ်သွတ်ပြီးပြီဆိုလျှင် ပွဲစားထံ အပ်လိုက်ရုံပင် ပွဲစားက ချိန်တွယ်တွက်ချက်ပြီး ငွေချေကာ သယ်ယူသွားတော့သည်။

အလုပ်သိမ်း ရေချိုးကာ ညစာစားတော့ ခုနစ်နာရီထိုးပြီ ဖြစ်သည်။ ထိုအချိန်မှသာ တစ်နေ့တာလုပ်ငန်း ပြီးဆုံး၍ အနား ရသည်။

အိမ်ရှေ့မှာ ဝါးကွပ်ပျစ်လေးတစ်ခု လုပ်ထားသည်။ အိပ်ရာ မဝင်ခင် အမြဲတမ်း အညောင်းပြေ ကျောဆန့်လက်ဆန့်လုပ်သော နေရာဖြစ်သည်။

ယခု ကျော်မျိုးလည်း ထမင်းစားပြီး ခဏကြာတော့ ကွပ်ပျစ် လေးဆီ ထွက်လာကာ ကျော[illegible]န့်လှဲလိုက်သည်။ သူကျောဆန့်၍





ဆယ်မိနစ်ခန့်အကြာ မနီးမဝေးက တရှိုက်ရှိုက်ငိုသံ ကြားရသည်။ ဘယ်ကလာသောအသံလဲဟု သိလိုစိတ်နှင့် ထကြည့်လျှင် အသံ ပျောက်သွားသည်။

"ဟင် ... ငါကွပ်ပျစ်ပေါ် လှဲလိုက်ရင် ငိုသံကြားရတယ်၊ ထိုင်လိုက်ရင် ငိုသံပျောက်သွားတယ် ... ဘယ်လိုပါလိမ့်"

အသံကြားလိုက် ပျောက်သွားလိုက်ဖြစ်နေသည့်အတွက် ကွပ်ပျစ်ပေါ်မှာ ဆက်မနေတော့ဘဲ အိမ်ပေါ်တက်လာခဲ့သည်။

အိမ်ပေါ်ရောက်သည်နှင့် အိပ်ရာထဲ ဝင်အိပ်လိုက်တော့သည်။ ညသန်းခေါင်ခန့် အိပ်ရာကလန့်နိုးသည့်အခါ အိမ်အပြင်မှ ကလေး ချော့သိပ်သည့်အသံကြီးကိုလည်း ကြားရပြန်သည်။

အသံကြီးက မိန်းမအသံမှန်း သိဖေမဲ့ သာယာနာပျော်ဖွယ် ကောင်း၊ ချောက်ချားစရာကောင်းသော အသံကြီးပင်။

ထိုကဲ့သို့ ငိုရှိုက်သံများ ကလေးချော့သည့်အသံဆိုးကြီးများကို ကျော်မျိုးမှလွဲ၍ မည်သူမျှ မကြားရဟု စုံစမ်းသိရှိရသည်။

တစ်ရက် ကျော်မျိုး ကွပ်ပျစ်ပေါ်တုံးလုံးလှဲရင်း အိပ်ပျော် သွားခဲ့သည်။ မိခင်ဖြစ်သူကလည်း အိပ်ရာထဲမှာ ဝင်အိပ်သွားပြီ ဖြစ်ကာ မီးခွက်မှုတ်ပြီး အိပ်လိုက်သည်။

သန်းခေါင်ရောက်တော့ နားထဲမှာ သီချင်းသံလိုလို ငိုသံ



www.burmeseclassic.com

www.burmeseclassic.com



လိုလို ပီပီသသ ကြားလိုက်ရသဖြင့် နိုးသွားသည်။

"ဖအေပစ်တဲ့သားလေးရယ် ... အိပ်ပါတော့ကွယ် ... အိုအေး ... အေး ... အို"

"ကလေးချော့တဲ့အသံပါလား ... ဟင် ... ငါ ... ငါ ... ကွပ်ပျစ်ပေါ်မှာ အိပ်ပျော်သွားပါလား"

ကွမ်းသီးခြံနှင့် အိမ်ခြံအစပ်မှာ ညောင်ပိန္နဲပင်တစ်ပင်ရှိသည်။ ထိုသစ်ပင်ဘက်က အသံလာသည့်အတွက် အိပ်မှုံစုံဝါးနှင့် လှမ်းကြည့်လိုက်ရာ ညောင်ပိန္နဲပင်ကြီး၏ အကိုင်းကို ဒန်းကြိုးဆင်ပြီး သားအမိ ဒန်းလွဲစီးနေသည်။

ကြည့်နေရင်းမှာပင် ကြောက်စရာအကောင်ကြီး ဖြစ်လာကာ သစ်ပင်ပေါ်လက်တစ်ဖက်နှင့် လှမ်းဆွဲပြီး တက်သွားသည်။ ထိုကဲ့သို့ မြင်လိုက်သည်နှင့် ကျော်မျိုးလည်း အိမ်ထဲပြေးဝင်လာပြီး ...

"အမေ ... အမေ ... ထပါဦး၊ သား ... သားကို သရဲခြောက်လိုက်တယ်"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ"

"သ ... သရဲ ... ခြောက်လို့"

"ဘယ်မှာလဲ ... သရဲ ... ခါကိုင်း မခြောက်ပါဘူး"

"ဟိုသစ်ပင် ... ~ ~နဲ့လုပ်စီးနေတယ်၊ သားကြည့်နေမှ





သိတော့ သစ်ပင်ပေါ် တက်သွားတယ်"

"မင်း ... အိပ်မက် မက်တာဖြစ်မှာပေ့ါ"

"မဟုတ်ပါဘူး၊ အသံကြားလို့ နိုးပြီး ... ဟိုဟိုသည်သည် ကြည့်ရာက တွေ့လိုက်တာ"

ကျော်မျိုးလည်း သောက်ရေအိုးစင်ရှိရာသို့ သွားကာ ရေတစ်ခွက် ခပ်သောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်သည်။

ထိုကဲ့သို့ အခြောက်ခံရပြီးနောက်ပိုင်း ကွပ်ပျစ်ပေါ် သွားမအိပ်တော့သဖြင့် သရဲအခြောက်မခံရတော့။ ထို့ပြင် ကွမ်းသီးပင်ပေါ် တက်ခူး၍ အောက်သို့ကြည့်ပြန်တော့ သရဲမသားအမိကို မတွေ့တော့။

ထိုကဲ့သို့ အပင်အောက် မရောက်လာတာမှ ပိုစိတ်ဝင်စားတော့သည်။ သို့ကြောင့် တစ်ပင်မှတစ်ပင် ခုန်ကူးရင်း အောက်သို့ ကြည့်မိသည်။ ကွမ်းသီးခိုင်ကြိုးဖြုတ်ယူရန် စောင့်နေကြသော မိန်းကလေးများမှလွဲ၍ ထိုသားအမိကို မမြင်တော့။

နှစ်ရက်သုံးရက်မျှ သစ်ပင်အောက်မှာ သားအမိကို မတွေ့တော့သဖြင့် စိတ်ဝင်စားမှု လျော့သွားပြီး အလုပ်ကိုသာ တွင်ကျယ်အောင် လုပ်နေလိုက်သည်။

ကိုးနာရီခန့်အရောက် သူ့မျက်စိက ရိပ်ခနဲ လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဟော့ ... အေးမြနဲ့သန်းမေ၊ နင်တို့နောက်မှာ ဝါ ... နင်တို့ကိုပြောတဲ့ ကလေးအမေနဲ့ ကလေးလေး ဝင်လာနေပြီ၊ နင်တို့နဲ့ နှစ်လံလောက်ပဲ ကွာတော့တယ် ... နင်တို့နောက်မှာ ဟော ... ဟော ... မျက်နှာကို လက်နဲ့အုပ်ပြီး ငိုနေပြီ မြင်တယ်မဟုတ်လား"

ကျော်မျိုးအသံကြောင့် မိန်းကလေးများလည်း ဟိုကြည့် သည်ကြည့်နှင့် ရှာဖွေရာ မမြင်ကြ၍ ...

"ဘယ်မှာရှိလို့လဲ ... ကိုကျော်မျိုးရဲ့ ... သက်သက် ကြောက်အောင် ခြောက်နေတယ်"

"ဟဲ့ ... ဝါမနောက်ဘူး နင်တို့နားမှာ"

သူတို့အားလုံး ခေါင်းများကို ချာလပတ်ရမ်းအောင် လှည့်ပတ် ကြည့်စဉ် ...

"တာ ... အမယ်လေး သရဲ ... သရဲမကြီး"

တစ်ခါမှ မတွေ့ဖူးဆိုသော သရဲမသားအမိကို အနီးကပ် တွေ့လိုက်ကြသဖြင့် လန့်ဖျတ်ပြီး ထွက်ပြေးကြတော့သည်။

"အမယ်လေး ... သရဲမကြီး"

နေ့ခင်းကြောင်တောင် သရဲကို မြင်ဖူးလိုက်ကြသည်။





"တာ"

ကျော်မျိုးလည်း အောက်က သရဲမဟုတ်၍ ကြောက်လန့် အော်ပြေးစဉ် သူက တစ်ဘက်အပင်သို့လှမ်းခုန်အကူး လက်က ရှေ့အပင်ကို မဖမ်းမိဘဲ လေကိုသာ ဖမ်းမိသွားသဖြင့် ...

"အား"

"ဘုန်း"

ပြေးနေသူအားလုံး နောက်မှ ကျယ်လောင်သော အသံကြီး ကြောင့် အပြေးရပ်ပြီး လှည့်ကြည့်လိုက်စဉ် ကွမ်းသီးပင်ပေါ်မှ ပြုတ်ကျသော ကျော်မျိုးကို တွေ့လိုက်သဖြင့် ရှေ့ဆက်၍ မပြေး တော့ဘဲ သရဲ ရှိ မရှိ ကြည့်ပြီး သရဲကို မတွေ့တော့မှ ကျော်မျိုးဆီ ပြန်ပြေးလာကြသည်။

သူတို့အနီးမရောက်ခင်မှာပင် ကျော်မျိုး မျက်နှာရှုံ့မဲ့ပြီး ဖုတ်ဖက်ခါထလာသည်။

"အား ... ပါးပါး ... အပင်ပေါ်ကကျတာ မသက်သာ လိုက်တာ"

"တင် ... ကိုကျော်မျိုး ဘာမှမဖြစ်ဘူးလား"

"နင်တို့မြင်တဲ့အတိုင်းပဲ ... ခြေလေး၊ လက်လေးတော့ မကျိုးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို ကိုကျော်မျိုး ... တုတ်ပြီး၊ ဓားပြီ တယ်နဲ့တူတယ် ... ဟုတ်လား"

"အဲ့ဒါတော့ မသိဘူး၊ အမြင့်ကကျလို့ မသေတာတော့ အသေအချာပဲ။ ကဲ ... ကဲ ... နင်တို့လုပ်စရာရှိတာ သွားလုပ်ကြ"

"စောစောက ကိုကျော်မျိုးပြောတဲ့ သရဲမ သားအမိကို တွေ့လိုက်တယ် ... အခု ဘယ်ရောက်သွားလဲ မသိဘူး"

"အဲဒီသားအမိ တကယ်ရှိတာ အခုယုံပြီ မဟုတ်လား"

"ငါတို့တော့ နောက်နေ့ အလုပ်မလာတော့ဘူး ... ဦးဘသိန်း ကွမ်းသီးခြံထဲ သွားလုပ်တော့မယ်"

"ငါလည်း ဒီကို မလာသေးဘူး ... သရဲကို တကယ် တွေ့လိုက်တယ်၊ ကြောက်စရာကောင်းလိုက်တာ ... ကျော်မျိုး နင့်ခြံ သရဲမရှိဘူးဆိုမှ လာခေါ်"

"အေး ... နင်တို့လာချင်လာ မလာချင်နေ ... သရဲကတော့ ရှိတာအမှန်ပဲ ... သရဲသားအမိ မှတ်ထားကြ"

ထိုကဲ့သို့ပြောပြီး ကျော်မျိုးလည်း သူ့အိမ်သို့ထွက်သွားသည်။ ထိုကဲ့သို့သွားရာတွင် ရိုးရိုးလူကောင်းကဲ့သို့မဟုတ် ခြေထောက်ခွ နေသည်။ လက်ချောင်းများကလည်း လက်ဖောင်းရင်းမှ ပြုတ်ထွက်





နေသလို တွဲလောင်းကြီး ကျနေသည်။

လူတစ်ယောက် သွားနေသည့်ပုံစံမျိုးမဟုတ်၊ အရိုးစုကမ္ဘာန်း တစ်ယောက် သွားနေသည့်ပုံမျိုးဖြစ်သည်။

အလုပ်သမလေးများက ကျော်မျိုးသွားသည့်ဟန်ကိုကြည့်ပြီး အံ့သြနေသည်။

ထိုနောက်ရက်များတွင် ကွမ်းသီးခြံမှာ သရဲခြောက်သည် ဟုသာ သတင်းကြီးသွားသလို ကျော်မျိုးကို သရဲတွန်းချသည်ဟု ပြောဆိုကြကာ မည်သူမှ အလုပ်လုပ်ရန် ရောက်မလာကြတော့။

ကျော်မျိုး အိမ်ထဲဝင်လာသည်ကို မြင်လိုက်သော ဒေါ်တင်မြ လည်း ထိုင်နေရာက ထလာပြီး ...

"ဟဲ့သား ... ဘာဖြစ်လာတာလဲ"

"သစ်ပင်ပေါ်ကကျလို့ အိမ်ပြန်လာတာ"

"ဟယ် ... မသေကောင်း မပျောက်ကောင်း အခု ဘာဖြစ် နေသေးလဲ၊ ခြေတွေလက်တွေ ထိခိုက်ကုန်သေးလား"

"ဘာမှမဖြစ်ပါဘူး၊ မြေကြီးပေါ်ကျလို့ နည်းနည်းအောင့် သွားတယ်၊ မစိုးရိမ်ပါနဲ့ အိပ်ရာပေါ်လှဲနေလိုက်ရင် ပြန်ကောင်းသွား မှာပါ"

ထိုကဲ့သို့ပြောပြီး အိပ်ရာပေါ်လှဲနေရာ နောက်ပိုင်းအိပ်ရာပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



မထတော့။ ညနေစောင်းတော့ ပါးစပ်ထဲ တွေ့ကရစကားတွေ လျှောက်ပြောသည်။

ကွမ်းသီးခြံကို အမြဲလုပ်ကိုင်နေကြသော အလုပ်သမား မိန်းကလေးများ လျှောက်ပြောသည့်အတွက် သူတို့၏မိသားစု များလည်း လာရောက်သတင်းမေးကြသည်။

"မင်းတို့ ... ငါ့ကို လာကြည့်တာ လက်ကြီးပဲ မလာကြနဲ့၊ စားစရာတစ်ခုခု ယူခဲ့ကြပေါ့"

"ကိုကျော်မျိုးကြီးက ဘာစားချင်တာလဲ"

"ထမင်းနဲ့ စားလို့ကောင်းမယ့် ဟင်းတစ်ခုခုပေါ့၊ အမဲသား ဝက်သား၊ ကြက်သား ကြိုက်တယ်"

"အို ... ကျွန်မတို့က အဲဒီအသားမျိုး မစားနိုင်ပါဘူး၊ တစ်ပတ်နေလို့ တစ်ရက်စားရဖို့ မလွယ်ဘူး ... တစ်ပတ်တစ်ခါ ပေါင်မြို့ကိုသွားပြီး ဈေးဝယ်ရတာ အဲဒီရက်မှ ဟင်းကောင်းစား ရတာ"

"ဟုတ်တယ် ... ရွာထဲမှာ အသားဆိုလို့ ငါးပဲ . မကြာမကြာ စားရတာ"

"နင်တို့က ငါ့ကို မသထာလို့ မကျွေးချင်တာ သိပါတယ်၊ နင်တို့အိမ်တွေမှာ ကြက်တွေမွေးထားတာပဲ၊ ကျွေးချင် သတ်ပြီး





ချက်ကျွေးပေါ့"

"ဟဲ့ ... သား ကျော်မျိုး သားနေမကောင်းလို့ လာကြည့် တဲ့လူတွေကို အဲဒီလို မပြောရဘူး၊ သား ... စားချင်ရင် အမေမှာပြီး ဝယ်ကျွေးမှာပေါ့"

"ဒါဆိုလည်းပြီးရော သားက အမဲသားကို ပိုစားချင်တယ်"

"ဟဲ့ အရင်က ... မင်းအမဲသား မစားဘူးမဟုတ်လား"

"အရင်က မစားလည်း အခုစားမယ်"

ထိုအချိန် ကွမ်းသီးပွဲစား လုပ်နေသော ဦးဝင်းထွန်းနှင့် ဦးသိန်းညွန့်တို့ ရောက်လာသည်။

"ဒေါ်လေးမြ ... ကျော်မျိုး အပင်ပေါ်က ကျလို့ဆို၊ အခု ဘယ်လိုနေသေးလဲ"

"မြင့်တဲ့အတိုင်းပါပဲ ... ဘာမှမဖြစ်ဘူးသာ ပြောနေတယ် အိပ်ရာပေါ်ကလည်း မထဘူး"

"အမေ ... ထမင်းဟင်းကျက်ရင် ထစားမှာပေါ့"

"ဟော့ကောင်ကျော်မျိုး မင်းအခုဘယ်လိုလဲ နေလို့ထိုင်လို့ သက်သာရဲ့လား"

"ဟာ ... ကောင်းပါတယ် ... ခြေထောက်နဲ့ ခါးနည်း နည်းနာလို့ အိပ်ရာထဲ လှဲနေတာ ဘာမှ စိုးရိမ်စရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းနေကောင်းတယ်ဆိုလို့ ဝမ်းသာပါတယ်"

ထိုစဉ် အေးမြတို့မိသားစုနှင့် သန်းမေတို့ နှုတ်ဆက်ပြီး ပြန်သွားကြသည်။

"မောင်သိန်းထွန်းနဲ့ မောင်ဝင်းထွန်း မနက်ဖြန် ကွမ်းသီးလက်ကျန်တွေ အကုန်လာယူလိုက်၊ အဒေါ် ... ငွေနည်းနည်း လိုနေတယ်"

"စိတ်ချအဒေါ် ... ရုံထဲမှာ အခွံခွာပြီး လှမ်းထားတဲ့ ကွမ်းသီးလက်ကျန်တွေ အကုန်လုံး မနက်လာယူမယ်၊

ဘယ်လောက်ရှိမယ် မှန်းထားလဲ"

"သုံးအိတ်ခွဲ လေးအိတ်နီးပါး ရှိမယ်ထင်တယ်"

"ကျွန်တော်မလာဖြစ်လည်း ကိုဝင်းထွန်း လာလိမ့်မယ်"

"အေး ... အေး ... အဒေါ် စိတ်ချနေမယ်"

"အခု ... ကျော်မျိုးကို ကျွေးဖို့ဘာချက်ထားလဲ"

"ဘာရှိမလဲကွယ် အေးမြကိုလွှတ်ပြီး ဟင်းစားဝယ်ခိုင်းတာ ကကတစ်လေးဆယ်သားရတာနဲ့ ဆီပြန်ချက်ထားတယ်"

"ဟာ ... နောက်နေ့ ငါးမစားဘူး ... အသားဟင်းနဲ့ စားမယ်"

"အေး ... အေး .. အမေဝယ်ကျွေးမှာပေါ့"





ကိုဝင်းထွန်းက ဒေါ်တင်မြအား လက်ကုတ်ပြီး အိမ်ပြင်သို့ ခေါ်ထုတ်လိုက်သည်။

"အစ်မမြ ... သားအခြေအနေကြည့်ရတာ မရိုးဘူး"

"ဟုတ်တယ် ... ကွမ်းသီးပင်ပေါ်ကကျပြီး ဖုတ်များ ဝင်သွားလား မသိဘူးကွယ်။ ငါသိပ်ပြီး မသင်္ကာတာနဲ့ ဒီည အိမ်မှာ ကူစောင့်အိပ်ပေးဖို့ အစ်ကိုကြီးတို့ သားအဖကို မှာထားတယ်"

သူ့မျက်လုံးတွေက မျက်ကြောသေနေတယ်၊ မျက်တောင် လည်း မခတ်သလိုပဲ ... အစားကိုလည်း အသားဟင်းပဲစားချင်လို့ ပူဆာနေတယ်၊

ငါ့သား ... အခုလိုမဖြစ်ခင်က ဘာဟင်းစားချင်တယ်၊ ညာဟင်းစားချင်တယ် တစ်ခါမှ ချေးမများဘူး။ ခြံထဲကထွက်တဲ့ အသီးအနှံ အရွက်၊ ထည့်လဲချက်နေတာ မညည်းမညူစားခဲ့တယ်။ အခု သစ်ပင်ပေါ်ကကျပြီး အိပ်ရာပေါ်ရောက်မှ အသားဟင်းပဲ ပူဆာင်းနေတယ်"

"တစ်ရက်နှစ်ရက် စောင့်ကြည့်သေးတာပေါ့၊ အခြေမဟန်ရင် ကျွန်တော့်အသိမိတ်ဆွေရဲ့ ဆရာကြီးတစ်ယောက်ရှိတယ်။ အဲဒီ ဆရာကြီးက ပဲခူးမှာနေတယ်၊ ကျွန်တော်သွားပင့်ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဝိုင်းဝန်းပြီး စောင့်ရှောက်ပေးကြပါ၊ အားတဲ့ အချိန် အိမ်ကို လာကြပါ၊ ငါ့တစ်ယောက်တည်း ပစ်မထားကြပါနဲ့ကွယ်၊

တစ်ခု မှာထားရဦးမယ် ... မင်းတို့အသိထဲမှာ ဒီကွမ်းသီး ခြံကြီးကို ဝယ်မယ့်လူရှိရင် အဒေါ်ရောင်းချင်တယ်။ အတတ်နိုင်ဆုံး ပေါက်ဈေးထက် လျှော့ရောင်းမယ်"

"ဟာ ခြံကြီးက အဒေါ်တို့အတွက် ဝင်ငွေကောင်းကောင်း ရှာပေးနေတာ မဟုတ်လား၊ မရောင်းပါနဲ့ နှမြောစရာကြီး"

"ပိုက်ဆံရှာပေးတာတော့ ဟုတ်တာပေါ့ ... မင်းဦးလေး မမာတုန်းက ကုလိုက်ရတဲ့ဆေးဖိုးဝါးခ အဒေါ်မှာ အကြွေးတွေ တင်ကျန်ခဲ့တယ်၊ အခု မင်းတို့ညီ မမာပြန်ဘူး။ ပိုက်ဆံဘယ်လောက် ကုန်ဦးမလဲ မသိဘူး၊ သူ့ဓာတ်စာ အသားဟင်းဖိုးနဲ့တင် အတော် ကုန်ဦးမှာ"

"အတတ်နိုင်ဆုံးတော့ ရင်ဆိုင်ကြည့်ဦးပေါ့ ... မဖြစ်မနေ ရောင်းမှ ဖြစ်မယ်ဆိုရင် ကျွန်တော် စုံစမ်းပေးပါ့မယ် ... ပွဲခက ပေါက်ဈေးထက် တစ်ဝက်ပဲယူမယ်"

"ပေးရမှာပေါ့ကွယ် ... ကဲ ... အဒေါ် မင်းတို့ညီကို ထမင်းကျွေးဖို့ လုပ်လိုက်ဦးမယ်"





"ဟုတ်ကဲ့ ... ကျွန်တော်တို့ ပြန်ဦးမယ်၊ မနက်ဖြန် ကွမ်းသီးတွေ လာယူလိုက်မယ်"

"အေး ... အေး ..."

ကွမ်းသီးပွဲစားနှစ်ယောက်လည်း ဒေါ်တင်မြကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ဒေါ်တင်မြလည်း ကျော်မျိုးအား ကကတစ်ဆီပြန်ချက်ကို ထည့်ကျွေးရာ လက်တစ်ဝါးခန့် သုံးကောင်လုံး ကုန်အောင်စားသလို အရိုးလည်း အကုန်ဝါးစားပစ်သည်။

"အမဲသား မရှိလို့သာ ဏးရတာ သိပ်မကြိုက်ဘူး၊

အမေ ... မနက်ဖြန် သားအတွက် အမဲသား မှာထားတယ် မဟုတ်လား၊

အမဲသားဟင်း များများလေးချက်နော် ... ကဲ ထမင်းစား ပြီးပြီ ခဏအိပ်လိုက်ဦးမယ်၊

အော် ... မေ့လိုက်တာ ... ငါးဟင်း ကျန်သေးလား"

"အမေစားဖို့ နည်းနည်းချန်ထားတယ်"

"ဟာ ... မချန်နဲ့၊ အရိုးထွင်ပြီး ထမင်းနည်းနည်းအပေါ် ဟင်းပုံပြီး ပန်းကန်တစ်ချပ်နဲ့ ဒီနားမှာ လာချပေးပါ"

"ဟဲ့ . . ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အမေးအမြန်း ထူတာပဲ ... ဒီနားမှာ လာချပေးမှာသာ ပေးစမ်းပါ"

ဒေါ်တင်မြလည်း သူစားရန် ချန်ထားသော ငါးအသေးတစ်ကောင်ကို အရိုးထွင်ပြီး ထမင်းပေါ်ပုံကာ သားဖြစ်သူအနီး လာချပေးထားလိုက်သည်။

"နောက်ကို သားစားတဲ့ဟင်းနဲ့ထမင်း အပိုတစ်ပန်းကန် ထည့်ပြီး ဒီနားမှာ လာချထားပေးဟုတ်လား"

"မင်းကမစားဘဲ ... ဘာလုပ်မှာလဲ"

"ဘာလုပ်လုပ်ဗျာ မမေးနဲ့"

"အေး ... အေး ... မမေးနဲ့ဆိုလည်း ... မမေးတော့ပါဘူး"

ဒေါ်တင်မြလည်း မီးဖိုထဲဝင်ပြီး ဟင်းရည်လက်ကျန်ကို ထမင်းထဲလောင်းထည့်ကာနယ်ပြီး ဝမ်းကိုဖြည့်လိုက်သည်။

ထို့နောက် မီးဖိုခန်းတွင်းမှနေ၍ အပြင်မှ အသံလိုလို ကြားလိုက်မိသည့်အသံက အမျိုးသမီးတစ်ယောက်၏ အသံမျိုးဖြစ်သည်။

"ရော့ ... စားစမ်း၊ မနင်အောင်လည်းစား ... ငါခွန့် မကျွေးနိုင်ဘူး၊ ကိုယ်လက်နဲ့ကိုယ်ယူစား"

"ဘုရား ဘုရား ... ကျော်မျိုး ပြောနေတာပါလား ...





သူ့အသံလည်း မဟုတ်တော့ဘူး မိန်းမအသံ ဖြစ်သွားတယ်၊ အဲဒီပန်းကန်ထဲက ထမင်းနဲ့ဟင်းကို ဘယ်သူ့ကို ကျွေးနေတာလဲ ... ပုံစံက မသင်္ကာစရာပဲ"

ဒေါ်တင်မြ မီးဖိုထဲမှာ ရှိနေတုန်း အစ်ကိုကြီး ဦးသိန်းဆောင်နဲ့ သူ့သား လူပျိုကြီးဖိုးစံတို့ ရောက်လာကြသည်။ ရွာလယ်မှာ နေသည်။

ဒေါ်တင်မြလည်း အိမ်ရှေ့သို့ထွက်ပြီး သားဖြစ်သူ၏ အခြေအနေကို အစ်ကိုကြီးနှင့် တူဖြစ်သူတို့အား ပြောပြထားလိုက်သည်။

သို့ဖြင့် ထိုညတစ်ညလုံး ဘာပြဿနာမှ မတက်ဘဲ အေးအေးဆေးဆေး ရှိခဲ့သည်။

နောက်နေ့ရောက်တော့ သူစားချင်သည်ဆိုသော အမဲသားဟင်းကို ချက်ကျွေးလိုက်သည်။

ငါးဆယ်သားချက်ကို မနက်စာ၊ ညစာ ခွဲချန်ကာ ထည့်ကျွေးစဉ် ညစာအတွက် ချန်ရပ့်ါမလားဆိုပြီး အော်ဟစ်နေသည်။

ဦးသိန်းဆောင်လည်း ဆူသလို အော်ငေါက်ပြောသော်လည်း မရ၊ နောက်ဆုံး ညစာမချန်တော့ဘဲ အားလုံးကျွေးလိုက်ရသည်။

ကျော်မျိုး၏ အဖြစ်အပျက်နှင့် အမူအရာကို ကြည့်ပြီး ... ဦးသိန်းဆောင်က ဖုတ်ဝင်နေပြီဟု ညီမဖြစ်သူအား အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"အဲဒါဆို ဘယ်လိုလုပ်မလဲ … ကျွန်မတော့ ကိုယ့်သားသမီး မှန်ပေမဲ့ သက်တမ်းကုန်လို့ သေဆုံးသွားပြီဆိုရင်လည်း လက်ခံမှာပါ၊ အခုလို သားရဲ့ခန္ဓာကိုယ်မှာကပ်ပြီး စားသောက်နေတဲ့ ဖုတ်ကောင်နဲ့ အတူတော့ တစ်အိမ်ထဲ မနေဝံ့ပါဘူး၊

ကြာရင် လူကောင်းတွေကို ဒုက္ခပေးလာနိုင်တယ်၊ သူ့အတွက် ကျွန်မ အသားဟင်း စီစဉ်ပေးရပါလည်း စရိတ်စကများတယ်၊ ဖြစ်နိုင်ရင် ဆရာကောင်းသမားကောင်းရှာပြီး ဖုတ်ထုတ်ပစ်လိုက်တာ ကောင်းလိမ့်မယ်၊

ပွဲစားဝင်းထွန်းကတော့ သူ့အသိဆရာကြီး ပဲခူးမှာ ရှိတယ် လို့ ပြောတယ်၊ ဆရာပင့်ချင်တယ်ဆိုရင် သူအကူအညီပေးမယ်လို့ ပြောသွားတယ်"

"ဒါဆို ဘာလို့အချိန်ဆွဲနေမှာလဲ မိတင်မြရယ် ဆရာပင့်ဖို့ ပိုက်ဆံပေးပြီး လွှတ်လိုက်ပါလား"

"ဒါဆို ကျွန်မ ဝင်းထွန်းတို့အိမ် သွားကြည့်လိုက်ဦးမယ်၊ မနက်က ဝင်းထွန်း ကွမ်းသီးအိတ်တွေ လာယူသွားတယ်၊ အခု ပွဲရုံကိုများ ထွက်သွားပြီလား မသိဘူး၊

ဘုရား … ဘုရား … ဝင်းထွန်း ဘယ်မှမသွားပါစေနဲ့"





"အမေ … အမေ … အိမ်ရှေ့မှာ ဘာတွေပြောနေတာလဲ"

အိမ်ထဲမှ ကျော်မျိုး၏အသံ ထွက်လာသည်။

"ဟဲ့ ဘာမှမပြောဘူး၊ နင့်ဘကြီးနဲ့ ကွမ်းသီးခြံအကြောင်း တိုင်ပင်နေတာ"

"မဟုတ်ပါဘူး … ကျွန်တော် နေကောင်းတယ်နော် ဆရာတွေဘာတွေ လျှောက်မခေါ်နဲ့"

ကျော်မျိုးစကားကြောင့် ဒေါ်တင်မြက အစ်ကိုကြီးအား လှည့်ကြည့်ပြီး မျက်ခုံးပင့်ပြလိုက်သည်။

"မင်းအတွက် ညနေစာဟင်းစားသွားရှာလိုက်ဦးမယ် … မင်းအစ်ကိုနဲ့ စကားပြောနေဦး အောက်မှာ ဘကြီးလည်းရှိတယ်"

"အမဲသားဝယ်ခဲ့"

"ဟဲ့ … ဒီအချိန် အမဲသားမရတော့ဘူး၊ ကြက်သား ရှာဝယ်ခဲ့မယ်"

"မြန်မြန်ပြန်ခဲ့"

"အေး … အေး … ကြက်သားရအောင် အမေဝယ်ခဲ့မယ်"

ကြက်ကတော့ အိမ်အတော်များများ ကြက်မွေးကြသဖြင့် တစ်ကောင်လောက်ဝယ်လျှင် ရနိုင်သည်။ အမဲသားက လိုချင်တိုင်း မရနိုင်၊ ဟင်းစားဝယ်ရန် အကြောင်းပြပြီး ကိုဝင်းထွန်းအိမ်သို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။

ကိုဝင်းထွန်းနှင့် အဆင်သင့်တွေ့သည်။

"မောင်ဝင်းထွန်း ပွဲရုံများ ရောက်နေလားလို့ စိတ်ပူနေတာ"

"ပွဲရုံက စောစောကမှ ပြန်ရောက်တယ်၊ လက်ကျန်ပိုက်ဆံ ယူမလို့ တစ်ခါတည်း ရှင်းပေးလိုက်မယ်"

"လာတုန်းကတော့ ပိုက်ဆံရှင်းမလို့မဟုတ်ဘူး၊ ရောင်းချ ပြီဆိုလည်း ရှင်းသွားလိုက်မယ် ... အဓိကလာတာက ပဲခူးမှာ ရှိတယ်ဆိုတဲ့ ဆရာကြီးကို ပင့်ခိုင်းမလို့"

"ကျော်မျိုးအခြေအနေ ဘယ်လိုလဲ"

"ဆိုးလာတယ်၊ အမဲသားငါးဆယ်သား မနက်ည ခွဲချ ထားတာသိတယ်၊ မကုန်မချင်း တောင်းနေတော့တာပဲ ... အ မင်းဆီလာမလို့ အိမ်ရှေ့မှာ အစ်ကိုကြီးနဲ့ တိုင်ပင်နေတာ ဆရာ ခေါ်မလို့ တိုင်ပင်နေတာလား၊ သူနေကောင်းတယ်တဲ့ အဓိကတို့ ပြောစကား သူဘယ်လိုသိလဲ စဉ်းစားကြည့်ပေါ့၊

ဒီညနေလည်း အမဲသား ချက်ကျွေးရမယ်လို့ ပြောနေ ပြန်တယ်၊ ဒီကပြန်ရင် ကြက်တစ်ကောင် ဝယ်သွားပြီး တစ်ဝက် ကျွေးမယ်၊ တစ်ဝက်ချန်ထားကြည့်မယ် ဘာထူးခြားလဲ သိရတာ ပေါ့"





"ကျွန်တော် ... မနက်မိုးလင်းတာနဲ့ ပဲခူးကိုလိုက်သွားပြီး ဆရာကြီးတွေ့တာနဲ့ ချက်ချင်းပြန်ခဲ့မယ် ... ဆရာကြီးအဆင်သင့် ရှိနေရင် နေ့ခင်းပိုင်း ပြန်ရောက်မှာပဲ"

ဒေါ်တင်မြလည်း ခရီးစရိတ် ထုတ်ပေးပြီး ပြန်ခဲ့သည်။

နေ့ဆယ့်နှစ်နာရီခန့် ဆရာကြီးဆိုသူနှင့် ဝင်းထွန်းတို့ ပြန်ရောက်လာသည်။

ဆရာကြီးအသက်က ခြောက်ဆယ့်ငါးခန့်ရှိပြီဟု မှန်းမိ ကြသည်။ ရောက်မဆိုက်ပင် ဆရာကြီးက ခေါင်းရင်းပိုင်းမှာထိုင်ပြီး လူမမာကို အကဲခတ်နေသည်။

ဆရာကြီးအား ရေနွေးကြမ်းနှင့် လက်ဖက်ပွဲ ချပေးသည်။

"အေးအေးဆေးဆေးမှသောက်တာပေါ့ ... ရောက်မဆိုက်ပဲ လူမမာကို ကြည့်လိုက်ကြရအောင်"

"ဟုတ်ကဲ့ ... ဆရာကြီးကို အပ်ပါတယ်။ ပျောက်ကင်း အောင် ကုသပေးပါ ဆရာကြီး"

"ဖြစ်ပြီးကတည်းက ကယောင်ကတမ်းတွေ ပြောလိုက်၊ အစားတောင်းလိုက် လုပ်နေတော့တာပဲ အစားလည်း ကြုံသလို ကျွေးတာ လက်မခံဘူး ... အမဲသားပဲ တောင်းတယ်၊

သူက ... အခုလိုဖြစ်နေတော့ ကျွန်မလည်း ဘာလုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုင်ရမှန်းမသိဘူး ဖြစ်နေတယ်၊ သား ... ရောဂါပျောက်အောင် ကုသပေးပါ ဆရာကြီး"

ဆရာကြီးလည်း ဒေါ်တင်မြ ပြောစကားကို နားထောင်ရင်း လူနာကို အကဲခတ်ကြည့်နေသည်။

လူနာမှာ ပေါင်ရင်းမှ ခြေဖျားတိုင် ယောင်နေသည်။ ခါး အထက်ပိုင်း နံရိုးများပင် ပေါ်မတတ် ပိန်လှီနေသည်။

မျက်တွင်းဟောက်ပက်နှင့် မျက်တောင်မခတ်ဘဲ ရှိနေသည်။ အသက်ကို ခပ်ပြင်းပြင်း ရှူနေသည်။ လက်နှစ်ချောင်းကလည်း တွဲလဲကျနေသကဲ့သို့ ဖြစ်နေသည်။

"အခုလိုဖြစ်တာ ... ဘယ်နှစ်ရက်ရှိပြီလဲ"

"ဒီနေ့ပါဆို သုံးရက်ရှိပြီ ဆရာကြီး"

"ဆရာ တက်နိုင်သလောက် ကုပေးပါ့မယ်၊ ဒီကလေးရဲ့ အကြောင်းတော့ မောင်ဝင်းထွန်းပြောလို့ သိတန်သလောက် သိခဲ့ ပြီးပါပြီ"

"အမေ ... အမေ ... ဒီလူကြီးကို ဘာကြောင့်ခေါ်လာ တာလဲ၊ ဒီလူကြီးကြောင့် အမေနဲ့ သား ကွဲရလိမ့်မယ်၊ သူ့ကို ပြန်ခိုင်းလိုက်ပါ"

"ဘယ်ဖြစ်မလဲ သားနေကောင်းအောင် ဆေးကုပေးမလို့





သွားပင့်လာခဲ့တာ ... သားနေကောင်းမှ ဆရာကြီးက ပြန်မှာ"

"ဟာ ... သား ဘာမှမဖြစ်ဘူး သူ့ကို မကုခိုင်းပါနဲ့"

"လုပ်ပါဦး ဆရာကြီးရယ် သားလေးရဲ့ အခြေအနေမှန်ကို ပြန်ရအောင်ကူညီပေးပါ"

"အင်း ... သူ့ကံရှိသေးရင် ချမ်းသာနိုင်ပါတယ်၊ အားမငယ် ပါနဲ့။ သူမှာ ဝင်ပူးကပ်နေတာ သရဲမတစ်ကောင်ပဲ ကလေး တစ်ကောင်လည်း ကပ်ပါနေတယ် ... အားလုံး အကျိုးအကြောင်း သိရအောင် မောင်ကျော်မျိုးမှာ စွဲပြီတွယ်ကပ်နေတဲ့ အစွဲရှင်ကို ခေါ်မယ် ... နားသာထောင်နေကြ"

ဆရာကြီးက အားလုံးကို ပြောလိုက်ပြီး ဘုရားစင်ရှေ့ သွားကာ ဆီမီးထွန်း၊ အမွှေးတိုင်ထွန်း၊ သောက်တော်ရေကပ်ပြီး ... ဘုရားရှိခိုးလိုက်သည်။

"အမယ်လေး ပူလိုက်တာ ... ပူလိုက်တာ"

"ရက်စက်လှချည်လား ဆရာကြီး ... ကျွန်မကို ချမ်းသာ ပေးတော်မူပါ၊ ဆရာ မနေစေချင်ရင် မနေတော့ပါဘူး၊ သွားပါ တော့မယ်"

"နင်သွားချင်တိုင်း သွားလို့မရသေးဘူး မေးစရာရှိသေးတယ်"

"ဘာကိုမေးမှာပါလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်သူလဲ ... ဘာကြောင့် ပူးကပ်စားသောက်နေတာလဲ"

"ကျွန်မက ဟိုဖြူးအရှေ့ခြမ်း ရွာလေးတစ်ရွာက ကျော့မိုးရဲ့ မိန်းမပါ၊ ကျွန်မကို ပစ်ထားခဲ့ပြီး ကလေးတစ်နှစ်ပြည့်တာတောင် လာမခေါ်လို့ စိတ်ဆိုးပြီး လိုက်လာခဲ့တာ၊

အဲဒီလိုလာရင်း ကျွန်မတို့စီးလာတဲ့ကားနဲ့ တစ်ဘက်က လာတဲ့ကား မျက်နှာချင်းဆိုင်တိုက်မိပြီး ကျွန်မတို့သားအမိ မီးလောင်လို့ သေဆုံးခဲ့ရပါတယ်၊

ကျွန်မတို့သေတာ ရွာကလူတွေလည်း အခုထိ မသိသေးသလို ကျွန်မယောကျ်ားကလည်း မီးလောင်လို့ ရုပ်ပျက်နေတဲ့ ကျွန်မတို့ကို မမှတ်မိပါ၊

ဒါကြောင့် ကလေးကို လက်ဆွဲပြီး သူလုပ်နေတဲ့ ခြံထဲမှာ မှတ်မိလိုမှတ်မိငြား နေစဉ်လာနေပေမဲ့ သူက မမှတ်မိဘူး ... ဒါကြောင့် ရက်ရက်စက်စက် ပစ်ထားပြီး ကလေးနဲ့ မယားကို တွေ့တာတောင် မမှတ်မိတဲ့ သူ့ကို စိတ်နာပြီး သစ်ပင်ပေါ်က ကျအောင် လုပ်ခဲ့တာ၊

သူလည်းသေရော သူ့ခန္ဓာကိုယ်ထဲဝင်ပြီး နေလိုက်တာပါ"

အနားမှာထိုင်ပြီး နားထောင်နေသည့် ဒေါ်တင်မြက ...





"ကျွန်မသားက သွားချင်ပေမဲ့ မသွားနိုင်လို့ လိုက်လာခဲ့ဖို့ လူကြုံနဲ့မှာတယ် ... နှစ်ခါတောင် မှာတယ်"

"ဘာလူကြုံမှ ရောက်လည်း မလာဘူး၊ လာလည်း မပြောဘူး။ စောင့်ရင်း စောင့်ရင်း လာမခေါ်နိုင်တာနဲ့ ... ကလေးခေါ်ပြီး လိုက်လာရင်း သေခဲ့ရတာပါ"

"ဆရာကြီးပြောမယ် ... ကလေးမရဲ့ ယောကျ်ားလည်း ဒီကလေးမိဘတွေရဲ့ ကျန်းမာရေးကြောင့် မင်းကို ပြန်ခေါ်ချင်ပေမဲ့ မခေါ်ဖြစ်တာ မုန်းလို့၊ ပြတ်လို့ မဟုတ်ဘူး။ လူကြုံရှိတာနဲ့ လိုက်လာခဲ့ဖို့ တစ်နှစ်အတွင်း နှစ်ကြိမ် မှာခဲ့တယ်တဲ့"

"ဒါဆို ... အခုလိုဖြစ်အောင်လုပ်တာ ကျွန်မရဲ့အမှားပေါ့ ဟုတ်လား"

"အေး ... မင်း၊ ဒေါသကြောင့် မင်းရဲ့ယောကျ်ားသေခဲ့ရတာ မင်း ... အခု တမလွန်မှာ မင်းယောကျ်ားကို မတွေ့ဘူးလား"

"သူ့ကိုမုန်းလို့ မရှာပါဘူး"

"အေး ... မင်းက သူသေသေချင်း သူ့ခန္ဓာကိုယ်မှာ ပူးကပ်နေတာဆိုတော့ သူ့ဝိညာဉ်ဘယ်ရောက်သွားလဲ မင်းဘယ်သိမလဲ၊

"ရောက်ရာဘဝမှာလည်း သေသွားတဲ့လူတိုင်း အတိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းသာ နေကြရမှာပဲ၊ တမလွန်မှာ အတူတူနေချင်လို့လည်း ကံတရားက မျက်နှာသာပေးဦးမှ”

“ကျွန်မကို သွားခွင့်ပြုပါတော့၊ ကျွန်မ မနေနိုင်အောင် ပူလှပါတယ်။ ကျွန်မ နောင်တရပါပြီ၊ ကိုကျော်မျိုးရဲ့ ခန္ဓာကိုယ်က ခွာပေးပါတော့မယ်”

“အေး ... အေး ... မင်းသွားလို့ရပြီ”

ဆရာကြီးက မောင်ကျော်မျိုးလည်ပင်းမှာ စွပ်ထားသော ချည်မန်းကွင်းကို ပြန်ဖြုတ်ပေးလိုက်သည်နှင့် မောင်ကျော်မျိုးလည်း အိပ်ရာပေါ် ပြန်လဲကျကာ သရဲမဝိညာဉ်က ထွက်သွားတော့သည်။

မောင်ကျော်မျိုး၏ မျက်စိနှစ်လုံး ရှိုင့်ဝင်လျက် ပါးနှစ်ဘက်က အရိုးပေါ် ကပ်နေသည်။

အပုပ်နံ့ကလည်း မခံမရပ်နိုင်အောင် နံလွန်းလှသည်။ ဆရာကြီးက အိမ်ပြင်သို့ ထွက်လာပြီး ...

“ကဲ ... ကဲ ... အချိန်ဆွဲမနေကြနဲ့။ သေတဲ့သူက သုံးရက်ရှိပြီ အလောင်းကို သင်္ချိုင်းပို့ဖို့ လုပ်ကြပေဦး”

ဆရာကြီးအား အိမ်အောက်သို့ ဆင်းစေပြီး ကွပ်ပျစ်ပေါ်မှာ နေရာချပေးလိုက်သည်။

ထို့နောက် အိမ်မှာ ရောက်နေသော လူအချို့နှင့် အလောင်းကို





ဖျာနှင့်လိပ်ပြီး သင်္ချိုင်းသို့ သယ်သွားကာ ချက်ချင်းမြေမြှုပ်လိုက်ကြသည်။

ကျော်မျိုး၏ ရက်လည်သပိတ်သွပ် အလှူရေစက်ချပွဲမှာ ဇနီးဖြစ်သူနှင့် သားလေးကိုပါ ပင့်ဖိတ်ပြီး အမျှဝေလိုက်ကြသည်။

ဆရာကြီးက မောင်ကျော်မျိုးကို မြေမြှုပ်ပြီး ညနေပိုင်း ရောက်တော့ ဇင်းကျိုက်တောင်မှာ အဓိဋ္ဌာန်ဝင်ပြီးမှ ပြန်မည်ဆိုသဖြင့် ဇင်းကျိုက်တောင်သို့ ကိုဝင်းထွန်းက လိုက်ပို့ပေးခဲ့သည်။

ရက်လည်ပြီး၍ တစ်ခုသောညမှာ ဒေါ်တင်မြ အိပ်မောကျနေရာမှ ထူးဆန်းသော အိပ်မက်ကို မက်ခဲ့လေသည်။

သားမောင်ကျော်မျိုးတစ်ယောက် ဇနီးနှင့်သားကို လက်ကဆွဲ၍ မိခင်ကြီးထံ ရောက်လာသည်။

သားတို့မိသားစုသုံးယောက် ညောင်ပိန္နဲပင်ကြီးမှာ နေပြီး အမေ့ကို စောင့်ရှောက်မည်၊ ကွမ်းသီးပင်မှ အသီးများကို ခူးဆွတ်ပေးမည်ဟု အိပ်မက်ပေးလာသည်။

ထိုကဲ့သို့ အိပ်မက်ပေးသည့်အတိုင်း ... မောင်ကျော်မျိုးတို့ လင်မယားလည်း မိခင်ကြီး၏ အလုပ်များကို ကူညီရင်း စောင့်ရှောက်ခဲ့လေသည်။

မိခင်ကြီးကလည်း ခြံကိစ္စ၊ ကွမ်းသီးခူးသည့်ကိစ္စများအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူပင်ရသည့်အတွက် စိတ်ချမ်းသာစွာ ရှိနေလေသည်။

ကျော်မျိုးက ရင့်မှည့်နေသော ကွမ်းသီးခိုင်များကို တစ်ပင်မှ တစ်ပင်ကူးရင်း၊ ခူးပေးနေရာ ခါတိုင်း ကျော်မျိုးနှင့် ခင်မောင်သန်းတို့ နှစ်ယောက် ခူးချပေးသည်ထက်ပင် ပိုပြီးရရှိသည်။ ပို၍ခူးချပေး နိုင်သည်။

ဇနီးဖြစ်သော ဝိညာဉ်ကလည်း ခြံကြီးနှစ်ခြံကို ရှင်းလင်း နေအောင် လုပ်ပေးသည်။

ကွမ်းသီးခွဲသူ၊ ကွမ်းသီးနေလှမ်းသူ၊ အခွံခွာသူ အလုပ်သမ လေးများ အလုပ်မလုပ်ဘဲ စကားများနေကြလျှင် လူမမြင်ရဘဲ ခေါင်းကို အခေါက်ခံရတတ်သည်။

ဒါမှမဟုတ် ခဲလုံးလေးများနှင့် အပစ်ခံရတတ်သည်။ တစ်ခါ တစ်ရံ လက်နှင့်ခတ်ဆတ်ဆတ်လေး ရိုက်တတ်သည်။ သို့သော် အလုပ်လာလုပ်လျှင် စကားနည်းနည်းပြောပြီး အလုပ်များများ လုပ်ကြရသည်။ မည်သူမျှမလုပ်ဘဲ မနေဝံ့ကြ။ အလုပ်ပိုပြီးသလို အလုပ်သမားများလည်း နေ့တွက်ခ များများရသည်။ သို့ကြောင့် အဘက်ဘက်က ဝင်ငွေပိုရလာခဲ့တယ်။

သရဲလင်မယားသတင်းကြောင့် သူတို့စီးပွားရေးကို ဖျက်ဆီး မည့်သူ နှောင့်ယှက်မည့်သူမရှိ။





သို့ကြောင့် စီးပွားက ကျော်မျိုး အသက်ထင်ရှားရှိစဉ်က ထက်ပင် တိုးပွားလာခဲ့သည်။

ဒေါ်တင်မြလည်း စိတ်ချမ်းသာနေသည်။ အိမ်အတွက်လည်း မပူပင်ရသည့်အတွက် ဘုရားသွားကျောင်းတက် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေထိုင်နိုင်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# နတ်ယောင်ဆောင်တဲ့သရဲနဲ့ မဖဲဝါ

"မအေးညွန့်တို့ ... ရှိကြပါသလား"

"ဒေါ်အေးညွန့် ... ဒေါ်အေးညွန့်"

ခြံဝမှာရပ်နေသော အသက်ကြီးကြီး အမျိုးသမီးကြီးနှင့် ခပ်ရွယ်ရွယ် အမျိုးသမီးတို့ တစ်ယောက်တစ်သံနှင့် ခြံထဲသို့လှမ်း၍ အသံပြုနေသည်။

အိမ်ထဲမှာ တီဗွီကြည့်နေသော ဒေါ်အေးညွန့်လည်း အသံကြားသဖြင့် တီဗွီကိုပိတ်ကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

ဒေါ်အေးညွန့်က ... အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးသက်ခိုင်၏ကတော်ဖြစ်သည်။





အိမ်ရှေ့တံခါးကို မဖွင့်သေးဘဲ အပြင်သို့ ချောင်းကြည့်လိုက်ရာ အသိမိတ်ဆွေများ ဖြစ်နေသဖြင့် ...

"အို ... မငွေမြနဲ့ ကတော်ကြီး ဒေါ်လွန်းမေတို့ပါလား၊ လာ ... လာ ... လာ အိမ်ထဲဝင်"

တံခါးဖွင့်ပေးလိုက်သဖြင့် ဒေါ်လွန်းမေနှင့် မငွေမြတို့ အိမ်ထဲဝင်လာသည်။

"သမီးလေးရော ... မမြင်ပါလား"

"နေနည်းနည်းကောင်းတာနဲ့ အပြင်ခဏသွားတယ်၊

ခွင့်ယူထားတာလည်း ပြည့်တော့မယ် နေထိုင်ကောင်းလာတဲ့အတွက် ခွင့်ပြည့်တာနဲ့ အလုပ်ပြန်ဆင်းရမယ်"

"ဘယ်ကများ မျက်စိလည်လာကြတာလဲ"

ဒေါ်လေးညွန့်က မေးလိုက်သည်နှင့် ... နတ်ကတော် ဒေါ်လွန်းမေက ...

"ဩော် ... ဆရာကတော်ရဲ့သမီး နေမကောင်းတာကြားလို့ လာကြည့်မယ့်ဟာ မရောက်ဖြစ်ဘူး၊ အခု ကျန်းမာနေပြီဆိုလို့ ဝမ်းသာပါတယ်"

"ဒေါ်သိန်းမေနဲ့တွေ့လို့ ပြောသေးတယ်၊ အထိန်းတော်ကြီး ဟာချက်မှန်လွန်းလို့ ပဝါကန်တော့မလို့ ဝယ်ထားတယ်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ပြောသေးတယ်"

"အို ... ဟုတ်လား၊ ဒီကပြန်မှပဲ လှည့်ဝင်လိုက်မယ်"

"ကတော်ကြီး ရောက်တုန်းရောက်ခိုက် အိမ်ကဆရာကြီး ရာထူးတိုးမတိုးနဲ့ သမီးလေး ညညအိပ်မက်ဆိုးတွေမက်တာ၊ အိပ်မက်ထဲမှာလိုလို အပြင်မှာလိုလို မင်းညီမင်းသားတစ်ယောက်နဲ့ တွေ့နေရတာ ဘယ်ပုံဘယ်နည်းဆိုတာ ကြည့်ရှုပေးပါဦး"

"ဟင် ... ပြီးခဲ့တဲ့လက ဆရာကြီးအတွက် ဟောထားတယ်လေ၊ ဒီနှစ်ကျောင်းတွေပိတ်ပြီး ပြန်ဖွင့်ရင် အထက်တန်းကျောင်းအုပ်အဆင့်ထက် မနိမ့်တဲ့ ရာထူးအဆင့်မြင့်ခြင်း ခံရမယ်လို့ ဟောထားတယ်မဟုတ်လား ... မှန်မမှန်စောင့်ကြည့်ဦးလေ၊

မွေးလဟိုဘက်ရောက်ရင် ရာထူးတက်မယ်၊ နေရာအပြောင်းအရွှေ့ရှိတယ်လို့ ဟောထားတယ် မဟုတ်လား။ တောင်ပြုံးမင်းလေးကိုယ်တိုင် ပြောသွားတာ စိတ်သာချ၊ လူအာမခံတာမဟုတ်ဘူး နတ်အာမခံတာ"

"ဒါဆို ဆရာ့အကြောင်း မမေးတော့ပါဘူး ... သမီးလေး အကြောင်းပဲမေးမယ် ...။ အခုနောက်ပိုင်း ပယောဂလိုလို ဘာလိုလို ဖြစ်နေတယ် ... ကျန်းမာတယ်ဆိုပေမဲ့ ဒေါင်ဒေါင်မည် မဟုတ်သေးဘူး"





"အရှင်သခင်များကိုပင့်ပြီး မေးပေးပါ့မယ်၊ ကဲ ... ထုံးစံအတိုင်း ရေစင်ဖိုးထည့်ပေတော့"

ထိုအချိန် ဒေါ်အေးညွန့်၏သမီး မေသူ အပြင်ကပြန်လာသဖြင့် မီခင်ကြီးအနား ဝင်ထိုင်ရင်း နားစွင့်နေလိုက်သည်။

သောက်ရေဖန်ခွက်ကိုယူပြီး ခွက်ထဲသို့ ဒေါ်အေးညွန့်က ပိုက်ဆံအထပ်လိုက် တည်လိုက်သည်။

ထို့နောက် နတ်ကတော်ဒေါ်လွန်းမေက နတ်ပင့်လေတော့သည်။

တခဏမျှကြာလျှင် လက်အုပ်ချီ ပူးကပ်ထားသော လက်နှစ်ဖက် တဆတ်ဆတ် လှုပ်ရှားလာကာ တစ်ကိုယ်လုံး ရှေ့တိုးနောက်ငင် ဆန်ကောဝိုင်းသလို ယိမ်းတိုးလာတော့သည်။ ဝါးခနဲ သမ်းဝေလိုက်သည်နှင့် ဒေါ်အေးညွန့်က ...

"ယခု ကြွလာတာ ဘယ်အရှင်သခင်ပါလဲ"

ဟူ၍ မေးလိုက်လျှင် နတ်ကတော်ကြီးလည်း ယိမ်းယိုင်နေရာက ...

"ကျုပ်နှမကြီး ဘာအလိုရှိလို့ ပင့်တာလဲ ... ကျုပ်က တောင်ပြုံးမင်းကလေးပဲ"

ဒေါ်အေးညွန့်က တောင်ပြုံးမင်းကလေးဆိုသူအား ...



www.burmeseclassic.com

www.burmeseclassic.com



"နမကြီးအတွက် မေးချင်လို့ မေးတာမဟုတ်ပါဘူး သခင်လေးရဲ့ ... နမကြီးရဲ့ ကြာသပတေးသမီးလေး မေသူ အတွက် မေးချင်လို့ပါ"

"အင်း ကြာသပတေးသမီးလေးမှာ ဘာဘေးရန်မှ မရှိပါဘူး၊ လူချစ်လူခင်လည်း အရမ်းပေါတယ်၊ ရွှေ့လျှောက်လည်း စုတ်ကြီး လာဘ်ကြီးများဝင်ဖို့ရှိတယ်၊ ဘာဘေးရန်မှ မရှိဘူးကွဲ့၊

ကြာသပတေးသမီးလေးအရွယ်ရောက်နေပါပြီ၊ ဘာကြောင့် အိမ်ထောင်ရက်သား ချမပေးတာလဲ"

"ကြာသပတေးသားသမီးကိုယ်၌က အိမ်ထောင်မပြုချင် သေးတာပါ၊ ကြာသပတေးသမီးကို ကြိုက်လို့လာတောင်းတဲ့လူတွေ အားနာနာနဲ့ ငြင်းနေရပါတယ်"

"ဟား ... ဟား ... ဟား ... ဒီကြာသပတေးသမီးက လိပ်ပြာလှတဲ့အတွက် သူ့ကို ယူချင်တာ လူတင်မကဘူးဟဲ့၊

မင်းတို့သိလား ... မြို့ထဲက ဦးစံထွန်း ဇနီးငယ်ငယ်လေးကို နတ်နဲ့ သူကိုယ်တိုင် မင်္ဂလာဆောင်ပေးလိုက်တာ၊ အခု ကိုယ်တော် မ,လို့ ချမ်းသာနေတယ်မဟုတ်လား၊

တို ... ဦးစိုးမြင့် သူ့သမီးကိုလည်း ကိုယ်တော်လေးနဲ့ မင်္ဂလာဆောင်ပေးတာ ကို^^ာက်လေး မ,လို့ တိုက်ပိုင်ကားပိုင်နဲ့





ချမ်းသာသွားပြီ မဟုတ်လား၊

ပွဲစားထွန်းကျော်ဆိုတဲ့ သူ့ဇနီးကို နတ်နဲ့အိမ်ထောင်ပြု ပေးတာ ... အခု ချမ်းသာပြီး ရန်ကုန်ပြောင်းသွားပြီမဟုတ်လား"

"အားလုံးကြားပါတယ်"

"မင်းတို့ကော မချမ်းသာချင်ဘူးလား၊ ရာထူးတွေ မတက်ချင် ဘူးလား၊ ကြာသပတေးသမီး မိဘတွေချမ်းသာတာ မမြင်ချင် ဘူးလား"

"မြင်ချင်ပါတယ်"

"အေး ... ကိုယ်တော်လေးပြောသလို ... ကိုယ်တော် လေးနဲ့သာ မင်္ဂလာဆောင်လိုက် နတ်မ,ပြီး နေ့ချင်းညချင်း ချမ်းသာ သွားလိမ့်မယ်"

"နတ်နဲ့မင်္ဂလာဆောင်ပြီးရင် အိမ်ထောင်ပြုလို့ မရဘူးလား"

"အိမ်ထောင်ပြုလို့ ရပါတယ် ... နတ်ကို ကျေနပ်အောင် ခွင့်တောင်းပြီး ... သူကျေနပ်ရင် ပြုလို့ရပါတယ်"

"ကျုပ်နမကြီးရဲ့ သမီးကို ... ကျုပ်တော် ကောက်မယ် ဆိုရင် ကျုပ်နဲ့ မင်္ဂလာဆောင်ပေးနိုင်မလား"

"အသင်က မည်သည့်နတ် ဖြစ်သည်ကို မသိသေးပါ"

"ဟား ... ဟား ... ဟား ... မင်းကလေးလေ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ အသည်းစွဲတဲ့ မင်းကလေးပါ”

“အို ... မယူရဲပါဘူး ကြောက်ပါတယ်”

“ဟား ... ဟား ... ဟား ... ကျုပ်နှမလေး ဘာမှ မစိုးရိမ်ပါနဲ့၊ မင်းကလေး တော်ကောက်တဲ့နောက် ချမ်းသာရေပေါ့ ... မကြာခင် ကနားပွဲပေးပြီး လက်ထပ်ပွဲကျင်းပမယ် ... တဲ့ တဲ့”

“ဟို ... ဟို ... ကိုယ်တော်လေး၊ ကနားပွဲ ကြီးကြီး ကျယ်ကျယ်မပေးဘဲ အိမ်မှာပဲ ထိုင်ကနားပေးပြီး လက်ထပ်ပွဲ ဆင်နွှဲလို့ မရဘူးလား”

“ကိုယ်တော်လေးတို့မင်္ဂလာပွဲကို ရပ်သိရွာသိလုပ်ချင်တာ ဘာဖြစ်လို့လဲ”

“ဟို ... ကြာသပတေးသမီးရဲ့ ဖခင်က ဒီကိစ္စတွေ လုံးဝ ကြိုက်တာမဟုတ်ဘူး၊ သူသိရင် ပြဿနာကျယ်ကျယ်ဖြစ်မှာစိုးလို့”

“အေးလေ ... မင်းကလေးပဲ အလျှော့ပေးပါတယ်၊ နှမ ကြီးတို့ ကျေနပ်ရင် ရပါတယ် ... စနေ၊ တနင်္ဂနွေကလွဲပြီး အင်္ဂါနေ့မှာ ထိုင်ကနားနဲ့ မင်္ဂလာပွဲ စီစဉ်ပေးရမယ် ဟုတ်ပြီလား”

အခုလိုပြောဆိုပြီး ဆန့်ကျင်ကန့်ကွက်ကြရင် စီးတော် ကျားနဲ့ တစ်အိမ်လုံး ကိုက်သတ်ပစ်မယ်၊





မင်းကလေးအကြောင်းသိချင်ရင် ကောင်းတာပဲလုပ်လုပ် ဆိုးတာပဲလုပ်လုပ် ... ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်၊ ဆိုးတာလုပ်ရင် ဆိုးတာဖြစ်မယ် ... ဒါပဲ”

ဓားရှည်ကို ဆောင့်သလို လက်သီးဆုပ်နှင့် ကြမ်းပြင်ကို ဆောင့်ပြီး အနည်းငယ် ရှေ့နောက်ဘေးဘက် ယိမ်းထိုးကာ တဝါးဝါးသမ်း၍ နတ်ကတော်ဒေါ်လွန်းမေ ပုံမှန်မျက်နှာ ပြန်ဖြစ်သွားသည်။

“မင်းကလေး ... ဘာမိန့်သွားလဲ”

ဒေါ်အေးညွန့်နှင့် မေသူတို့လည်း မျက်နှာမကောင်းစွာနှင့် ပြန်ပြောပြလိုက်သည်။ နတ်ကတော် ဒေါ်လွန်းမေက ...

“အင်း ... နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ သူတို့ အလို မကျရင် ဒုက္ခရောက်မှာ ... သူတို့အလိုလိုက်ရင် ချမ်းသာမှာ အမှန်ပဲ၊

တူမကြီးကလည်း ဘာစိုးရိမ်နေတာလဲ ... အသားပဲ့ပါသွား တာမှမဟုတ်ဘဲ၊ နတ်ဆိုတာ အတွေ့နဲ့နေတာမဟုတ်ဘူး။ အငွေ့ နဲ့နေတာ၊ အပြင်မှာ ချစ်သူရည်းစားရလို့ အိမ်ထောင်ပြုမယ်ဆိုရင် သူ့ကိုခွင့်တောင်းပြီး ပြုလိုက်ရုံပဲ၊ ဘာမှဆုံးရှုံးတာ မဟုတ်ဘူး”

“အင်း ... ကိုယ့်ဘက်က အဲဒီလို အခွင့်အရေးပေး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုတော့လည်း မဆိုးသေးဘူးပေါ့ ... ကတော်ကြီးရယ်၊ အဲဒီရက်ကျရင် ... ကတော်ကြီးကိုပဲ အိမ်ကယောက်ျား မသိအောင် အစီစဉ်ပြီးအောင် လုပ်ပေးကြရမယ်နော်”

“စိတ်ချ ... အစမှအဆုံး တာဝန်ယူတယ်”

“ဖြစ်ပါ့မလား ... အမေရယ်”

“ဘာလို့မဖြစ်ရမှာလဲ တူမကြီး၊ နတ်က တော်ကောက်လို့ နတ်ကတော် ဖြစ်သွားရင် မိဘတွေရော သမီးရော ချမ်းသာမှာ မိဘကျေးဇူးဆပ်တယ်လို့ သဘောထားပေါ့”

ထိုကဲ့သို့ မစားရဝခမန်း ပြောဆိုပြီး ခဏမျှအကြာ၊ ဒေါ်လွန်းမေနှင့် မငွေမြတို့ ဒေါ်အေးညွန့်နှင့် မေသူတို့အား နှုတ်ဆက်ပြီး ပြန်သွားတော့သည်။

....... xxxxxxx .......

မြိုင်သာမြို့လေး၏ မြို့မနှစ်ရပ်ကွက်အတွင်း ခန်းမတစ်ခု အတွင်း မင်္ဂလာပွဲ ဖြစ်နေသည်။

မင်္ဂလာပွဲက မူလတန်းကျောင်းအုပ်ဆရာကြီး ကိုတင်အုံးနှင့် စည်ပင်အင်ဂျင်နီယာ မမေသူတို့ဖြစ်သည်။

သတို့သားနှင့် သတို့သမီးတို့က ဝန်ထမ်းများဖြစ်၍ စည်ကားလှသည်။ ကိုတင်အုံးက အောက်စုရွာ မူလတန်းကျောင်းအုပ်





ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်သူသက်တမ်း ငါးလ အရောက်မှာ လူကြီးတွေကို ခွင့်တောင်းပြီး လက်ထပ်ကြခြင်း ဖြစ်သည်။

မင်္ဂလာပွဲသို့ နတ်ကတော် ဒေါ်လွန်းမေလာသည်။ ဒေါ်လွန်းမေအား ဒေါ်အေးညွန့်က ကိုယ်တော်လေးကို တောင်းပန်စေကာ သမီးမေသူအား ကိုတင်အုံးနှင့် လက်ထပ်ပေးစားခဲ့ခြင်းဖြစ်သည်။

မင်္ဂလာပွဲဆင်နွှဲနေစဉ် မည်သည့်အနှောင့်အယှက်မျှ ပြခြင်း မရှိ၍ အားလုံး ရင်တမမ ရှိနေရာက အလုံးကြီး ကျသွားခဲ့သည်။

“ကတော်ကြီး ကျေးဇူးကြောင့် ... အခုလို အဆင်ပြေပြေ ဖြစ်သွားတာ ကျေးဇူးတင်လိုက်တာ”

“ကျွန်မလည်း ကြားကနေပြီး တောင်းပန်ပေးရပေမဲ့ အနှောင့်အယှက်များ ပြဦးမလားလို့ စိုးရိမ်နေတာ၊

အခု ... မင်္ဂလာပွဲက သိမ်းနေပြီ၊ အားလုံး အထမြောက်လို့ အောင်မြင်သွားပြီပဲ စိတ်အေးလက်အေးသာ နေပေတော့”

မင်္ဂလာပွဲအချိန်က ကိုးနာရီမှ ဆယ့်နှစ်နာရီထိ ယခု ဆယ့်နှစ်နာရီခွဲပြီးပြီ အားလုံးသိမ်းဆည်းနေကြပြီ။

သတို့သားနှင့် သတို့သမီးတို့လည်း အိမ်သို့ပြန်သွားကြပြီ။ ဆွေမျိုးသားချင်းတို့လည်း နှုတ်ဆက်ပြီး ပြန်ကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတချို့က ကိုတင်အုံးအား ညပိုင်းပါ စီစဉ်ပေးရ အရေးဆိုနေသဖြင့် ... ညဘက်စီစဉ်ပေးမည်ဟု ဆိုလိုက် တစ်ယောက်က ...

"တို့ ... ညနေ ဘယ်အချိန်လာရမလဲ"

"ညနေ ... မင်းတို့က ဘာလာလုပ်မှာလဲ"

"ဟ ... မသိသလို ... ကြောင်တောင်တောင် လုပ်နေပြန် တို့ပွဲစီစဉ်ရအောင် ဘယ်မှာလဲပိုက်ဆံ"

"အော် ဟုတ်ပါရဲ့ ... အခု ငွေဆိ အဆင်သင့် မရှိသေးဘူ ညနေငါးနာရီနဲ့ ခြောက်နာရီကြား လာခဲ့ကွာ"

"အေး ... မင်းကတိ တည်ပစေ ... ငါတို့လာခဲ့မယ်"

သူငယ်ချင်းများ အနီးက ထွက်သွားသည်နှင့် ကိုတင်အုံးတို့ ဇနီးမောင်နှံ အသစ်စက်စက်လေး အိမ်ပေါ်သို့ တက်လာခဲ့ကြသည် အဝတ်အစားများ လဲဝတ်ကြသည်။

ကိုတင်အုံးလည်း ဇနီးချောလေး မေသူ၏ မျက်နှာပေါ ချွေးစက်လေးများကို ပဝါလေးနှင့်တို့တို့ပေးပြီး တစိမ့်စိမ့် ထိုင် ကြည့်နေမိသည်။

....... ××××××× .......

"ကဲ ... ငါတို့ကောင်ကြီး ချစ်ရသူလေးနဲ့ အိုအော





င်းအောင် ပေါင်းရပါစေ"

"ဟေ့ကောင်တွေ တင်အုံးကြီးကို ... အမူးလွန်ပြီး ကုတင် ပေါ်မှာ မှောက်သွားအောင် များများတိုက်လိုက်"

"ကိုယ်ချင်းမစာ မင်းဝင့်လည်မှာ မကြောက်ဘူးလား"

"ငါက မိန်းမ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက် ဝင့်လည်မှာ မကြောက်ဘူး"

"ငါ ... များများသောက်လို့ မဖြစ်ဘူး ပြန်တော့မယ်"

"သစ္စာဖောက်ကောင် မိန်းမရလို့ သူငယ်ချင်းတွေကို ဂရု စိုက်တော့ဘူး"

"ဘာဆိုင်လို့လဲ ငါက ကျောင်းဆရာ ကလေးတွေ အထင် သေးခံလို့ မဖြစ်ဘူး ... ဒါကြောင့် ပြန်မယ်ပြောတာ"

ကိုတင်အုံးက သူငယ်ချင်းများ ကျေနပ်ရန် နှစ်ပတ်ခန့် သောက်ပြီး အိမ်သို့ ပြန်သွားတော့သည်။

အိမ်ရောက်တော့ ည ... ခုနစ်နာရီထိုးပြီ။ ဒါပေမဲ့ မေသူက ဘများနှင့် စကားကောင်းနေသည်။ နေ့ခင်းက လက်ဖွဲ့ပစ္စည်း များကို ဖောက်ပြီး ကြည့်နေကြသည်။

ကိုတင်အုံးက အရက်သောက်ထားသဖြင့် အိပ်ခန်းအတွင်း ဝင်ခဲ့သည်။ အဝတ်အစားလဲလိုက်ပြီး အိပ်ရာပေါ်လှဲရင်း နေနိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဝင်အလာကို စောင့်နေလိုက်သည်။

ညရှစ်နာရီခွဲခန့် မေသူ အိပ်ခန်းထဲဝင်လာတော့ ကိုတင်အုံး အိပ်မောကျနေပြီ။

သို့ကြောင့် မေသူလည်း ကိုတင်အုံးဘေးမှာ အသာအယာ ဝင်အိပ်လိုက်သည်။

ညသန်းခေါင်ကျော်၍ နှစ်နာရီခန့်အရောက် ကိုတင်အုံးအာ ခပ်ကြမ်းကြမ်း နှိုးနေသည်။

"ဟား ... ဟား ... ဟား ... ဟော့ကောင် ထစမ်း။ ထစမ်းဆို အရက်မူးပြီး အိပ်မောကျနေလိုက်တာ၊

လာ ... ထခဲ့ ... မင်းနဲ့ ငါ့မိန်းမ အတူတူနေဖို့ မတန်ဘူး ထစမ်း ... အပြင်ကို"

"ကျုပ်မိန်းမနဲ့နေတာ ခင်ဗျားက ဘာဆိုင်လို့ လာပြော နေတာလဲ"

"ဘာမှ စကားမရှည်နဲ့လာခဲ့"

ထိုလာခေါ်တဲ့သူက အဝတ်အစား သပ်သပ်ရပ်ရပ် မင်းဝို ရာဇာဟန် ဝတ်ဆင်ထားသည်။

အိမ်ထဲမှာနေ၍ အိမ်ပြင်သို့ တံခါးမဖွင့်ဘဲ ထွက်သွားသဖြ သူ့နောက်မှ ပါသွားရသည်။



"ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ"

"ဘယ်မှ မခေါ်ဘူး၊ မင်းကို မေသူ့အနားမှာ မသတ်ချင်လို့ အပြင်ခေါ်ထုတ်ပြီး သတ်မှာ"

"ခင်ဗျားက ဘယ်သူလဲ"

"ငါ ... မေသူရဲ့ယောကျ်ား"

"ဗျာ ... ကျုပ်ကမှ မေသူရဲ့ယောကျ်ားအစစ်၊ ဒီနေ့ပဲ မင်္ဂလာဆောင်ခဲ့တာ"

"ဟား ... ဟား ... ဟား ... ငါနဲ့ လွန်ခဲ့တဲ့ တစ်နှစ်က မင်္ဂလာဆောင်ထားတာ ငါက မင်းထက် တစ်နှစ်ပိုဦး တယ်ကွ"

"ဘာမှပြောမနေနဲ့၊ မင်းကို ငါ့မိန်းမအနားမှာ မသတ်ဘဲ လမ်းပေါ်မှာ ခွေးသေဝက်သေ သတ်ပစ်မှာ ဟား ... ဟား"

"ဟဲ ... သေပေတော့"

"မလုပ်နဲ့ ... မလုပ်နဲ့ ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

ထိုလူလည်း သဘောကျစွာ ရယ်မောပြီး လက်နှစ်ဖက်က ကိုတင်အုံး၏လည်ပင်းကို အားကုန်ညှစ်သဖြင့် ပထမတော့ ရုန်းကန် သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အားချင်းမမျှ၍ တဖြည်းဖြည်း လျှပ်ရှားမှုတို့ ငြိမ်သက်သွားသည်။

တဖြည်းဖြည်း အချိန်တို့ ကုန်သွားသည်။ မနက်လေးနာရီ လင်းကြက်တွန်မှ မေသူ နိုးလာသည်။

သူ့ဘေးမှာ အိပ်နေသော ကိုတင်အုံးကို လှုပ်နှိုးရန် လက်နှင့် စမ်းလိုက်သည်။

"ဟင်"

သူမ ဘေးမှာ ဘယ်သူမှမရှိ။

ထို့ကြောင့် အိပ်ရာထဲမှ ကထိုင်လိုက်သည်။ သူ ညက အိပ်မက်ဆိုးတစ်ခု မက်သည်။ ထိုအိပ်မက်အတိုင်း မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။

ညသန်းခေါင်ခန့်က သူနှင့်လက်ထပ်ခဲ့သည့် ကိုယ်တော်လေးဆိုသူ ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ ရောက်လာခဲ့သည်။

"မင်းက ... ငါ့ကို ခွင့်တောင်းပြီး လက်ထပ်တယ် ဟုတ်လား၊ ငါ့ခွင့်ပြုချက် ရသေးလို့လား၊ နတ်ကတော်နဲ့ မင်းအမေက အိမ်ထောင်ပြုပေးမလို့ ခွင့်တောင်းတာ၊ ငါ့ကို သေသေချာချာ ပင့်လို့လား ... ခွင့်ပြုပေးပါလို့ ပြီးစလွယ်ပြောပြီး လက်ထပ်လိုက်တယ်ပေါ့"





"အေး ... ငါသဘောမတူဘူး၊ နင့်ယောကျ်ားကို ငါ ကိုယ်တိုင်သတ်မယ် ... ပေါသည် ငါ့လက်နဲ့ သတ်မယ် ဒီမှာကြည့် ..."

"အမယ်လေး ... သ ... သရဲလက်ကြီး"

"ဟား ... ဟား ... သရဲကြီးမဟုတ်ပါဘူး၊ သရဲ မင်းသားလေးပါ ဟား ... ဟား ... ဟား ..."

ထိုအိပ်မက်ဆိုးကို မက်သည့်အတွက် အိပ်ရာမှ လန့်နိုးကာ ကိုတင်အုံးကို လှည့်ကြည့်တော့ ဘေးမှာ အိပ်မောကျနေသည်။ သို့ကြောင့် စိတ်ချလက်ချနှင့် ပြန်အိပ်လိုက်သည်။

ယခု အိပ်ရာကနိုးတော့ ဘေးမှာ ကိုတင်အုံးကိုမတွေ့၊ အိမ်သာသွားသည်ထင်ပြီး နောက်ဘက်တံခါးဖွင့်ကာ အိမ်သာကို ကြည့်သည်။ အိမ်သာထဲမှာလည်း မရှိ။

သူအသံပေးပြီး လှမ်းခေါ်ကြည့်သည်။ မေသူ့အသံကြောင့် မိဘများလည်း နိုးကုန်သည်။

အားလုံး ကိုတင်အုံးအား ရှာကြသည်။ မေသူ၏ ဖခင် ဦးသက်ခိုင်ကိုယ်တိုင် ဓာတ်မီးတစ်လက်နှင့် ခြံထဲအနှံ့ ဆင်းရှာသည်။

"ဟာ ... ဒီမှာတွေ့ပြီ ဒီအိမ်ရှေ့ခြံဝမှာ"

ဦးသက်ခိုင်အသံကြောင့် မေသူတို့သားအမိ ခြံရှေ့ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"တင် မောင်တင်အုံး အသက်မရှိတော့ဘူး"

"ဘယ်လိုဖြစ်တာလဲ ... အိမ်ပေါ်မှာ အိပ်နေတဲ့လူက၊ တံခါးတွေမဖွင့်ဘဲ ဘယ်လိုအောက်ရောက်သွားတာလဲ"

"တံခါးတွေ ဖွင့် မဖွင့် ရှင်းသိလို့လား"

"ဟာ ... ငါအိမ်ရှေ့တံခါးကို အခုမှ ဖွင့်ဆင်းလာတာ အိမ်အောက်ဘက်တံခါးလည်း ပိတ်ထားတယ်"

"ဟုတ်တယ် သမီးအိမ်သာသွားတယ်ထင်လို့ ထသွားတော့ တံခါးပိတ်ထားတယ်၊ တံခါးတွေ ပိတ်ရက်နဲ့ သူဘယ်လိုထွက်သွားတာလဲ ... ဟင့် ... ဟင့် ... ဟီး ..."

သို့ဖြင့် မေသူကို့မင်လာဦးရက်ကား ပျော်ရွှင်စရာမကောင်းဘဲ ခင်ပွန်းဖြစ်သူမှာ သေခြင်းကို ရင်ဆိုင်လိုက်ရသည်။ ဒေါ်အေးညွန့် မေသူကို နှစ်သိမ့်ပြီး ပြန်ခေါ်လာသည်။

ကိုတင်အုံးအား အင်အားကြီးသော လူတစ်ယောက်က လည်ပင်းကိုညှစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့လိုက်ကြရသည်။

မနက်မိုးလင်းတော့ ရဲများ ရောက်လာပြီး စစ်ဆေးကြသည်။ နှစ်ရက်သုံးရက်ခန့် နေ့စဉ်လာစစ်ဆေးသည်။

ကြာတော့ တရားခံလည်း မမိ၊ ရဲများလည်း လာရောက်



စစ်ဆေးခြင်း မရှိတော့။

နတ်ကတော် ဒေါ်လွန်းမေ ရောက်လာတော့ ဒေါ်အေးညွန့်က၊

"ကိုယ်တော်လေးစိတ်ဆိုးလို့ အပြစ်ဒဏ်ခတ်လိုက်တာလား မသိဘူး ... ကတော်ကြီးခွင့်တောင်းစဉ်တုန်းက သေသေချာချာ ခွင့်ရောပြုလို့လား"

"အို ... ကျွန်မ သေချာခွင့်တောင်းတာပဲ ... ကိုယ်တော်လေးက ဘာကန့်ကွက်စကားမှ မမိန့်ခဲ့ဘူး။ ဒီကိစ္စကိုယ်တော်လေးကြောင့် မဖြစ်နိုင်ဘူး၊

သူ့ရဲ့ ရန်စတစ်ခုခုကြောင့် ... အသတ်ခံလိုက်ရတာလည်း ဖြစ်နိုင်တယ်"

"အဖေပြောတော့ တံခါးတွေ မပွင့်ဘဲ အပြင်ရောက်နေတယ်ဆို ရန်စရှိတယ်ဆိုရင်လည်း ဆူဆူညံညံအသံတွေ ကြားရမှာပဲ"

"နောက်မှ မောင်တင်အုံး ဘာကြောင့် အသက်ခံရတာလဲ ဆိုတာ ကိုယ်တော်လေးကို မေးကြည့်ရမယ်"

နောက်ပိုင်းတော့ မေသူလည်း အိမ်ထောင်ပြုရန် မစဉ်းစားတော့ ညရောက်၍ သန်ခေါင်အချိန်ရောက်ပြီဆိုလျှင် ဝတ်ကောင်းစားလှနှင့် ကိုယ်တော်လေး ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်နေရာ ခေါ်သွားပြီး စကားတွေ ပြောသည်။ မနက်လေးနာရီ အိမ်သို့ ပြန်ပို့ပေးသည်။

သူ ခွင့်မပြုဘဲ မည်သူနှင့်မှ လက်မထပ်ရဟု ပြောလာသည်။ သူသဘောတူမှ လက်ထပ်ရမည်ဟု ဆိုပြန်သည်။

သူ ခွင့်ပြုသည်ဆိုပြီး အိမ်ထောင်ပြုပြန်တော့ ခင်ပွန်းလောင်းကို လာသတ်သွားသည်။

ထိုကဲ့သို့ ကိုယ်တော်လေးဆိုသူ ညရောက်လာပြီး အပြင်ခေါ်ထုတ်သွားလိုက် မိုးမလင်းခင် ပြန်ပို့လိုက်နှင့် ရက်တွေလတွေ လွန်မြောက်ပြီး တစ်နှစ်ခန့် ရှိလာသည်။

ဦးသက်ခိုင်က မြို့နယ်လက်ထောက်ပညာရေးတာဝန်နှင့် နယ်သို့ ပြောင်းရွှေ့သွားရသည်။ အိမ်မှာ သားအမိနှစ်ယောက်သာ ကျန်ခဲ့သည်။

မကြာခင် ဦးသက်ခိုင်က အိပ်ခန်းရသည်ဆိုသဖြင့် သူနှင့်အတူ လာနေရန် ဇနီးနှင့်သမီးတို့အား ခေါ်သည်။

မေသူ အလုပ်ပြောင်းရွှေ့လွှာတင်ပြီး ခန့်စာကျမှ သားအမိနှစ်ယောက် ပြောင်းရွှေ့သွားကြသည်။

ထိုမြို့သို့ ပြောင်းရွှေ့ပြီး တစ်ပတ်တစ်ခါခန့်ဆိုသလို ထိတ်လန့်စရာကောင်းသော အိပ်မက်များ မက်လာသည်။ ယခင်က





ညစဉ် ရောက်လာသော ကိုယ်တော်လေးလည်း မေသူ ပြောင်းရွှေ့သွား၍လားမသိ၊ မေသူ့ထံ ညစဉ် ရောက်မလာတော့။

ရောက်လာပြန်တော့လည်း အလိုမကျတဲ့မျက်နှာနှင့် မူလအိမ်မှာ လာပြန်နေရန်သာ ပြောသည်။

ဖေါ်အေးညွန့်အား သူနှင့် မေသူကို အနေဝေးအောင် ခွဲထားသည့်အတွက် မကျေနပ်။ ကြာရင် သတ်ပစ်မည်ဟု ကြိမ်းဝါးနေသည့်အတွက် မေသူက ...

"အရှင်က ကိုယ်တော်လေးဆို ... နှမတော် ဘယ်သွားသွား တန်ခိုးနဲ့လိုက်နိုင်တယ်မဟုတ်လား ... အခုနေရာကို လိုက်ခဲ့ပေါ့"

"ဟာ ... ကိုယ်တော်လေးပေမဲ့ ... လိုက်ချင်တိုင်း လိုက်လို့ မရဘူး ... တစ်ပတ်တစ်ခါလောက်ပဲ ခွင့်ပြုတယ်။ အထက်အမိန့်ကြောင့် နေ့စဉ်မလာနိုင်လို့ စိတ်ဆင်းရဲနေတာ ဟိုကို ပြန်လာခဲ့ကြ၊ ကိုယ်တော်လေး နှမတော်ရဲ့ မိသားစု စီးပွားရေး၊ ကျန်းမာရေးအားလုံးကို ပွားအောင် ကြည့်ရှုဆောင်မပေးမယ်"

"ကျွန်မ ... အဖေနဲ့ အမေတို့ကို ပြောပြပါ့မယ်"

"သိပ်မကြာစေနဲ့၊ ကိုယ်တော်လေးပြန်မယ်"

အိပ်မက်ထဲမှာ မကျေနပ်သောမျက်နှာနှင့် လာကြိမ်းမောင်း ပြောဆိုသွားသည်။ ကိုယ်တော်လေးရဲ့အထက်မှာ ပိုင်ရာဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်ဟု ပြောသွားသည်။ ကိုယ်တော်လေးအစစ်မှ ဟုတ်ပါ လေစဟု သံသယဝင်သွားမိသည်။

မေသူက သူ့အား ကိုယ်တော်လေးရောက်လာပြီး ကြိမ်းမောင်းပြောဆိုသွားသည့်အကြောင်းများကို ပြောပြသည်။

မေသူ့စကားကြောင့် ဒေါ်အေးညွန့်က ခင်ပွန်းဖြစ်သူအား သူတို့သားအမိ မိမိတို့အိမ်မှာ ပြန်နေမည့်အကြောင်း ပြောပြရာ ခင်ပွန်းသည်က ပြန်မလွှတ်။

ကိုယ်တော်လေးက သူမကျေနပ်လျှင် ဒေါ်အေးညွန့်ကိုပါ သတ်ပစ်မည်ဟု ပြောသွားသည့်အတွက် လင်သားနှင့် ကိုယ်တော်လေးကြား စိတ်သောက ဖိစီးနေသည်။

ထိုမြို့မှာ နေလာရင်း မေသူအား အလုပ်သင်ဆရာဝန်လေး တစ်ယောက်က ကြိုက်သဖြင့် လက်ထပ်ခွင့်တောင်းသည်။

ကိုယ်တော်လေး မကြိုက်မှာစိုး၍ မေသူက အစွမ်းကုန် ငြင်းသည်။ ဆရာဝန်လေးက ဇွဲကောင်းသည်။ နှစ်ဘက်သောမိဘများကို အကျိုးအကြောင်း ဖွင့်ပြောလာသည်။

ဦးသက်ခိုင်နှင့် အလုပ်သင်ဆရာဝန်လေး မိဘများက အလွန်ရင်းနှီးကြသည်။ သို့ကြောင့် ဦးသက်ခိုင်က သမီးဖြစ်သူ၏ ရာဇဝင်ကို မသိ၊ မုဆိုးမသမီးလေးကို ကြိုက်သူ လက်ထပ်ချင်သူရှိတုန်း





သမီးကညာ အခါမလင့်စေရန် ပေးစားရန် ဆုံးဖြတ်လိုက်သည်။

ဦးသက်ခိုင်၏ ဆုံးဖြတ်ချက်ကြောင့် ဒေါ်အေးညွန့်နှင့် မေသူတို့ ခေါင်းမီးတောက်ကုန်သည်။

ကိုတင်အုံးဆုံးသွားပြီး တစ်နှစ်နှင့် ငါးလစွန်းနေပြီ။ မည်သည့်အကြောင်းပြချက်မှ မပေးနိုင်ကြသဖြင့် ဦးသက်ခိုင် အလစ်မှာ ဒေါ်လွန်းမေကို မှာရတော့သည်။

ဒေါ်လွန်းမေရောက်လာတော့ မေသူနှင့် ဆရာဝန်လေးတို့ကို လက်ထပ်ပေးရန် ဦးသက်ခိုင် အတင်းအကျပ် စီစဉ်နေကြောင်း ပြောပြသည်။

ပြီးတော့ မေသူက ကိုယ်တော်လေးလည်း အိမ်ဟောင်းမှာလို နေ့စဉ်မလာဖြစ်ဘဲ တစ်ပတ်မှတစ်ရက်သာ လာနိုင်တော့သည့် အကြောင်း ပြောပြသည်။

“ဒါဆို ... ကိုယ်တော်လေး နောက်ထပ်မိန်းကလေးတွေ တော်ကောက်နေလို့ မလာနိုင်တော့တာ ဖြစ်နိုင်တယ် ... အဒေါ် ခွင့်တောင်းပေးမယ် ... စိတ်ချ”

ထိုနေ့က ဒေါ်လွန်းမေ ... ရှေ့ကိုးနောက်ငင်ယိမ်းယိုင်ပြီး ကိုယ်တော်လေးအားပင့်၍ အိမ်ထောင်ပြုခွင့်ပေးရန် တောင်းပန်သည်။ ကိုယ်တော်လေး တကယ်ကြွသည်လား မကြွသည်လား ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိ။

ဒေါ်လွန်းမေကတော့ ထိုင်ကနားစိခ ရေစပ်ပိုး မြို့မြို့မြက်မြက် ယူပြီး ကိုယ်တော်လေးက ခွင့်ပြုသည်။ ယခုလို တလေးတစား ပင့်သည့်အတွက် ကျေနပ်သည်ဟု ဆိုပြန်သည်။

သို့ကြောင့် လက်ထပ်ခွင့်တောင်းပြီး သုံးလပြည့်သည်နှင့် မင်္ဂလာပွဲဆင်ယင်ဖြစ်သည်။

မင်္ဂလာဆောင်သည့်နေ့ ညဦးပိုင်းမှာပင် အလုပ်သင်ဆရာဝန် လေးသည် လည်ပင်းညှစ်သတ်ခြင်း ခံရပြီး သေဆုံးသွားပြန်သည်။

မေသူတစ်ယောက် အိမ်ထောင်နှစ်ဆက်ပျက်သော မုဆိုးမ လေးအဖြစ် နာမည်ကြီးသွားသည်။ မေသူ့ကို လက်ထပ်သူများ၊ အသေဆိုးနှင့် သေရသည့်သတင်းကလည်း ယောကျ်ားလေးများ၏ ပါးစပ်ဖျားမှာ ပျံ့နှံ့သွားသည်။

မေသူ၏မိခင် ဒေါ်အေးညွှန့်လည်း သမီးအတွက် စိတ်မကောင်း သလို သူတို့သားအမိ ကိုယ်တော်လေး မကျေနပ်၍ နတ်ကိုင်ခံရမှာ စိုးရိမ်ပြီး စိတ်ကျရောဂါ ခံစားနေရတော့သည်။

သမီးရှေ့ရေး ကောင်းစားဖို့၊ မိမိယောကျ်ား ရာထူးတက်ဖို့၊ မိမိတို့စီးပွားရေးတိုးတက်ဖို့ စိတ်ကူးနှင့် သမီးအား ကိုယ်တော် လေးနှင့် မင်္ဂလာပွဲ ဆင်ယင်ပေးလိုက်သည်။





ကိုယ်တော်လေးနှင့် မေသူ လူနှင့်နတ်၊ မင်္ဂလာပွဲ မဆင်ယင် ခင်က လူသားနှင့် လက်ထပ်မည်ဆိုပါက သူခွင့်ပြုမည်ဟု ကတိ ပေးခဲ့သည့်အတွက် ထိုင်ကနားပေးပြီး လက်တပ်စေခဲ့ခြင်းဖြစ်သည်။

ယခု ကိုယ်တော်လေးဘက်က ကတိမတည်ဘဲ၊ မေသူနှင့် လက်ထပ်သမျှ ယောကျ်ားများကို သတ်ဖြတ်ပစ်နေသည်။

လူတွေလို မပေါင်းသင်းချင်လျှင် တရားရုံးတက်ပြီး ကွာရှင်း ကချုပ်နှင့် လက်မှတ်ထိုး၍ ကွာပစ်လို့လည်း မရ။ သားအမိ နှစ်ယောက်လုံး အိပ်လို့မပျော် စားလို့မဝင်အောင် စိတ်ညစ်နေကြ တော့သည်။

ကျော်သိုက်တစ်ယောက် မနက်စာ စားပြီးကတည်းက ဘုရားစင်ရှေ့ထိုင်၍ ပုတီးစိပ်ပြီး တရားထိုင်နေသည်။ ဆယ်နာရီခန့် အချိန်ရောက်မှ တရားထိုင်ခြင်းရပ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ဟဲ့ ... သား ကျော်သိုက် ဘယ်သွားဦးမလို့လဲ ထမင်း ဟင်းတွေ ကျက်ပြီ စားတော့မလား"

"အမေ ... ဆာပြီလား၊ ဆာရင်စားလေ အမေစားရင် သားလည်း စားမယ်"

"အေး ... အေး ... မနက်က ထမင်းကြော်နည်းလို ဖိုက်နည်းနည်းဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးက ထမင်းသွားခူးနေပြီဖြစ်၍ ကျော်သိုက်လည်း အိမ်အောက်မဆင်းတော့ဘဲ၊ မီးဖိုထဲသွားကာ ထမင်းပန်းကန် သယ်ပေးနေလိုက်သည်။

သူတို့ တောရွာများမှာ မနက်စောစောစာ အဝအပြစား၊ ထားလည်း နေ့လည်စာကို ဆယ်နာရီနောက်ပိုင်း စားကြသည်။ အချို့ဆို ကိုးနာရီခန့်ပင်ရှိပစေ၊ ထမင်းဟင်းကျက်သည်နှင့် စားကြ သည်။

ညစာကို ငါးနာရီနောက်ပိုင်း စားတတ်ကြသည်။

လယ်ကွင်းထဲ ယာကွင်းထဲမှာ လုပ်ကိုင်နေသူများကတော့ နေ့ဆယ့်တစ်နာရီမှ ဆယ့်နှစ်နာရီအတွင်း စားတတ်ကြသည်။

ညနေအလုပ်သိမ်းပြီးနောက်ပိုင်း ညဘက် မီးခွက်ထွန်းပြီး စားကြသည်။

ယခု မိခင်ဖြစ်သူက ဗိုက်ဆာသည်ဆို၍ ထမင်းဝင်စား လိုက်သည်။ ထမင်းစား၍ ပြီးကာနီး အိမ်ရှေ့မှ ...

"ကျော်သိုက်ရေ ... ကျော်သိုက်"

"ဟာ ... အေးငွေပါလား ... လာ ... လာ ဝင်ခဲ့ကွ"

အေးငွေက ကျောင်းနေဘက်သူငယ်ချင်းဖြစ်သည်။

ကျော်သိုက်က ဆယ်တန်း (B) နှင့်အောင်သဖြင့် ကျောင်း





ဆက်မတက်တော့။ အေးငွေက အောင်မှတ်ကောင်းကောင်းနှင့် အောင်၍ တက္ကသိုလ်တက်ခွင့်ရသော်လည်း မတတ်ဘဲ (G.T.I) ဝင်ခွင့်ဖြေကာ အောင်မြင်၍ အင်းစိန်မှာ ကျောင်းတက်ခဲ့သည်။

ကျောင်းပြီး၍ အလုပ်ဝင်လုပ်နေပြီဖြစ်သည်။

အေးငွေနှင့် ကျော်သိုက် မတွေ့တာ ငါးနှစ်ခန့်ပင်ရှိပြီ။

"ထမင်းစားဦးလေ"

"ဟာ ... စား ... စား၊ အားမနာနဲ့။ ငါတို့က ဒီအချိန် မစားသေးဘူး"

"တောထုံးစံကို မင်းသိပါတယ်"

"မင်းပြီးရင် ဆင်းလာဦးကွာ၊ ငါတို့အိမ်ပေါ်မတက်တော့ဘူး။ ကွပ်ပျစ်ပေါ်မှာပဲ ထိုင်တော့မယ်"

"အေး ... အေး ... ငါပြီးပြီ ... အခုပဲ ဆင်းလာ ခဲ့မယ်"

ကျော်သိုက်လည်း ထမင်းစားပြီးပြီဖြစ်၍ ရေနွေးအိုးနှင့် လက်ဖက်အုပ်ဆွဲပြီး အောက်ဆင်းလာခဲ့သည်။

"ရေနွေးသောက်ကြကွာ လက်ဖက်လည်းစား"

"သူငယ်ချင်း ... သူက လျှပ်စစ်ဌာနမှာ အလုပ်ရုံခွဲမှူး တာဝန်နဲ့ ငါနဲ့အတူတူ လုပ်ဖော်ကိုင်ဖက် ကျော်လွင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ် … ဒါနဲ့ အေးငွေ မင်း … ငါ့ဆီလာတဲ့ အကြောင်းက …"

"အေး … ဒီရွာပြန်မရောက်ပေမဲ့ မင်းသတင်း ငါ့သိတာကြာပြီ။ ငါ့အဖေနဲ့ အမေ ငါ့ဆီလိုက်လာတော့ မင်းကို သတိရလို့ မေးကြည့်မိတယ်၊

မင်း … ရွာမှာ ဆရာတစ်ဆူဖြစ်နေတဲ့အကြောင်း ငါသိလိုက်ရတယ်။ မင်းပယောဂမှန်သမျှ လုပ်ကိုင်ပေးတဲ့အကြောင်းတွေကိုလည်း ပြောပြတယ် … ဒါကြောင့် ငါတို့ မင်းကို အားကိုးပြီး အကူအညီတောင်းရအောင် လာခဲ့ကြတာ"

"ငါက ဆရာတစ်ဆူတော့ မဟုတ်ပါဘူး၊ တတ်သလောက်မှတ်သလောက်နဲ့ ကူညီနေတာပါ"

"ဘာပဲဖြစ်ဖြစ် … ဒီကောင့်ကိစ္စ မင်းကူညီနိုင်မယ်ထင်ပါတယ်၊ ကဲ … ကျော်လွင် မင်းကိစ္စ ပြောပြလိုက်"

"ဒီလို … ကိုကျော်သိုက်၊ အခုကျွန်တော့်မှာ ချစ်သူတစ်ယောက် ရထားပါတယ် … အဲဒီမိန်းကလေးက အိမ်ထောင်နှစ်ဆက်လည်း ပျက်ထားတယ်"

"ဘယ်လို ပျက်ရတာလဲ"

"ပျက်တာက ယောကျ်ားတွေ သေကုန်လို့ မုဆိုးမ နှစ်ကြိမ်





ဖြစ်သွားတာ၊

သူ့ရဲ့ အိမ်ထောင်ဘက်တွေက လက်ထပ်ပြီး ညဦးပိုင်းမှာ လည်ပင်းညှစ်သတ်ခံရပြီး သေကုန်တာ၊

သူ့ကို သူ့မိခင်က ပထမအိမ်ထောင်မပြုခင် တစ်နှစ်လောက်က မင်းကလေးနတ်နဲ့ လက်ထပ်ပေးထားတယ်လို့ ပြောတယ်၊

တောင်ပြုံးမင်းကလေးက မကျေနပ်ရင် အိပ်မက်ထဲလာပြီး ပြောတယ်တဲ့ အိပ်မက်ထဲမှာ မြင်တော့ မင်းညီမင်းသားအသွင်နဲ့တဲ့၊ သူစိတ်ဆိုးလာပြီဆို သရဲအသွင်ပြောင်းသွားရောတဲ့၊

ပထမတစ်ကြိမ် သူ့ကိုခွင့်တောင်းပြီး အိမ်ထောင်ပြုလိုက်တယ်၊ အဲဒီည သူငယ်ချင်းတွေတိုက်တဲ့ အရက်ကိုသောက်မိပြီး အိပ်လည်း ပျော်သွားရော အိမ်ပြင်ခေါ်သွားပြီး လည်ပင်းညှစ်သတ်လိုက်တယ်၊

တစ်နှစ်ကျော်ကြာတော့ ဖခင်ဖြစ်သူက အယုံအကြည်မရှိဘဲ သမီးဖြစ်သူကို သူသဘောတူတဲ့ ဆရာဝန်လေးနဲ့ ပေးစားတယ်။ ညအိပ်မယ်လို့ အိပ်ရာထဲလည်းဝင်ရော လည်ပင်းညှစ်သတ်ခံလိုက်ရပြန်ရောတဲ့။

သူက … လက်ထပ်တဲ့ယောကျ်ားလေးတိုင်း ဆုံးရှုံးလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ ငြင်းနေတယ်၊

ကျွန်တော့်ကိုတော့ သူ ... ချစ်ပါတယ်၊ ဒါကြောင့် သူနဲ့ လက်ထပ်လို့ ရအောင် မင်းလေးနှောင့်ယှက်တဲ့ရန်က လွတ်အောင် ကိုကျော်သိုက်ကို အကူအညီတောင်းရအောင် လာခဲ့တာပါ”

“အင်း ... ဒီကိစ္စက နတ်ကသဘောမတူလို့ ဖြစ်နေတာပဲ။ သူနဲ့ သဘောတူ လက်ထပ်ထားတဲ့အတွက် နတ်ကို အတင်းပြန်ခွဲ လို့ကတော့ မလွယ်ဘူး။ ဖြစ်အောင်လည်း လုပ်လို့မလွယ်ဘူး၊

အဲ ... ဒါပေမဲ့ သူက ရိုးရိုးသားသား မပြေရှင်းဘဲ လူနှစ်ယောက် သတ်လိုက်တဲ့အတွက် ကိုယ့်ဘက်က တပန်းသာ နေတယ် ... ကျွန်တော် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ် ...၊

အခု ... ကိုကျော်လွင်တို့ လက်ထပ်ဖို့ ရက်သတ်မှတ် ပြီးပြီလား”

“ပြီးပြီ ... လာမယ့်တနင်္ဂနွေနေ့မှာ မင်္ဂလာပွဲလုပ်မှာ ... ကျွန်တော်က သေရင်သေပစေ၊ မင်းနဲ့လက်ထပ်ရရင် သေမှာလည်း မကြောက်ဘူးလို့ အတင်းပြောမှ လက်ထက်ခွင့်ပေးတာ၊ သူကတော့ မင်္ဂလာပွဲကို ဖျက်ခိုင်းတုန်းပဲ”

“ဒီနေ့ ကြာသပတေးဆိုတော့ သိပ်မှမလိုတော့ပဲ”

“မင်း ... လိုက်ခဲ့မယ်ဆိုရင် ဒီနေ့ပဲဖြစ်ဖြစ် သွားကြမယ်”





“မနက်ဖြန်မှ သွားကြမယ်၊ ဒီည ... အမေမဖဲဝါကို ဒီရွာ သချိုင်းမှာပင့်ပြီး မေးမယ်၊

ကဲ ... အေးငွေ၊ အမေ မဖဲဝါကို ပင့်ရအောင် ကြက်တစ်ကောင် ဝယ်ကွာ၊ ဆန်ကလေးလုံးချက်၊ မင်းချက်တတ် မြတ်တတ်လား”

“ဟာ ... ငါတော့သားပါ၊ ငါ့ကို မင်းလိုတာ အားလုံး ပြောလိုက်၊ ငါ ... အားလုံးတာဝန်ယူ လုပ်ကိုင်ပေးမယ်”

“ငါ နတ်ဝင်သည် ဒေါ်အေးစိန်ကို ခေါ်ခဲ့မယ်၊ ညရှစ်နာရီ ထိုးတာနဲ့ တို့ရွာသချိုင်းကို သွားကြမယ်၊ မင်းတို့လိုက်ရဲလား”

“မင်းပါမှပေါ့ ငါတို့မလိုက်ရဲစရာမရှိပါဘူး ... လိုက်ခဲ့မယ်”

သို့ဖြင့် ညရှစ်နာရီခန့်အရောက် ကျော်သိုက်ဦးဆောင်ပြီး အမေမဖဲဝါအတွက် စားသောက်ပွဲများ ပြင်ဆင်လိုက်သည်။

ဒေါ်အေးစိန်ကို ဂူဘေးမှာ ဆံပင်ဖြန့်ချထိုင်ခိုင်းကာ ပင့်ခေါ် လိုက်ပါသည်။

“အရှေ့နေထွက် အနောက်နေဝင် တောင်တံငါ့ကွန် မြောက် မှုံအတွင်းမှာ မဖဲဝါရှိသည်ဆိုပါက ဤနေရာသို့ စားသောက်ပွဲများ သုံးဆောင်ရန် ကြွရောက်ပါ၊

ကျွန်တော်တို့ ... အမေမဖဲဝါအား အကူအညီတောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပွဲများ ပြင်ဆင်ပြီး ရောက်နေပါသည်။ ရောက်နေရာမှ အမေမဖဲဝါ ကြွလှမ်းလာခဲ့ပါခင်ဗျား”

နှစ်ကြိမ်ခန့်ပင့်လိုက်ရာ အမေမဖဲဝါ ရောက်ရှိလာပြီး ... နတ်ကတော် ဒေါ်အေးစိန်၏ ခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်သွားတော့သည်။

ဂူပေါ်ကို ခုန်တက်လိုက်ပြီး ထမင်းနှင့် ဟင်းများကို စားသောက်ပါတော့သည်။ ခဏကြာတော့ ...

“ကဲ ... ပြောစမ်း ဘာသိချင်လို့လဲ”

“ယခု ကျွန်တော်နဲ့အတူ ပါသူ ကိုကျော်လွင် လက်ထပ်မယ့် မိန်းကလေးကို ပြီးခဲ့တဲ့နှစ်တွေက အိမ်ထောင်နှစ်ခါချပေးခဲ့ပါတယ်။ နှစ်ခါလုံး လက်ထပ်ပြီးတဲ့ညမှာပဲ လည်ပင်းအညှစ်ခံရလို့ ခင်ပွန်းနှစ်ယောက်လုံး သေဆုံးသွားပါတယ်၊

အခု ကိုကျော်လွင်က ... အဲဒီမိန်းကလေးကို လက်ထပ်ချင်တဲ့အတွက် အသက်သတ်နေတဲ့ မမြင်ရတဲ့ ရန်သူလက်မှ ကာကွယ်ပေးနိုင်ရန် အကူအညီတောင်းရခြင်း ဖြစ်ပါတယ်”

“အေး သိပြီ ... သိပြီ ... ထိန်ကုန်းသင်္ချိုင်းထဲက ကံကုသိုလ်အကျိုးဆက်ကြောင့် အဆင့်မြင့်ပြီး ကွန်းခိုရာနေရာ ရသွားတဲ့ တစ္ဆေတစ်ကောင်ပဲ။ အဲဒီကောင်နာမည်က မိုးမှောင်တဲ့





ကောင်းတဲ့နေရာမှာ ထားတာတောင် ကောင်းကောင်းမနေနိုင်ဘဲ လူသတ်တဲ့အဆင့်တောင် ရောက်နေမှုကို ... အေး ... ဘာမှ မစိုးရိမ်နဲ့ ... ဒီကိစ္စ အထက်ကလည်း မကြိုက်ဘူး ... ငါကလည်း ခွင့်မလွှတ်ဘူး၊

နတ်ကတော်က ... မင်းလေးဝင်ကယ်ဆိုပြီး ထိုင်ကနားနဲ့ အိမ်မှာ အကျအနလုပ် ... မင်းကလေး မရောက်လာဘဲ အဲဒီ အိမ်ရဲ့ ခြံထောင့်ကသစ်ပင်မှာနေတဲ့ တစ္ဆေမိုးမှောင်က အခွင့်သာတုန်း ကိုယ်တော်လေးအသွင်နဲ့ဝင်ပြီး အပိုင်ချုပ်လိုက်တာပဲတဲ့၊

သူက အဲဒီအချိန်ထဲက မေသူ့ကို ကြိုက်သွားတာ သရဲနဲ့ လူ အတူနေလို့ မရပေမဲ့ ... ညညဝိညာဉ်ကို အပြင်ခေါ်ထုတ်ပြီး အချိန်ဖြုန်းနေတာ၊

မေသူ အိမ်ထောင်ပြုတော့ ... သူ မကျေနပ်လို့ သတ်ပစ်တာ။ နောက်ဆို လူကြီးမိဘတွေကိုပါ သတ်လိမ့်မယ်၊

အရင်က သူရှိတဲ့ခြံထဲမှာပဲ မေသူကနေတော့ ပြဿနာမရှိပေမဲ့ မေသူက နယ်ပြောင်းသွားတော့ သူတို့တစ္ဆေတွေကို အထက်နတ်ကြီးတွေက နယ်ကျော်ပြီး သွားချင်တိုင်း သွားခွင့်မပြုဘူး။ တစ်ပတ်ကို တစ်ခါလောက်ပဲ သွားခွင့်ရတော့ ပိုပြီး စိတ်ဆိုးနေတာပေါ့ ... ကဲ ... ကဲ ... အခု မင်းသူငယ်နှင်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရက် အိမ်ထောင်ပြုမှာလဲ"

"လာမယ့် တနင်္ဂနွေနေ့မှာ ပြုမှာပါ"

"အေး ... ဒါဆို အဲဒီတနင်္ဂနွေ ညရှစ်နာရီကတည်းက ငါ့ရဲ့ ခွေးကြီးတွေကိုလွှတ်ပြီး ကြိုစောင့်နိုင်းထားတယ်၊ ဒီကောင် ရောက်လာတာနဲ့ ခွေးကြီးတွေက သူတို့တာဝန်ကျေအောင် လုပ်သွားလိမ့်မယ် ... ဒီကောင်ကို အထက်ကလည်း ခွင့်မလွှတ်ဘူး ငါလည်း ခွင့်မလွှတ်ဘူး၊

ကိုယ်တော်လေးကလည်း သူမဟုတ်ပါဘဲ သူ့နာမည် အလွဲသုံးစားလုပ်သွားလို့ စိတ်ဆိုးနေတယ် ... ကိုယ်တော်လေးကို အထက်နတ်တွေက ဘာဝန်ပေးရင် သူ့စီးတော်ကျားရဲ့ ပါးစပ်ထဲမှာ သေပွဲဝင်ရမှာ ... အဲဒီနေ့ဟာ ဒီတစ္ဆေမိုးမှောင်ရဲ့ နောက်ဆုံးနေ့ပဲ၊ ကဲ ... ကဲ ... ငါသွားတော့မယ်"

ဒေါ်အေးစိန်လည်း မဖဲဝါထွက်သွားသည်နှင့် ဂူပေါ်မှာ လဲကျသွားသည်။ ဒေါ်အေးစိန်ကို ပြုစုပေးပြီး သတိပြန်ရလာသည်နှင့် အိမ်သို့ ပြန်ခေါ်လာကြသည်။

"ဘယ့်နှယ်လဲ စိတ်ချမ်းသာသွားပြီလား"

"စိတ်တော့ ချမ်းသာသွားပါပြီ၊ စိတ်တော့ပူသေးတယ် ... ပြောသွားတဲ့အတိုင်း ကကယ်ဖြစ်ပါစေ"





"ဟာ ... စိတ်ချ၊ အမေမဖဲဝါက သူချိန်းတဲ့ရက် အတိအကျ ရောက်လာလိမ့်မယ် ... စောင့်သာကြည့်နေ"

"မြို့ပြန်ရင် ကိုကျော်သိုက် လိုက်ခဲ့ရမယ်နော်၊ မင်္ဂလာပွဲပြီးမှ ပြန်ရမယ်"

"ဟုတ်တယ် ... မနက်ဖြန်စောစော ငါတို့ပြန်မှာ၊ မင်း ... လိုက်ခဲ့ရမယ်"

"အေး ... လိုက်တာပေါ့ကွာ၊ အမေမဖဲဝါရဲ့ ခွေးကြီးတွေ ... ဆိုးမတာ ငါလည်းမြင်ချင်သေးတယ်"

....... ××××××× .......

တနင်္ဂနွေနေ့ မင်္ဂလာပွဲအောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ တဖြည်းဖြည်း ညနေပိုင်းသို့ ရောက်လာသည်။

ကျော်သိုက်လည်း ကျော်လွင်နှင့် အေးငွေတို့ကို ညရှစ်နာရီထိုးသည်နှင့် မျက်ကွင်းဆေးများ လိမ်းပေးထားလိုက်သည်။

"ကဲ ... မျက်ကွင်းဆေးလိမ်းပြီး တစ္ဆေကောင်ကို ကြည့်ရအောင် သစ်ပင်မြင့်မြင့် တစ်နေရာမှာတက်ပြီး နေမှရမယ် ... မြို့ထဲမှာလည်း သစ်ပင်ကြီး မရှိဘူး"

အစိုးရ အရာထမ်းများအတွက် ဆောက်ပေးထားသော တစ်ထပ်လုံးချင်းတိုက်ဖြစ်ပြီး ခြံဝနှင့်အိမ်က ပေနှစ်ဆယ်ခန့်ဝေး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ ပန်းခြံလုပ်ထားသည်။

"ဟာ ... ဟုတ်ပြီ၊ ဟိုခြံထောင့်က ရေတိုင်ကီပေါက်နေလို့ ရေမထည့်တာကြာပြီ၊ အဲဒီအထဲ ဝင်ပုန်းနေရင်ဖြစ်လား"

အေးငွေပြောသည့် ရေတိုင်ကီက ငါးပေပတ်လည်ခန့်ရှိပြီး အမြင့်လေးပေခန့်ရှိမည်ဟု မှန်းမိသည်။ သစ်သားတိုင်လေးတိုင်နှင့် ထောက်ပင့်ထားပြီး အပေါ်တက်ရန် လှေကားရှိသည်။

သူတို့ဝင်ရပ်လိုက်လျှင် ရင်စို့ခန့်အမြင့်ရှိမည်။ အပေါ်စီးမှ ကြည့်၍ရသည်။

"ကဲ ... အဲဒီတိုင်ကီထဲ ဝင်ထိုင်နေကြမယ်၊ ကိုးနာရီ နောက်ပိုင်း ဒီတစ္ဆေကောင် ရောက်လာမှာပဲ"

ကျော်သိုက်ပြောလိုက်သည်နှင့် သုံးယောက်သား အပေါ် တက်ပြီး တိုင်ကီထဲ ဝင်လိုက်သည်။ အစပိုင်းတော့ ရေတိုင်ကီထဲ ရေမရှိသည့်အတွက် သူတို့ လှုပ်လှုပ်ရွရွနှင့် ဆူညံနေသည်။

နောက်ပိုင်း နေသားကျသွားတော့ အသံမထွက်အောင် နေလို့ရသွားသည်။

ညကိုးနာရီခန့် ခွေးအူသံ စာစောကြားလိုက်ရသည်။

"လာနေပြီ ရပ်မနေနဲ့ ခါးကုန်းပြီး မျက်လုံးပေါ်အောင်ပဲ ကြည့်ကြ ..."





"ဘုရား ... ဘုရား ... သရဲကြီးပါလား ခုနစ်ပေလောက် မြင့်တယ်"

"ဝုတ် ... ဝုတ် ..."

ဝေါင်း ...

"အား"

အိမ်ဘေးတစ်ဖက်တစ်ချက်စီမှ နွားသိုးကြီးများ အရွယ်နီးပါး ရှိသည့် အစွယ်ပြူးပြူး မျက်လုံးနီနီနှင့် ခွေးကြီးနှစ်ကောင် ခုန်ထွက် လာပြီး တစ္ဆေကောင်၏ လက်မောင်းတစ်ဖက်စီကို ကိုက်ဆွဲကာ အိမ်ရှေ့သို့ ခုန်ပေါက်ထွက်ပြေးသွားတော့သည်။

ခွေးပါးစပ်ထဲမှာ တစ္ဆေကြီး နောက်ပြန်အနေအထားနှင့် ပါသွားရင်း အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားသည်။

"ဟာ ... ခွေးကြီးတွေကလည်း နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူး နွားလောက်နီးနီးရှိတယ်"

"ကဲ ... အားလုံးမြင်လိုက်ရတယ် မဟုတ်လား။

အဲဒါ အမေမဖဲဝါရဲ့ လက်စွဲခွေးကြီးတွေပဲ ... အထက် နတ်ကြီးတွေ ခွင့်ပြုချက်နဲ့ အမေမဖဲဝါ ဆုံးမလိမ့်မယ် ... ဒီတစ္ဆေ ငရဲတစ်ခါတည်း ရောက်သွားလိမ့်မယ်၊

ကဲ ... အောက်ဆင်းပြီး မျက်ကွင်းဆေး ဖျက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရအောင်"

"သရဲကလည်း ကြောက်စရာကြီး၊ ကိုကျော်သိုက် ကျေးဇူးပဲပါ ... နို့မို့ဆို ဒီကောင်သတ်လို့ ဒီည ကျွန်တော်သေနေပြီ"

"ဟေ့ကောင် ကိုကျော်သိုက်နဲ့ တွေ့ပေးတဲ့ ငါ့ကိုလည်း ကျေးဇူးတင်အုံးလေကွာ"

အောက်ရောက်၍ မျက်ကွင်းဆေးဖျက်ပြီးသည်နှင့် ကျော်လွင်က နှုတ်ဆက်ကာ အေးငွေအိမ်သို့ ကျော်သိုက်နှင့်အတူ ပြန်ရန် အပြင် ...

"အေးငွေ ... မနက်ဖြန်မှ တို့ပြန်ဆုံကြမယ်"

ကျော်လွင်တစ်ယောက် လွတ်လပ်ပေါ့ပါးစွာ အိမ်ထဲဝင်သွားတော့သည်။

အေးငွေနှင့် ကျော်သိုက်တို့လည်း စိတ်ချမ်းသာမှုအပြည့်နှင့် ကျော်လွင်တို့ ခြံထဲမှ ပြန်ထွက်လာခဲ့ကြတော့သည်။



# ဆိုင်ကယ် ကယ်ရီသရဲ

ကိုချစ်သန်းတစ်ယောက် ရန်ကုန်မြို့ထဲမှအပြန် အလုပ်ကိစ္စများ မပြီးပြတ်၍ အပြန်နောက်ကျခဲ့သည်။

သူ ... ကားဂိတ်ရောက်တော့ ဂိတ်မှာ အသင့်ရပ်ထားသော ဟွန်ဒိုင်းကားကြီးတစ်စီးကို တွေ့လိုက်ရသည်။ ကားက သူ့သက်တမ်းတစ်လျှောက် လိုသည်ထက်ပို၍ တာဝန်ထမ်းဆောင်ခဲ့ရပုံရသည်။ ဆေးတစ်ထပ် သံချေးတစ်ထပ် ဖြစ်နေသည်။

အရောင်က မသစ်လွင်တော့၊ တိုက်ကြီး-ရန်ကုန် နောက်ဆုံးကားတဲ့။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကားလည်း နောက်ဆုံးကားပေါ့။ တိုက်ကြီးရောက်လျှင် အိမ်ကို ဘယ်အချိန်ဖြစ်ဖြစ် ဆယ့်ငါးမိနစ်နှင့် လမ်းလျှောက်လိုက်သည်နှင့် ရောက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားတဲ့ကားပေါ် ဝမ်းမြောက်ဝမ်းသာနှင့်တက်ပြီး ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။ သူကားပေါ်ရောက်တော့ ခုနစ်နာရီ။

နောက်ဆုံးကားဆိုတော့ အတတ်နိုင်ဆုံး ကားပြည့်အောင် လူစောင့်တင်လေသည်။ ဂိတ်က ကားစထွက်တော့ ခုနစ်နာရီခွဲပြီ။ ရန်ကုန်မှအထွက် ကားက မှတ်တိုင်စေ့ လူတက်သဖြင့် ရပ်ပေးနေရသည်။

ထောက်ကြံ့ရောက်တော့ လူတော်များများ ဆင်းသွားသဖြင့် ကားပေါ်မှာ ရပ်သူ မရှိသလောက် ဖြစ်သွားသည်။ ရပ်လိုက် မောင်းလိုက်နှင့်ဆို တိုက်ကြီးကို ကိုးနာရီခန့်မှ ရောက်မည်ဟု ခန့်မှန်းမိသည်။

ထောက်ကြံ့မှ ထွက်လာပြီးနောက်ပိုင်း ခရီးသည် အဆင်းသာ ရှိသည်။ အတက်သမား မရှိတော့။

ကားက စက်စွမ်းအား ကျနေသည်လားမသိ။ မြန်မြန် မမောင်းဘဲ မှန်မှန်သာ မောင်းနေသည်။ စက်သံက တိုးလိုက် ကျယ်လိုက်ဖြင့် မတည်မငြိမ် ရှိနေသည်ကို သတိပြုမိသည်။

ထင်သည့်အတိုင်း မော်ဘီအဝင် တိုးဂိတ်အကျော်နားမှာ စက်ထိုးရပ်သွားသည်။ စပါယ်ယာမပါသည့်အတွက် ဒရိုင်ဘာ ကိုယ်တိုင်ဆင်းပြီး စက်ကို ဆင်းကြည့်သည်။





ခဏကြာတော့ ကားပေါ် ဒရိုင်ဘာပြန်တက်လာပြီး စက်ကို နှိုးလိုက်ရာ စက်နိုးသွားသည့်အတွက် ကားဆက်လက်ထွက်လာခဲ့သည်။ မော်ဘီမရောက်ခင်မှာပင် ထိုင်ခုံပေါ်မှ လူတစ်ဝက်ခန့် ဆင်းကုန်သည်။

ကားပေါ်တက်သူက မရှိသလောက်ပင် မော်ဘီမြို့ထဲဝင်တော့ ကားပေါ်မှ လူဆယ်ယောက်ပဲ ရှိတော့သည်။ လူတက်ဦးမလား ဆိုပြီး ငါးမိနစ်ခန့် ရပ်စောင့်နေသည်။

လူကြီးတစ်ယောက်သာ တက်လာသည်။ ကားထွက်လာသည်။ စုပေါင်းရုံးမှတ်တိုင်ရောက်တော့ သုံးယောက်ဆင်းသွားပြီး နှစ်ယောက် ပြန်တက်လာသည်။

စုပေါင်းရုံးမှတ်တိုင်ကထွက်တော့ ကားက စက်သံ မှုမမှန် ဖြစ်လာပြန်သည်။ တစ်ချက်တစ်ချက် တုန့်ခနဲဖြစ်သွားသည်။ မော်ဘီ သာလုံးစက်ရုံရှေ့အရောက် ကားက ထိုးရပ်သွားတော့သည်။

ဒရိုင်ဘာက ကားကို ပြန်နှိုးကြည့်သည်။ လုံးဝ နှိုးမလာတော့။

"တောက် ... သွားပါပြီ၊ ဒီနေ့တစ်နေ့လုံး သဘောကောင်းနေပြီး နောက်ဆုံးအခေါက်ကျမှ ဖြစ်ရတယ်လို့"

ဒရိုင်ဘာက အားလုံးကြားအောင် ပြောပြီး အောက်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စက်ကို မည်ကဲ့သို့ သွားလုပ်သည်မသိ။ ခဏကြာတော့ အပေါ်ပြန်တက်လာပြီး ...

"စိတ်မကောင်းပါဘူး။ ကားထွက်လို့ မရတော့ဘူး။ ပျက်သွားပြီ"

"တောက် ... လမ်းတစ်ဝက်တစ်ပျက်မှာကွာ"

"ဒီအချိန် ဘာကားရတော့မှာလဲ။ ဒီကားပေါ်မှာ အိပ်ရတော့မှာလား"

"နောက်က ကားတွေ လာနိုင်ပါသေးတယ်။ ခဏစောင့်ကြည့်ပါဦး။ ဆိုင်ကယ် ကယ်ရီတွေလည်း လာတတ်ပါတယ်"

"အချိန်က မနည်းတော့ဘူး။ ရှစ်နာရီ ခွဲနေပြီ။ အဝေးပြေးကားတွေပဲ လာစရာရှိတယ်"

မကျေမနပ် စကားများ ပြောဆိုပြီး ခရီးသည်များ ကားအောက်သို့ ဆင်းလာသည်။ ကားပေါ်မှ ဆင်းသည့်လူ ဆယ်ယောက်ရှိသည်။

စုပေါင်းရုံးက တက်လာသူနှစ်ယောက်က ...

"တိုက်ကြီးပြန်မလား စိတ်ကူးတာ ကားပျက်မှတော့ အပေါ်တို့အိမ်ပဲ ပြန်အိပ်တော့မယ်"

ဟုဆိုကာ နောက်ကြောင်း ပြန်လှည့်သွားသည်။





မှော်ဘီမြို့ထဲက တက်လာသူ လူကြီးကလည်း မြို့ထဲ ...ကလမ်းလျှောက်ပြန်သွားသည်။

ကိုချစ်သန်းလည်း စဉ်းစားလိုက်သည်။ မှော်ဘီမြို့ထဲက ...ိုင်ကယ်ကယ်ရီငှားပြီး ပြန်လျှင်ရသည်။ မှော်ဘီမြို့ထဲ လမ်းလျှောက်ပြန်လျှင် နာရီဝက်မက ကြာဦးမည်။

ထိုစိတ်ကူးကို အကောင်အထည် မဖော်ဖြစ်တော့။

ကိုချစ်သန်းက ကားမီးထိုးထားသော ရှေ့ဘက်သို့ လျှောက်...သွားသည်။

တိုက်ကြီးဘက်မှ ပြန်လာသော ကယ်ရီသမားကို တားဆီး...ရန် အကြံနှင့်ဖြစ်သည်။ သူရပ်စောင့်နေစဉ် ပြည်အောင်လံ သရက် ...အဝေးပြေးကားများ လာသည်ကို တွေ့ရသည်။

သူတို့ကို တား၍မဖြစ်။ တားလည်း ရပ်ပေးမည်မထင်။ ...က်စီကားအလွတ်လာလျှင်လည်း တား၍ စီးနိုင်သည်။ ကျန်ခရီး...သည်များက ကားပျက်နားမှာပင် ရှိသေးသည်။

"ဝေါ ..."

"ဟော ... ဘုရား ... ဘုရား တက်စီကား ဖြစ်ပါစေ"

မှော်ဘီဘက်မှလာသော ကားဖြစ်သည်။ သူထင်သလို ...က်စီကားဖြစ်သည်။ ဒါပေမဲ့ ကားနားက တားသူများကို



www.burmeseclassic.com

www.burmeseclassic.com



ရပ်မပေး၍ သူ့အနားဖြတ်သွားတော့ တားမည်ကြံလိုက်သေးသည်။ ကားထဲမှာ လူပါလာသည်ကို တွေ့လိုက်သည်။

"ကားပေါ်မှာ လူက နှစ်ယောက်တည်း ... တင်သွားလည်း ရရဲ့သားနဲ့။ ကိုယ်ချင်းစာစိတ် မရှိဘူး"

ကိုချစ်သန်း မကျေမနပ် ရေရွတ်နေစဉ် မှော်ဘီဘက်မှ ဆိုင်ကယ်ကယ်ရီတစ်စီး လာနေသည်ကို တွေ့လိုက်သဖြင့် ကား ပျက် အနီးသို့ ပြန်လျှောက်ခဲ့ရာ ကားဘေးမှ ရပ်နေသူများက ဦးသွားသည်။

သူ ... ကားပျက်ကြီးအနား မရောက်ခင်မှာပင် ဆိုင်ကယ် စက်နှိုးသံ ကြားလိုက်ရပြီး ဆိုင်ကယ်က သူ့ရှေ့မှ ဖြတ်မောင်း သွားသည်။ ဆိုင်ကယ်ပေါ်မှာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသား တစ်ယောက်တို့ တိုးကပ်စီးပြီး ပါသွားသည်ကို တွေ့လိုက်သည်။

"ဒါက ရှေ့မှာ သွားစောင့်နေတော့ မှော်ဘီကလာတဲ့ ကား ဆိုင်ကယ်ကို သူတို့ငှားလို့ပိုမှ ဒါရတော့မှာပဲ။ ဒီ ... သူတို့အနား မှာပဲ နေမှဖြစ်မယ်"

တိုက်ကြီးဘက်မှလာသည့်ဆိုင်ကယ်အလွတ်ကို စောင့်မည့် အကြံကို လက်လျှော့ကာ ခရီးသည်များနှင့်အတူ စောင့်ရန် ဆုံးဖြတ် လိုက်ရသည်။





ကားဘေးမှာ ဆယ်နှစ်အရွယ် မိန်းကလေးတစ်ယောက်နှင့် ထိုကလေးမ၏ အဖေနှင့်အမေ သုံးယောက်တည်း ရှိတော့သည်။ သူပါနဲ့ဆို လေးယောက် ဖြစ်သွားသည်။

ဒရိုင်ဘာက တိုက်ကြီးဂိတ်က စက်ပြင်သမားတစ်ယောက်နဲ့ လာကြိုမည့်ကား မှာထားသည်ဟု ပြောသည်။

ကားက ဆယ်နာရီ လောက်မှရောက်မည်။ စောင့်နိုင်လျှင် စောင့်ရန် ပြောလာသည်။

"ကျေးဇူးပါပဲဗျာ ... ဆိုင်ကယ်ဖြစ်ဖြစ်၊ တက်စီဖြစ်ဖြစ် ငှားမရရင် လာကြိုမယ့်ကား စောင့်ရတော့မှာပေါ့။ ဒီကြားထဲ ကယ်ရီ ရရင် လိုက်သွားမယ်"

ခရီးသည် သားအမိသားအဖသုံးယောက်ကတော့ စက်ပြင် သမားနှင့်အတူ လာမည့်ကားကို စောင့်တော့မည်ဟု ပြောသည်။

"အဒေါ်တို့က တိုက်ကြီးလမ်းမပေါ်တင်ဆိုတော့ ဘယ်အချိန် ပြန်ရောက်ရောက် အရေးမကြီးဘူး။ ငါ့တူ အရေးကြီးရင် ပြန်ပါ"

ထိုစဉ်မှာပဲ မှော်ဘီဘက်မှ ဆိုင်ကယ်တစ်စီးလာနေသဖြင့် သူတို့အားလုံး လမ်းမပေါ်တက်ပြီး တားလိုက်ကြသည်။

အချိန်က ကိုးနာရီထိုးရန် ဆယ်မိနစ်သာလိုတော့သည်။ ဆိုင်ကယ်လာရပ်သည်နှင့် ကိုချစ်သန်းက ဆိုင်ကယ်ပေါ် ဝင်သာ



www.burmeseclassic.com

www.burmeseclassic.com



အားရ တက်လိုက်သည်။

"ကဲ ... အားလုံးပဲ သွားပြီ"

"မင်းတော့ ... ကံကောင်းသွားတာပဲ"

"အေး ... အေး ... သွား ... သွား"

သူတို့က စိတ်အေးလက်အေး ကျန်ခဲ့သည်။ ကိုချစ်သန်းကလည်း ဆိုင်ကယ်ကယ်ရီရလိုက်၍ စိတ်ထဲပေါ့သွားကာ ဆိုင်ကယ်အဖိုးအခ မမေးဘဲ နေလိုက်သည်။ ဒီအချိန်မှာ ထောင့်ငါးရာနှစ်ထောင်တောင်းလည်း ပေးလိုက်မည်ဟု စိတ်ကူးထားသည်။

မောင်မင်းကြီးသားသာ ရောက်မလာရင် ညဆယ်နာရီ ဆယ့်တစ်နာရီမှ အိမ်ပြန်ရောက်တော့မည်။ ညစာမစားရသေးသဖြင့် ဆာလှပြီ။

ဆိုင်ကယ်မောင်းသူက အသက်နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိဦးမည်ဟု မှန်းလိုက်မိသည်။ ဆိုင်ကယ်ကို ကျွမ်းကျွမ်းကျင်ကျင် စီးတတ်ပုံရသည်။

"အစ်ကိုက ဘယ်က **လာတာလဲ**"

"ရန်ကုန်က ပြန်လာတာ **နေ့ခင်းကသွားတာ** ကိစ္စမပြီးပြတ်လို့ နောက်ဆုံးကားနဲ့ ပြန်လာရတာ ကားက လက်ပူတိုက်ထားတဲ့ကားနဲ့ တူပါတယ်။ မော်ဘီအဝင်မှာ တစ်ခါပျက်သေးတယ်၊





အခု မော်ဘီအထွက်မှာလည်း ပျက်ရော ပြန်နိုးလို့ကို မရတော့ဘူး။ ခရီးသည်က ဆယ်ယောက်ပဲ ကျန်တယ်။ သူတို့ကို ပြသနာလုပ်မယ့်လူလည်း မရှိဘူးဆိုတော့ ကျောက်ချပြီး ရပ်နေတော့တာပဲ"

"ကျွန်တော်နဲ့ တွေ့လို့ အစ်ကို ကံကောင်းသွားတယ်"

"ဒါနဲ့ ငါ့ညီက ဘယ်မှာဂိတ်ထိုးတာလဲ။ မော်ဘီမြို့ထဲမှာပဲလား"

"ကျွန်တော့်ပုံက ကယ်ရီသမားနဲ့ တူနေလို့လား"

"ဟာ ... အဲဒီလို ... မဟုတ်ပါဘူး ညီလေးရာ"

"ဘယ်မှာမှ ဂိတ်မထိုးပါဘူး။ ကျွန်တော်က ဆိုင်ကယ်စီးရတာ ဝါသနာပါတာပါ၊

ဆိုင်ကယ်စီးနေရရင်ကို ပျော်ဟာ။ ဒါ ကျွန်တော့်ဆိုင်ကယ်မဟုတ်ဘူး။ ကျွန်တော့်တူ ဆိုင်ကယ်၊ ကျွန်တော့်ဆိုင်ကယ်က ဟုရုကီးလေးလုံးထိုး အရမ်းကောင်းတာ"

ကောင်လေးက ... ဆိုင်ကယ်ကို ဖြည်းဖြည်းညင်သာစွာမောင်းရင်း စကားပြောနေသည်။ လူငယ်အတော်များများက ဆိုင်ကယ်ပေါ်တက်သည်နှင့် လက်စွမ်းပြကြသည်။ ခပ်ကြမ်းကြမ်းမောင်းတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလူငယ်ကတော့ တစ်နာရီ မိုင်သုံးဆယ်ထက် မပိုတဲ့ အရှိန်နဲ့ မောင်းနှင်နေပုံရသည်ဟု ထင်လိုက်သည်။

"ဖို့ညီနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည်လား။ ဖိုးရှုပ်လည်း ခေါ်တယ်။ ဖိုးဇော်လို့လည်း ခေါ်ကြတယ်။ နာမည်ရင်းသိန်းဇော်ကို အိမ်ကပဲ ခေါ်တော့တယ်။ အပြင်လောကမှာ ဖိုးရှုပ်ဆို ခွေးကစသိတယ်၊

ဆိုင်ကယ်အမြန်စီးတဲ့နေရာမှာ ကျွန်တော့်ကို ဘယ်သူမှ မမှီဘူး။ ဆိုင်ကယ်ပြိုင်တိုင်း ကျွန်တော်နိုင်ခဲ့တယ်"

"အခုဆိုင်ကယ်ကို အမြန်မစီးတာ အမြင်မှုန်ရသွားလို့လား။ ဘာကြောင့်လဲ"

"အစ်ကိုပါနေလို့။ ပြီးတော့ ရှေ့နောက်စကားပြောလို့ရအောင် ဖြည်းဖြည်းမောင်းနေတာ"

"အော် သိပါဘူးကွာ။ အေး ... ဒီအနေပဲကောင်းတယ်"

ဆိုင်ကယ်က မြောင်းတကာရွာကို ကျော်ဖြတ်လာသည်။

"ကျွန်တော့်မိဘတွေက ထောက်ကြံ့မှာ ရှိတယ်။ ကျွန်တော် မြောက်ချောကုန်းရွာသူနဲ့ အကြောင်းပါပြီး၊ ပြီးခဲ့တဲ့ သုံးနှစ်က အိမ်ထောင်ပြုခဲ့တယ်။ သကြိန်မှာကဲရင်း ယူဖြစ်သွားတယ်ဆိုပါတော့ အစ်ကိုရာ"





ထိုအချိန် ဆိုင်ကယ်စီးနေရင်း အပုပ်နံ့ကို ဆိုးဆိုးဝါးဝါး ရရှိလိုက်သည်။

"ဟာ ပုပ်လိုက်တာ နံဟောင်နေတာပဲ"

"လူဆိုတာ ... ဒသရင်ပုပ်တာပဲ မဟုတ်လား"

လမ်းဘေးက ခွေးသေကောင်ပုပ်အနံ့ဟု ထင်လိုက်၍ ဘာမှ မပြောတော့။ အပုပ်နံ့က အတော်ဝေးဝေးအထိ ပါလာသည်။

မြောင်းတကာက ဆိုင်ကယ်ထွက်ခဲ့ပြီး ကောင်လေးကတော့ စကားတွေ ဆက်ပြောနေသည်။

"ကျွန်တော် အိမ်ထောင်ကျပြီး တစ်နှစ်အတွင်းမှာ သားလေး မွေးတယ် ဆိုပါတော့ဗျာ။ ကလေးသာရတယ် ကျွန်တော်က ဆိုင်ကယ်တစ်စီးနဲ့ အိမ်ကပ်တယ် မရှိဘူး၊

မှော်ဘီက သူငယ်ချင်းတွေဆီ သွားလိုက်၊ တိုက်ကြီးက သူငယ်ချင်းတွေဆီ ရောက်လိုက်နဲ့ ပျော်လို့မဆုံးပေါ့၊

ညဆယ်နာရီနောက်ပိုင်းဆို ကျွန်တော်တို့ ဆိုင်ကယ် ပြိုင်မောင်းကြတာ။ သိပ်ပျော်စရာကောင်းတာပဲ"

"ဘယ်သူမှ မထိခိုက်ကြဘူးလား"

"မှောက်တဲ့ကောင်လည်း မှောက်တာပေါ့။ မသေမရှင်ပဲ ခံကြရတာ။ ဒါပေမဲ့ ဘယ်သူမှ မမှတ်ဘူး။ ပြန်ကောင်းရင်ပြန်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ။ ကျွန်တော်လည်း ခံလိုက်ရတာပဲ၊

အခု ... ကျွန်တော်က ထောက်ကြံ့ အမေတို့အိမ်က ပြန်လာတာ။ ကျွန်တော်ရဲ့ နှစ်ပတ်လည်နေ့ အလှူလုပ်တာတဲ့။ ကျွန်တော့်ကို လာခေါ်သွားလို့ ခွင့်ပြုချက်နဲ့ သွားရတာ၊

အမေတို့ အလှူမှာ အမျှဝေတာကို စောင့်ပြီး သာဓုမခေါ်နိုင်ဘူး။ တူရဲ့ဆိုင်ကယ် တွေ့တာနဲ့ ယူပြီး လျှောက်စီးနေတာ နောက်တစ်နှစ်ပြည့်ရင်လည်း လာခေါ်ဦးမှာပဲ။ ကျွန်တော်က ဆိုင်ကယ်မြင်ရင် နေကို မနေနိုင်ဘာ"

ထိုအချိန် မြောက်ချောကုန်းရွာကို ဝင်လာခဲ့ပြီး၊

"ဒီရွာက ကျွန်တော့်မိန်းမရဲ့ ရွာလေ။ အခု မိန်းမနဲ့ ကလေးက ထောက်ကြံ့ အမေတို့အိမ် ရောက်နေတယ်"

"မင်းက ငါ့ကို တိုက်ကြီးမှချပြီး ထောက်ကြံ့ ပြန်မှာလား။ ဒီမြောက်ချောကုန်းမှာ ပြန်အိပ်မှာလား"

"ကျွန်တော် ပြောပါပကော၊ ထောက်ကြံ့က ပြန်လာတာလို့ ကျွန်တော်နေရာက ရှေ့နားမှာ အစ်ကိုဆိုင်ကယ်စီးတတ်လား"

"မစီးတတ်ဘူးကွ ... စက်ဘီးပဲ စီးတတ်တယ်"

"ဟာ ... အဲဒါမှခက်တာပဲ။ ကျွန်တော် နေတဲ့ဆီ ရောက်တော့မယ်။ ကျွန်တော်နေခဲ့ပြီး အစ်ကို့ကို ဆိုင်ကယ်ပေးစီးလိုက်





မလို့ စိတ်ကူးထားတာ"

"ဟာ ... အစ်ကို့ဆိုင်ကယ်မှ မဟုတ်တာ။ မစီးဝံ့ပါဘူး။ စီးလည်း မစီးတတ်ဘူး။ ဒါနဲ့ ငါ့ညီ ဆိုင်ကယ်ကို မသိတဲ့အစ်ကို့ကို ပေးစီးမယ်ဆိုတော့ သူများဆိုင်ကယ်ကို ခိုးစီးလာတာလား"

"ဟာ ... မဟုတ်ပါဘူး။ ဒီဆိုင်ကယ်က ထောက်ကြံ့က ကျွန်တော့်တူရဲ့ ဆိုင်ကယ်ပါ"

"ဒီဆိုင်ကယ်စီးလာတာ လူကြီးတွေ သိလို့လား"

"မလိုပါဘူး။ ဖိုးရှုပ်အိမ်က ဘယ်ဆိုင်ကယ်ကို ယူစီးစီး ရတယ်။ အခု ကျွန်တော်နေတဲ့နေရာ ရောက်တော့မယ်"

ထိုအချိန် မြောက်ချောကုန်းလွန်၍ ပန်းတစ်ပွင့်တောင်သို့ သွားရာ မုဒ်ဦးရှေ့သို့ ရောက်လာသည်။ ဆိုင်ကယ်ကို အရှိန်လျှော့ပြီး မောင်းနေသည်။

"အစ်ကိုက မယုံဘူးလား။ ကျွန်တော်နေတာ ဒီရှေ့နားတင်ပဲ။ လွန်ခဲ့တဲ့နှစ်က ကျွန်တော့်ရဲ့ ဆိုင်ကယ်ကြီးနဲ့ ဒီလမ်းပေါ်မှာ ပြိုင်မောင်းရင်း ..."

ကောင်လေးထံမှ စကားမဆက်သဖြင့် ကိုချစ်သန်းက ...

"ဘာဖြစ်သွားလို့လဲကွ ဆက်ပြောလေ"

"ဝူး ... ဝူး"



www.burmeseclassic.com

www.burmeseclassic.com



စကားမဆက်သေးဘဲ ဆိုင်ကယ်စက်သပ်ကာ ရပ်လိုက်သည်။ မီးကို ဖွင့်ထားသည်။

"ကဲ ... အစ်ကို ကျွန်တော်ဆင်းပြီ။ ကျွန်တော်နေတဲ့နေရာရောက်ပြီ။ သွားတော့မယ်။ ဆိုင်ကယ်ကို ဆက်စီးသွား"

သူက ပြောပြီး ဆိုင်ကယ်မီးရောင်အောက်ကနေ လမ်းဘေးကို ဆင်းလိုက်စဉ် သူ၏ ကျောပေးလျက် လျှောက်သွားသော အနေအထားကို လှမ်းမြင်လိုက်သည်။

"အား ... အမယ်လေး ... သရဲ"

ထိုလူငယ်၏ ခေါင်းနောက်ပိုင်းပွင့်လျက် ဦးနှောက်များ အထွေးလိုက်ကျနေသော မြင်ကွင်းကို အထင်းသား မြင်လိုက်ရ၍ ထအော်မိသည်။

ထိုလူငယ်ဆင်းသွားသည်က မြောက်ချောကုန်းရွာသချိုင်း ဖြစ်နေသည်။ သူရှေ့သို့ ပြေးရမည်လား။ နောက်သို့ ပြန်ပြေးရမည်လား။ ဝေခွဲမရဖြစ်နေစဉ် ရှေ့မှ မောင်းလာသော ကားမီးရောင်က သူ့မျက်လုံးကို ထိုးမိလိုက်သဖြင့် မျက်လုံးများ ပြာသွားသည်။

ထိုကားက စက်ရှိန်သပ်ပြီး ရပ်လိုက်သည်။ ကားက တိုက်ကြီးမှလာသော ကားဖြစ်သည်။ ကားပေါ်မှ ရဲသားနှစ်ယောက်





ဆင်းလာသည်။

"ဟေ့ ... ဘာရပ်လုပ်နေတာလဲ"

"ဟာ ... ပြဿနာပဲ ရဲတွေ၊ ငါ ... ဒီဆိုင်ကယ်နဲ့ ဘယ်လိုရှင်းရပါ့မလဲ"

"နောင်ကြီးက ဆိုင်ကယ်တစ်စီးနဲ့ ... ဒီမှာ ဘာရပ်လုပ်နေတာလဲ"

"ဆိုင်ကယ်မောင်းလာတဲ့ ကောင်လေး ... ဒီအောက်ဆင်းသွားလို့ စောင့်နေတာ"

"အပေါ့သွားတာလား။ အလေးသွားတာလား"

"မသိဘူးဗျ ... သူ့နေရာရောက်ပြီဆိုပြီး ဆင်းသွားတာပဲ"

"ခင်ဗျား ... ညာနေတာလား။ အဲဒီလူကို တစ်ခုခုလုပ်ပြီး ဆိုင်ကယ်ယူမလို့လား"

"ဟာ ... မဟုတ်တာ။ ကျွန်တော် ဆိုင်ကယ် လုံးဝမစီးတတ်ဘူး"

ထိုစဉ် ကားဆီမှ ဒုရဲအုပ်တစ်ယောက်ဆင်းလာပြီး ကားလမ်းကို ကူးလာသည်။ ဆိုင်ကယ်နံပါတ်ကို ကြည့်သည်။

"ဟာ ... ဒီဆိုင်ကယ်က ထောက်ကြံ့ရဲစခန်းက တိုင်ချက်ဖွင့်ထားတဲ့ ဆိုင်ကယ်ပဲ။ နေ့ခင်းကမှ အကြောင်းကြားလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ... ဆိုင်ကယ်ကို ခိုးစီးလာတာလား"

ရဲတစ်ယောက်က ကိုချစ်သန်းအား လက်ထိတ်ခတ်ပြီး ကားဆီ ခေါ်သွားသည်။ ကိုချစ်သန်းက ကားပျက်၍ ကားစီးလာကြောင်း ပြောပြသည်။

"ဆိုင်ကယ်က အခုမှ ရပ်ထားတာ။ စက်က ပူတုန်းရှိသေးတယ်၊

အခုတော့ ထောက်ကြံ့ကိုသွားမယ်။ နောင်ကြီးပြောတဲ့ ကားပျက် မှော်ဘီစက်ရုံမှာ ရှိသေးတယ်ဆိုရင် ဝင်မေးပြီးကြည့်မယ်"

အဲဒီမှာ ကားစီးမယ့် သားအဖသုံးယောက် ရှိသေးတယ်။ ဒရိုင်ဘာလည်း သိတယ်။ သူတို့ပဲ ဝိုင်းတားပြီး တင်ပေးလိုက်တာ"

"ခင်ဗျားပြောတဲ့အတိုင်းမှန်ရင် ဆိုင်ကယ်ခိုးတဲ့ အမှုက လွတ်နိုင်တယ်။ ဒါပေမဲ့ ကောင်လေးကိုသတ်ပြီး ကောင်လေးရဲ့ ဆိုင်ကယ်ကို လုထားတာဆိုရင်တော့ ... အမှုက ပိုကြီးသွားမှာပဲ"

"ဟာ ... မဟုတ်ပါဘူးဗျာ။ ကောင်လေးက သချိုင်းဘက် ဆင်းသွားတာပဲ။ ခင်ဗျားတို့စောင့်ရင်း သူပြန်လာတာ တိုးနိုင်တာပေါ့"

ရဲများကလည်း ဘာမှမပြောတော့သဖြင့် ကိုချစ်သန်းလည်း ငြိမ်နေလိုက်သည်။ ရဲတစ်ယောက်က ကားနောက်မှ ဆိုင်ကယ်





စီးပြီး ပါလာသည်။

ကံအားလျော်စွာ ဆယ့်ငါးမိနစ်ခန့် မောင်းလိုက်သည်နှင့် ပျက်နေသော ကားကြီးကို တွေ့လိုက်သည်။ ကားနားမှာ ဒရိုင်ဘာနှင့်အတူ ခရီးသည်သုံးယောက် ထိုင်နေသည်။

ရဲများက ကားရပ်လိုက်ပြီး ဒရိုင်ဘာနှင့် ခရီးသည်သုံးယောက်ကို ခေါ်လိုက်သဖြင့် တစ်ဖက်အခြမ်းသို့ ကူးလာကြသည်။ သူတို့ ကိုချစ်သန်းကို မြင်သည်နှင့် ...

"ဟာ ... ဟော၊ လူက ဘယ်လိုဖြစ်ပြီး ပြန်ပါလာတာလဲ"

ရဲများက ထိုလူလေးယောက်အား ...

"ခင်ဗျားတို့ သူ့ကို သိကြလား"

"ဟာ ... ဒီလူက ကျွန်တော်တို့ကားနဲ့ပါလာတဲ့လူ။ စောစောကပဲ ဆိုင်ကယ်ကယ်ရီ တားစီးပြီး ပါသွားတာ"

"သူစီးသွားတာ ဟိုဆိုင်ကယ်လား"

"ဟုတ်တယ်။ မောင်းတဲ့ကောင်လေးက အသက်နှစ်ဆယ် လောက်ပဲ ရှိမယ်ထင်တယ်။ ဒီကောင်လေး ဆိုင်ကယ်ခိုးလာပြီး မလွတ်မှန်းသိလို့ ဒီလူနဲ့ထားပြီး ထွက်ပြေးတာလားမှ မသိဘဲ"

"ဟုတ်တယ် ဆိုင်ကယ်မောင်းတဲ့လူကို မတွေ့ရဘဲ ဒီလူနဲ့ ဆိုင်ကယ်ပဲတွေ့လို့ ခေါ်လာတာ။ ဆိုင်ကယ်ကလည်း ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ တိုင်ထားတဲ့ ဆိုင်ကယ်ဖြစ်နေတယ်"

"ထောက်ကြံ့ရောက်ရင်တော့ ဒီကိစ္စ အဖြေပေါ်မှာပဲ"

ဝိုင်းထောက်ခံပြောသူများ၏ နာမည်များ လိပ်စာများကို ရဲများက တောင်းယူထားလိုက်သည်။

ထောက်ကြံ့ရဲစခန်းရောက်တော့ ဆယ်နာရီခွဲပြီးပြီ တိုင်ချက်ဖွင့်ထားသော ဆိုင်ကယ်ပိုင်ရှင်ကို ခေါ်လိုက်သည်။

"ထောက်ကြံ့ကနေ ဖိုးရှုပ်လို့ခေါ်တဲ့ သူငယ်လေး အလှူက အပြန်မှာ စီးခဲ့တာလို့ ဒီလူပြောတယ်၊ အဲဒီဖိုးရှုပ်ကို မတွေ့လို့ ရဲစခန်းကို ခေါ်လာခဲ့တာပါ"

"ဆရာတို့ မတွေ့ဆို အဲဒီဖိုးရှုပ်က ပြီးခဲ့တဲ့နှစ်က ဆိုင်ကယ်မှောက်ပြီးသေသွားပါပြီ။ ဒီနေ့ သူတစ်နှစ်ပြည့်ပဲ သူမြှုပ်ထားတဲ့ သင်္ချိုင်းကိုသွားပြီး အလှူမှာ တရားလာနာဖို့ ဖိတ်ခေါ်ခဲ့တာပါ"

"ဟော ... သေတဲ့ကောင်က ဆိုင်ကယ်မောင်းသွားတယ်"

"ဟုတ်ပါတယ်ဆရာ ... ဒီလူမှာ အပြစ်မရှိပါဘူး၊ သူသေပြီးရက်မလည်ခင် အိမ်မှာ သူ့ဝိညာဉ်ရှိစဉ်က၊ ဆိုင်ကယ်တွေ ညည ယူစီးလို့ မနည်းတောင်းပန်ထားရတယ်၊

သူ့ကို သူ့မိန်းမရွာ မြောက်ချောကုန်းသင်္ချိုင်းမှာ ဂူသွင်းခဲ့တယ်၊ တစ်လပြည့်လို့ လပတ်ဆွမ်းကပ်တော့ တရားနာလာဖို့





သွားဖိတ်ခေါ်ခဲ့တယ်၊ အလှူပြီးတဲ့နေ့ အိမ်ကဆိုင်ကယ်ပျောက်တာနဲ့ လိုက်ရှာတာ ဘယ်မှာမှမတွေ့ဘူး။ နောက်နေ့ သူ့ဂူဘေးမှာ ဆိုင်ကယ်ကို ပြန်တွေ့တယ်၊

အဲ့ဒီ ညဘက် အိမ်မက်လာပေးလို့တွေ့တာ၊ သူဆိုင်ကယ်စီးပြီး ပြန်သွားတယ်၊ ဆိုင်ကယ်ကို လာယူလို့ ပြောသွားတာ၊

နေ့ခင်းက ဆိုင်ကယ်ပျောက်မှန်းသိတော့ လိုရမယ်ရ ရဲစခန်းမှာလည်း တိုင်ချက်သွားဖွင့်လိုက်တယ်။ ကျွန်မရဲ့မောင်ကိုလည်း မြောက်ချောကုန်းသင်္ချိုင်းမှာ သွားစောင့်ခိုင်းထားတယ်။ ညနေ ငါးနာရီလောက်အထိ စောင့်ပြီးမှ ဆိုင်ကယ်ရောက်မလာဘူးဆိုပြီး ပြန်လာတာ"

"ဟုတ်တယ် ... တစ်လမ်းလုံး သူဆိုင်ကယ်ကို အလွန်သဘောကျတဲ့အကြောင်း မကြာမကြာ ပြိုင်တဲ့အကြောင်း ပြောပြသွားတယ်၊ ဆိုင်ကယ်ပေါ်ကလည်း ဆင်းရော သူ့နောက်စေ့ကြီးပွင့်ပြီး ဦးနှောက်တွေ ထွက်ကျနေတယ်"

"ဟုတ်တယ် ကားလမ်းနဲ့ ဦးဆက်နဲ့ရိုက်ခွဲသလိုဖြစ်ပြီးသေသွားတာ"

ကာယကံရှင်များ ရဲစခန်းသို့ လာရောက်ပြီး သူတို့သား အကြောင်းပြောပြ၍ ဆိုင်ကယ်ဈောက် တိုင်ထားသော အမှုကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်သိမ်းပေးခဲ့သည်။

ညတွင်းချင်း ကိုချစ်သန်းအား တိုက်ကြီးသို့ ကားနှင့် ပြန်ပို့ပေးမည်ဟု စီစဉ်နေစဉ် ...

"ဟာ ... ဒီက ... ကိုချစ်သန်းကို တကူးတက လိုက်ပို့ မနေပါနဲ့တော့။ ကျွန်တော်တို့လည်း တိုက်ကြီးပြန်တော့မှာ ကျုပ်တို့ကားနဲ့သာ တစ်ခါတည်းလိုက်ခဲ့ ခေါ်သွားလိုက်မယ်"

"တစ်ခုတော့ ပြောထားမယ်နော် ... အခုလို သွားရင်း လာရင်းနဲ့ အမှုအခင်းနဲ့ကြုံရင် ကျုပ်တို့သွားရာ လျှောက်လိုက်ရမယ်နော် ဖြစ်လား"

"ဟာ ... ဖြစ်တာပေါ့ ဗဟုသုတလည်း တိုးပွားတာပေါ့"

ရဲကင်းလှည့်သောကားဖြင့် ... တိုက်ကြီးသို့ ကိုချစ်သန်း တစ်ယောက် ပြန်ပါလာခဲ့သည်။

လမ်းမှာ ဘာပြဿနာမှ မတွေ့။ အမှုအခင်းနှင့်မကြုံသဖြင့် တိုက်ကြီးသို့ ညတစ်နာရီမှ ပြန်ရောက်ခဲ့သည်။

ရဲစခန်းမှ ရဲသားတစ်ယောက်အား ဆိုင်ကယ်နှင့် လိုက်ပို့ ခိုင်းသဖြင့် မကြာခင်မှာပင် အိမ်သို့ ပြန်ရောက်ခဲ့သည်။

အိမ်သားများလည်း ကလေးငယ်များမှလွဲ၍ စိတ်ပူပြီး စောင့်နေကြသည်။ ကိုချစ်သန်းလည်း ဆိုင်ကယ်တယ်ရီ ငှားစီး





ရာက သရဲမောင်းသောဆိုင်ကယ်ကိုမှ ငှားစီးမိပြီး ရဲစခန်းသို့ ရောက်ရသည့် အကြောင်းများကို ပြောပြရာ ... ကိုချစ်သန်း ဇနီးနှင့် ယောက္ခမကြီး လင်မယားလည်း ရင်တထိတ်ထိတ်နှင့် နားထောင်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အမှုမှန်ဖော်ထုတ်တဲ့ ကလေးသရဲ

ကလေးကစားကွင်းအတွင်း ကလေးရော လူကြီးများဖြင့် စည်ကားနေသည်။ ရေလွှာလျှောစီးမည့်နေရာမှာလည်း ကလေးများ စုပြုံတိုးဝှေ့နေသည်။ ရိုလာကိုစတာကွင်းမှာလည်း အလှည့်ကျ စီးရန် စောင့်စားနေကြသည်။

ချားရဟတ်မျိုးစုံမှာလည်း လူကြီးလူငယ်များဖြင့် ပြည့်နေသည်။ စားသောက်ဆိုင်များ၊ အရုပ်အိမ်ဆိုင်များ၊ လေသေနတ်ပစ်သည့် နေရာများမှာလည်း နေရာမလပ် ပြည့်နှက်နေသည်။

တနင်္ဂနွေရုံးအားရက်မို့ အဆများစွာ လူများဖြင့် စည်ကားနေခြင်းဖြစ်သည်။





တနင်္ဂနွေ ကျော်ကျော်တို့ သားအမိလည်း ကလေးကစားကွင်းထဲ ရောက်နေသည်။ ကျော်ကျော်က ၅ နှစ်သာ ရှိသေးသည်။ ကျောင်းပိတ်ရက် မိခင်အား ပူဆာပြီး ကစားကွင်းသို့ ရောက်လာခြင်းဖြစ်သည်။

"အမေ ... ဗိုက်ဆာတာတယ်"

"သား ... ဒီမှာနေ၊ အမေ သားစားဖို့ မုန့်သွားဝယ်မယ်"

ကျော်ကျော်လေးက တစ်ယောက်စီးခုံးပေါ်မှာ ထိုင်ပြီး ခြေထောက်နှင့် အားပြုလွှဲနေသည်။ မိခင်ဖြစ်သည့် မတိုးရီက သူတို့နှင့် မနီးမဝေးမှာရှိသည့် မုန့်ဆိုင်သို့ ထွက်သွားသည်။ မတိုးရီမှာ ကိုယ်ဝန်ငါးလခန့် ရှိနေသည်။

ငါးမိနစ်ခန့်ပင်မကြာ မတိုးရီ ရေခဲမုန့်နှင့် မုန့်ထုပ်ကို ကိုင်ပြီး ပြန်ရောက်လာသည်။ ကျော်ကျော်လေး စီးနေသော ဒန်းနေရာသို့ ရောက်တော့ လူမရှိဘဲ ဒန်းက လွှဲနေသည်။

"ဟင် ... သားလေး ဘယ်ရောက်သွားပြီလဲ"

"သားရေ ... ကျော်ကျော် ... သားရေ မင်းဘယ်မှာလဲ"

မတိုးရီ နေရာအနှံ့ လျှောက်သွားပြီး သားကိုရှာသည်။ မတွေ့။ ကျော်ကျော်နှင့်တူသော ကလေးများအား သွား၍ကြည့်သည်။ သားလေးကျော်ကျော် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ထိုနေ့တစ်နေ့လုံးနီးပါး အိမ်မပြန်ဘဲ ကလေးကို ရှာသည်။ မတွေ့သည့်အဆုံး ရဲစခန်းမှာ တိုင်ချက်ဖွင့်သည်။ ရဲများကလည်း ကျော်ကျော်လေး ပျောက်ဆုံးမှုအတွက် အပူတပြင်း ရှာဖွေပေးကြသည်။

ဘယ်လိုမှ သတင်းမရ။ ရှာလို့ မတွေ့တော့။ ကျော်ကျော်လေးမှာ ကျောပိုးအိတ်တစ်လုံး ပါသွားသည်။ အထဲမှာ ရေဘူးနှင့် မုန့်ထည့် သာ ဘူးလေးသာပါသည်။ သဲလွန်စဖြစ်နိုင်သော အရာဟူ၍ ဘာမှပါမသွား။

မတိုးရီလည်း သားပျောက်ကို ဆက်လက်မရှာဖွေနိုင်တော့ဘဲ ဝမ်းနှင့်လွယ်ထားသော ကိုယ်ဝန်က နေ့စေ့လစေ့ဖြစ်လာပြီမို့ ဒုတိယသားလေး မွေးဖွားရေးကိုသာ ဦးစားပေးရပြန်သည်။ ဒုတိယသားက သောကြာသားဖြစ်၍ သက်ဦးဟု အမည်ပေးခဲ့သည်။ ဒုတိယသားလေးကို ပထမသားနှင့်ပေါင်းပြီး နှစ်ယောက်အချစ်ခံရသည်။ ကိုသက်လေးကိုတော့ ပထမသားလေးကဲ့သို့ အဖြစ်မခံနိုင်။

မျက်စိအောက်က အပျောက်မခံခဲ့။ မတိုးရီခင်ပွန်းဖြစ်သူက အစိုးရမီးရထားဌာနမှ စက်ခေါင်းမောင်းဖြစ်သည်။ ခရီးအနီးအဝေး ပေါ်မူတည်၍ အိမ်မှာ နားချိန်နည်းသည်။

ဒုတိယသား ကိုသက် ဆယ်နှစ်သားအရွယ် ရောက်လာသည်။





ကျောင်းမှာ စတုတ္ထတန်း တက်နေပြီ။ စာလည်းတော်သည်။

မတိုးရီ နောက်ထပ် သားသမီးမယူတော့။ ကိုသက်လေး ဆယ်နှစ်သားအရွယ်မှာ မမျှော်လင့်ဘဲ ကိစ္စက ဖြစ်လာသည်။

ထိုနေ့က စနေနေ့ဖြစ်သည်။ ကျောင်းပိတ်ထားသော်လည်း ကိုသက်က အချိန်ပိုင်းသင်တန်းရှိ၍ သင်တန်းသို့ သွားနေသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးကို ညင်သာစွာ ခေါက်နေသည့်အသံကြောင့် မတိုးရီ သားဖြစ်သူပြန်လာပြီဟု ထင်လိုက်သည်။ ဒါပေမဲ့ နာရီကိုကြည့်တော့ သားပြန်လာရန် တစ်နာရီခန့် လိုသေးသည်ကို သိလိုက်သည်။ သို့ကြောင့် လုပ်လက်စအလုပ်ကို ရပ်ပြီး တံခါးပေါက်က ချောင်းကြည့်လိုက်သည်။

"ဟင်"

တံခါးခေါက်သံကြားပြီး ဘယ်သူမှ မတွေ့သဖြင့် လူကြီး မဟုတ် လူငယ်သာဖြစ်မည်။ ချောင်းကြည့်ပေါက်က လူကြီးအရပ်ကို မှန်းပြီး ခေါက်ထားခြင်းဖြစ်သည်။

ကလေးဆို ကိုသက် ကျောင်းစောစောလွှတ်၍ ပြန်လာခြင်း ဖြစ်မည်ဟု ထင်ကာ ဖွင့်ပေးလိုက်သည်။

"ဟင် ... သား ... သား ... ကျော်ကျော် ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သားမသေဘူး”

သူပြေးပွေ့တော့မည်ပြင်ပြီးမှ ခြေတုန့်ခနဲရပ်သွားသည်။ မတိုးရီစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ပျောက်ဆုံးသွားသော ကျော်ကျော်သည် ငါးနှစ်အရွယ် မူလတန်း စတက်ခါစ။

ယခုတွေ့လိုက်ရတဲ့ ကျော်ကျော်ကလည်း လွန်ခဲ့သော ဆယ်နှစ်ခန့်က ပျောက်ဆုံးသွားသော ကျော်ကျော်လေးပင် ဖြစ်နေသည်။

“ဘယ်ရောက်နေတာလဲသားကျော်ကျော်။ သားအမေတို့ အိမ်ပြန်လာတယ်”

မတိုးရီက ရေပက်မဝင်အောင် စကားတွေပြောနေပေမဲ့ ကျော်ကျော်လေးက စကားပြန်မပြော။ မပြုံးမရီ ရှိနေသည်။

“ထမင်းစားမလား ... သား”

ဘာမှပြန်မပြော။ လူကိုလည်း စိုက်မကြည့်ရှု။ တည်တည်နှင့် လျှောက်သွားနေသည်။ သူ့ကို ပေးသိပ်ခဲ့သော အခန်းထဲ တန်းဝင်သွားပြီး ထိုင်နေသည်။

မကြာခင်မှာပင် ကိုသက် သင်တန်းမှ ပြန်လာသည်။

“သား... ကိုသက်၊ ဒီ ... လွန်ခဲ့တဲ့ဆယ်နှစ်က မေမေတို့





ပျောက်သွားတယ်ဆိုတဲ့ သားရဲ့ကိုကိုပဲ”

“ဟာ ... ဒါက ကိုကို ဟုတ်လား။ ဘယ်ကကောင်လေးကို သွားခေါ်ခဲ့ပြီး ပျောက်သွားတဲ့သား လာလုပ်နေလဲ မသိဘူး”

“မဟုတ်ဘူးသား။ အဲဒီ သားမမွေးခင် ငါးနှစ်လောက် ကတည်းက မေမေတို့ရဲ့သားပဲ။ ပျောက်သွားပြီးမှ အခုပြန်ရောက် လာတာ”

“အမေနဲ့ မသိမရင်းနှီးလို့သာ အမေ့ကို စကားမပြောတာ၊ သားကိုလည်း စကားမပြောဘူး။ အမေ ... မညာပါနဲ့၊ အဖေ ပြန်လာရင် အမေလိမ်တာပေါ်မှာပဲ”

“သားကလည်း ... ကျော်ကျော်လေးကို ဖမ်းသွားတဲ့ သူတွေက ဘယ်သူတွေလဲ။ သူ ... အဖမ်းခံရပြီးကတည်းက ခန္ဓာကိုယ် မကြီးထွားလာတာ ဘာကြောင့်လဲ။

အဲဒါကို အရင်စဉ်းစားရမယ် ... သက်ဆိုင်ရာကိုလည်း အကြောင်းကြားရမယ်။ ဒါမှ သူတို့လည်း ဝိုင်းပြီးဖြေရှင်းနိုင်မှာ”

“အဖေပြန်လာရင် ရှင်းသွားမှာပါအမေရာ။ အခု သားကို ဒီအကြောင်းတွေ မပြောပါနဲ့၊ သားအိမ်စာတွေ လုပ်ရဦးမယ်”

ကိုသက်က ပြောပြီး သူ့အခန်းထဲ ဝင်သွားသည်။

ကိုသက်နှင့် ကျော်ကျော်တို့ကို တစ်ခန်းစီ ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းနှင့် ကျောင်းစာလုပ်ရန် တွဲပြီးထားပေးသည်။ သုံးနှစ်သား အရွယ်မှစ၍ အကျင့်လုပ်ကာ ကိုယ်အခန်းနှင့်ကိုယ် အိပ်စေသည်။

ယခု ... အခန်းချင်းကပ်လျက် ညီအစ်ကိုနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မခေါ်မပြောနိုင် ဖြစ်နေကြသည်။

ကိုထွန်းနိုင် ရထားပြန်ရောက်လာသဖြင့် အိမ်မှာတစ်ရက်နား နှစ်ညအိပ်ရမည်။ ခရီးရောက်မဆိုက် ...

"ကိုကို ... အိမ်မှာ ဘာထူးခြားလဲ လာကြည့်ပါ"

ကိုထွန်းနိုင်က အဝတ်အစား လဲရင်းတန်းလန်း ဇနီးမတိုးရှိ ပြရာသို့ ကြည့်လိုက်သည်။

"ဟာ ... သားငယ်လေး ... ကျော်ကျော် ... ကျော်ကျော်ပါလား"

"ဘယ်က ... သားငယ်လေးလဲ"

"ဟုတ်ပ့ါ ... မေ့နေလိုက်တာ၊ တို့သားက အခုဆို ဆယ့်ငါးနှစ်ရှိရမှာ ... အခု ဘယ်လိုဖြစ်ပြီး ပျောက်တုန်းကအတိုင်း ဖြစ်နေတာလဲ။ မှန်းစမ်းသားလေး"

အင်္ကျီကို လှန်ကြည့်သည်။ လက်မောင်းမှာ အမှတ်ကြီး ရှိနေသည်။ ကျော်ကျော်လေးမှာလည်း အမှတ်ရှိသည်။

ကိုထွန်းနိုင်၏ စကားကိုကြားပြီး ကိုသက်က အခန်းတွင်းက





ထွက်လာပြီး ... ဖခင်ဖြစ်သူအား မေးတော့သည်။

"ဖေဖေ ... အဲဒီ ဖေဖေတို့ ပျောက်သွားတဲ့ သား ဟုတ်လား"

"ဟုတ်တယ်သား ... လွန်ခဲ့တဲ့ ဆယ်နှစ်က ပျောက်သွား တာ"

"ဒါဆို ... သူက ဒီအရွယ် ဘာကြောင့်ဖြစ်နေကာလဲ"

"အေး ... အဲဒါထူးဆန်းတယ်။ ဂြိုဟ်သားတွေများ ခေါ်သွား တာလား။ ဒါမှမဟုတ် ကာလယန္တရားထဲ ရောက်သွားပြီး ပြန်ရောက် လာတာလား ... မစဉ်းစားတတ်တော့ဘူး"

"ကိုကို ... သားနဲ့ စကားပြောကြည့်ပါဦး။ ကျွန်မ ဘာပြောပြော ပြန်မပြောဘူး၊

သူ ... စကားမပြောတဲ့အတွက် သား ... ကိုသက် ကလည်း မယုံဘူး ဖြစ်နေတယ်"

သူစိမ်းတွေလက်ထဲမှာ တုန်လှုပ်ချောက်ချားစရာနဲ့ ရင်ဆိုင် ကြုံတွေ့လိုက်ရလို့ အကြောက်လွန်ပြီး စကားမပြောနိုင်တော့တာ ဖြစ်မယ်"

ကိုထွန်းနိုင်လည်း ရုတ်တရက် ပြန်ရောက်လာသော သား ဖြစ်သူအား အမျိုးမျိုး စုံစမ်းမေးမြန်းသည်။ ဘာမှ ပြန်မပြော၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မပြောသကဲ့သို့သာ ရှိနေသည်။

နောက်ဆုံး စဉ်းစားမိတာကတော့ ရဲစခန်းကို အကြောင်းကြားရန်ဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်က တိုင်ထားခဲ့သောအမှုကို ပြန်ပြီး အစဖော်ရန် ကလေးကို ခေါ်သွားသူတွေကို စစ်မေးနိုင်ရန် အရေးကြီးသည်။

ကလေးခေါ်သွားသူများက မည်သို့လုပ်ထား၍ ကလေး အရွယ်ကနေ မကြီးထွားလာသနည်း။ ထိုပြဿနာကို ရှင်းနိုင်ရန် ရဲစခန်းကသာ လုပ်နိုင်ပေမည်။ သို့ကြောင့် ကိုထွန်းနိုင် ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

ပြီးခဲ့သောဆယ်နှစ်က ဒုရဲအုပ်တာဝန်နှင့် ထိုအမှုကို လိုက်ခဲ့သော ဦးလှမိုးက ယခု ထိုစခန်းမှာပင် စခန်းမှူးဖြစ်နေသည်။

သူက စိတ်ဝင်စားစွာနှင့် ကလေးကို ခေါ်ယူတွေ့ဆုံသည်။ ကလေးကို အမျိုးမျိုးမေးသည်။ ကလေးက ဘာမှမပြော။

ကလေး၏ သွေးကို စစ်ဆေးသည်။ ကျော်ကျော်လေး ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ စခန်းမှူးကြီးက ကိုထွန်းနိုင်နှင့် တွေ့ဆုံပြီး ...

"မောင်ထွန်းနိုင်ရဲ့ သားကြီးကိစ္စကို အန်ကယ် စိတ်ဝင်စားတယ်။ ဘာကြောင့် ဖမ်းခေါ်သွားတဲ့အတိုင်း ပြန်ရောက်လာတာလဲ။





ဘာကြောင့် စကားမပြောတာလဲ။ အဲဒီကိစ္စ သိအောင်စုံစမ်းရမှာပဲ"

တစ်ခေါက်ပြီးတစ်ခေါက် စခန်းမှူးကြီးလည်း မတိုးရိတို့ အိမ်သို့ စခန်းမှာ အလုပ်ပြီးသည်နှင့် ရောက်လာပြီး ကျော်ကျော် လေးကို နည်းမျိုးစုံနှင့် စုံစမ်းမေးမြန်းသည်။

ကလေးက မည်သည့်စကားကိုမျှ မပြော။

တစ်ခုတော့ရှိသည်။ စားပွဲပေါ်မှာ ထိုင်ပြီးတော့ ဘောပင် များနှင့် စာရွက်များအပေါ် ရေးခြစ်နေခြင်းဖြစ်သည်။

သူရေးထားသောအရာများက မပီမသ။ လက်ပေါ်မှာ ပင့်ကူ အိမ်ပုံ ရေးထားခြင်းပင်။ တစ်နေ့လုံး မည်သည့်စကားမျှ မပြော။ လက်ပုံရေးလိုက်၊ အပေါ်မှ ပင့်ကူအိမ်ပုံရေးလိုက်နှင့် စာရွက်များစွာ၏ အပေါ်မှာ ရေးနေသည်။

စခန်းမှူးအား ထိုပုံကို ပြလိုက်သည်။

"ဟင် ... ဒါတာ အန်ကယ်တို့အတွက် သဲလွန်စ ဖြစ်မှာပဲ။ ကလေးနဲ့ ဒီပုံက ဆက်စပ်မှု ရှိလိမ့်မယ်။ သူ့စိတ်ထဲမှာ မှတ်မှတ် ရရ စွဲထင်နေတဲ့ပုံပဲ"

စခန်းမှူးက ပုံရေးထားသော စာရွက်အချို့ကို ယူပြီး ပြန်သွားသည်။

ကိုသက်က အပြင်မှ ပြန်လာပြီး ကျော်ကျော်အနေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။

"တောက် … ဘယ်ကကောင်လေးကို ငါ့အစ်ကိုဆိုပြီး လာလုပ်နိုင်းနေလဲ မသိဘူး၊ ဟော့ကောင်လေး … မင်းလာတဲ့ နေရာကိုပြန်။ ဒီအိမ်မှာ မင်းအတွက် နေရာမရှိဘူး"

ကျော်ကျော်လေး၏ နားနားသို့ကပ်၍ ထိုစကားကိုပြောပြီး ထွက်သွားသည်။ ကျော်ကျော်က လှည့်လည်းမကြည့်။ စကားလည်း မပြောဘဲ ကျန်ခဲ့သည်။

တဖြည်းဖြည်း မှောင်လာသည်။ အိပ်ချိန်သို့ ရောက်လာသည်။ ကိုသက်လည်း စာလုပ်ပြီးပြီမို့ မီးမှိတ်ကာ အိပ်လိုက်သည်။

ကျော်ကျော်လည်း ကိုသက်အခန်းမှ မီးမှိတ်သွားပြီး အတန် ကြာတော့ အိပ်ရာမှထလိုက်သည်။ သူအိပ်ရာမှ ထတော့ လက်ထဲမှာ အသွားခြောက်လက်မခန့်ရှိ ဓားမြောင်တစ်ချောင်း ပါသွားသည်။

အခန်းတံခါးကို ဖွင့်ပြီး ဝင်သွားသည်။

"အမေ … အမေ … ဒီမှာ ဒီမှာ"

ကိုသက်၏ အသံကြောင့် မတိုးရီ အခန်းထဲ ပြေးဝင်သွား သည်။ အခန်းထဲရောက်တော့ ကုတင်ဘေး တစ်လံအကွာမှာ ကျော်ကျော် ရပ်နေသည်။

ကိုသက်က ကုတင်ပေါ်မှာ အိပ်လျက် သူ့ဘေးမှ တစ်တောင်





ခန့်အကွာ မွေ့ယာကို ဓားမြောင်က စိုက်ဝင်နေသည်။

လူကို ထိုးခြင်းမဟုတ်ဘဲ သတိပေးခြင်းအနေနှင့် ဘေးသို့ ထိုးလိုက်ခြင်းဖြစ်သည်။

"အမေ့သားက သားကို မကျေနပ်လို့နဲ့တူတယ်"

"သူ … မကျေနပ်အောင် သားက သူမကြိုက်တဲ့စကား တွေ သွားပြောခဲ့လားမှ မသိတာ"

"ကဲ … သွား၊ သားလည်း သွားအိပ်တော့၊ အမေ … ဒီဓားကို ယူသွားမယ်"

ကိုသက်က အိပ်ရာပေါ် ပြန်အိပ်လိုက်သလို ကျော်ကျော် လေးကလည်း သူ့အခန်းထဲ ပြန်ဝင်သွားတော့သည်။

နောက်ရက် အိမ်ကကား ဘာဖြစ်သွားသည်မသိ။ ဆီမလိုက် ချင်သလို စက်သံမမှန် ဖြစ်လာသည်။ သို့ကြောင့် ပြင်နေကျ ဝပ်ရှော့သို့ ကားကို မောင်းသွားပြီး ကားစက်ကို စမ်းသပ်နိုင်းသည်။

"ငါ့တူမ ကားအရေးကြီးလား။ ဒီမှာ အရေးပေါ်ကားငါးစီး ရှိနေတယ်။ ဒါပြီးမှ တူမကြီးကား အလှည့်ရောက်မယ်၊

တူမကြီးကားက အင်ဂျင်ပြန်ကိုင်ရမှာ စက်အားတအား ကျနေပြီ။ ရှန်းအား မကောင်းတော့ဘူး။ အသေးစားပြင်လို့မရဘူး၊

အနည်းဆုံး … တစ်ပတ်ဆယ်ရက် ကြာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မတိုးရီက ကားကို ပြန်မောင်းလာပြီး တစ်ခါမှ မအပ်ဘူးသော ဝပ်ရှော့ဆိုင်သို့ ကားကို ဝင်ပြလိုက်သည်။

ထိုဝပ်ရှော့ကလည်း စက်ကို စမ်းသပ်ကြည့်ပြီး အင်ဂျင်ပြန်ကိုင်ရမည်ဟု ပြောသည်။ သူတို့ဝပ်ရှော့မှာ ကားတစ်စီးသာ အပ်ထည့်ရှိသည်။ အားချင်းလုပ်ကိုင်ပေးမည်ဟု ဆိုလာသည်။

"အမြန်ဆုံးပြီးအောင် လုပ်ပေးပါ။ ပြီးရင် ဖုန်းဆက်လိုက်ပါ"

"ကောင်းပါပြီ။ အကောင်းဆုံး လုပ်ပေးမယ်။ စိတ်တိုင်းကျရင် နောက်လည်း လာခဲ့ပေါ့။ ပြီးရင် ဖုန်းဆက်လိုက်မယ်"

ထိုဝပ်ရှော့ပိုင်ရှင် လက်ဖမိုးကို မြင်လိုက်စဉ် လူ့လက်ပေါ်က အမှတ်အသားကို ဘယ်မှာ မြင်ဖူးပါလိမ့်ဟု စဉ်းစားလိုက်သည်။ ဘယ်လိုမှ စဉ်းစားမရ။ ရင်းရင်းနှီးနှီးကို မြင်ဖူးနေသည်။ အဖြေက ပေါ်မလာ။ သို့ကြောင့် ဆက်၍ မစဉ်းစားဘဲ နေလိုက်တော့သည်။

ကားကို ထားခဲ့ပြီး တက်စီငှား၍ အိမ်သို့ ပြန်ခဲ့သည်။

သုံးရက်ခန့်အကြာ မတိုးရီကို ကားလာယူရန် အကြောင်းကြားသဖြင့် ... သားကိုသက် ကျောင်းသွားနေသည့်အတွက် ကျော်ကျော်ကိုပါခေါ်ကာ တက်စီစီး၍ ဝပ်ရှော့သို့ လိုက်သွားသည်။

ဝပ်ရှော့ရှေ့မှာ တက်စီကား ရပ်လိုက်သည်။ ငွေရှင်းပြီး သားအမိနှစ်ယောက် ဝပ်ရှော့ထဲ ဝင်ခဲ့သည်။





ဝပ်ရှော့ တာဝန်ခံပဲရှိသည်။ ကားကို စမ်းသပ်ကြည့်ရန် ကားပေါ်တက်ပြီး စက်နှိုး၍ ခြံဝင်းထဲရှေ့တိုး နောက်ဆုတ် မောင်းကြည့်သည်။ စက်သံနားထောင်ကြည့်သည်။ အားလုံးစိတ်ကျေနပ်မှ တာဝန်ခံကို ငွေရှင်းကာ ဝပ်ရှော့ထဲမှ မောင်းထွက်ခဲ့သည်။

"ဟာ ... ငါမျက်စိပဲ မှားတာလား။ ဒါမှမဟုတ် ဒီအမျိုးသမီး နောက်ထပ် ကလေးမွေးထားလား မသိဘူး။ တူတာတော့ တော်တော်တူတယ်"

တာဝန်ခံက ကျော်ကျော်ကိုမြင်ပြီး အံ့ဩကာ အတွေးပေါင်းစုံဖြင့် ကျန်ရစ်ခဲ့သည်။

ညနေဝပ်ရှော့ပိုင်ရှင် အပြင်က ပြန်လာသည်နှင့် ငြိမ်မနေနိုင်ဘဲ၊

"ဦးလေး ... ဦးလေး ... ဟိုကောင်လေးကို တွေ့လိုက်တယ်"

"မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့ ဘာကောင်လေးလဲ"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဦးလေးခိုင်းလို့ ကျွန်တော်ခေါ်ပေးခဲ့တဲ့ ကလေးလေ၊ အခု သူ့အမေဆီ ပြန်ရောက်နေပြီ"

"ဟာ ... ဟုတ်လား"

"ဟုတ်တာမှ အသေအချာပဲ"

"ဘယ်အရွယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ငါးနှစ်သားအရွယ်ပဲ"

"ဟား ... ဟား ... ဟား ... သောက်ရူး ငါတို့လက်ထဲကို ရောက်တုန်းကတောင် ငါးနှစ် အခု ဆယ်နှစ်လောက်ရှိပြီဆိုတော့ ဒီကောင်လေး ဆယ့်ငါးနှစ်သားဖြစ်ရမှာ မဟုတ်ဘူးလား ... ငါဆောင့်ကန်ရ ... သေဦးမယ် မအူမလယ်နဲ့"

ဦးလေးဖြစ်သူက သူ့တူစကားကို မယုံသည့်အပြင် သူ့ကိုပါ အပြစ်ပြောသည့်အတွက် စိတ်ဆိုးကာ ဘာမှမပြောဘဲ အပြင်ထွက်သွားသည်။

နောက်နေ့ ဝပ်ရှော့မှာ အလုပ်ပါးသည့်အတွက် ဝပ်ရှော့ကားတစ်စီးနှင့် အပြင်ထွက်လာခဲ့သည်။ မနေ့က ကားပြန်ရွေးသွားသည့် မတိုးရီ၏ အိမ်လိပ်စာကို ယူထားလိုက်သဖြင့် ထိုလိပ်စာအတိုင်း မတိုးရီတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။

အိမ်၏ မျက်စောင်းထိုးမှာ ကားကိုရပ်လိုက်ပြီး အိမ်ကိုထိုင် အကဲခတ်နေသည်။ ကားထဲမှာ ကြာချင်သလောက်ကြာပစေ၊ ထိုအိမ်ထဲမှာရှိသော ကလေးလေး တစ်ချိန်မဟုတ် တစ်ချိန်မှာ အပြင်သို့ ထွက်လာရမည်ဟု အတတ်တွေးပြီး စိတ်ရှည်ရှည်နှင့် စောင့်နေခြင်းဖြစ်သည်။

ထိုနေ့မှာပဲ စခန်းမှ စခန်းမှူးကလည်း ကျော်ကျော်၏အခြေ





အနေ တိုးတက်မှု ရှိ မရှိ သိချင်သည့်အတွက် ဆိုင်ကယ်တစ်စီးနှင့် မတိုးရီတို့အိမ်သို့ ထွက်လာခဲ့သည်။

ဝပ်ရှော့တာဝန်ခံ ကားရပ်ထားသော အနီးသို့အရောက် ဆိုင်ကယ်ကိုဖြည်းဖြည်းမောင်း၍ အထဲသို့ကြည့်လိုက်သည်။

"ဟင် ... ဒီကောင် ဘာလုပ်တာလဲ"

ဆိုင်ကယ်ကိုရပ်ပြီး ကားနားသို့သွားကာ ...

"ဟေ့ ကားထဲကလူ ခဏထွက်စမ်း"

"ဗျာ ... ကျွန်တော်ဘာလုပ်လို့လဲ"

"မင်းကားနောက်ခန်းမှာ ငါ့မိတ်ဆွေတွေရဲ့ ကလေး ရှိနေတယ်"

"ဗျာ ... ဘယ်က ... ကလေး"

ထိုလူက ကားနောက်ခန်းထဲ လှမ်းကြည့်လိုက်သည်။

"အမယ်လေး ... သရဲ ... သရဲ..."

"ဘာလဲကွ ... မင်းက ကလေးခိုးပြီး အခုမှ သရဲ ... သရဲလို့ ထအော်ရတာလဲ"

"စောစောက ကားမောင်းလာပြီး ရပ်တဲ့အထိ ဒီကလေးက ကားထဲမှာ မရှိဘဲ အခု ဖြုန်းစားကြီး အထဲမှာ တွေ့လိုက်လို့ လန့်အော်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ငါ့ကိုသိလား"

"ဟုတ်ကဲ့ ... ဒီမြို့ရဲစခန်းက စခန်းမှူးပါ"

"အေး ... ဒါဆို ကားပေါ်တက်ပြီး တိုအိမ်ရှေ့မှာရပ်၊ မင်း ... ဘယ်မှမသွားနဲ့၊ သူ့အမေကိုခေါ်ပြီး ငါမေးရမယ်"

စခန်းမှူးက မတိုးရီတို့အိမ်ရှေ့သွားပြီး အသံပြုလိုက်သည်။

"မတိုးရီ ... မတိုးရီ"

ဝူး ... ဝေါ ... ဝူး ...

ထိုလူ ကားကိုမောင်းပြီး ပြေးတော့သည်။

"အေး ... ပြေးပေါ့ကွာ၊ မင်းက စပိုင်ဒါဝပ်ရှော့က ကောင်မှန်း ငါသိပါတယ်။ ကလေးပါသွားလည်း အကြောင်း မဟုတ်ဘူး ... အခုပဲ ရဲတွေကို သွားဝိုင်းခိုင်းလို့ရတယ်"

စခန်းမှူးအသံကြောင့် အိမ်ထဲက မတိုးရီ အပြင်ထွက်မည် အပြု စားပွဲပေါ်မှ စာရွက်တစ်ရွက် လေနှင့်အတူ လွင့်ကျလာ သည်။

"ဟင် ... ဒါ ... ဒါ ဟိုဝပ်ရှော့က လူကြီးလက်မှာ ရေးထားတဲ့ ပင့်ကူအိမ်ပုံတက်တူးပါလား၊ ဒါ ... ထူးဆန်းတယ်"

မတိုးရီက စာရွက်ကို မထားခဲ့ဘဲ အပြင်ထွက်လာသည်။ မတိုးရီကို စခန်းမှူး မမေးခင်၊ သူရရှိလိုက်သော လျှို့ဝှက်ချက်ကို





ပြောပြလိုက်သည်။

"ဒီစာရွက်ရဲ့ လျှို့ဝှက်ချက်ကို ကျွန်မသိပြီ စခန်းမှူးကြီး"

"အန်ကယ်လည်း သိသလိုပဲ၊ အခု ... ကျော်ကျော်လေး အိမ်ထဲမှာရှိလား"

"ဟင် ... ဟုတ်ပါရဲ့၊ ကျွန်မ သူ့ကို မေ့သွားတယ်၊ ဒါတိုင်းလည်း စကားမပြောဘဲ သူ့ဟာသူ နေတတ်သလို နေတာ မဟုတ်လား"

"သွားကြည့်လိုက်ပါဦး ... သူရှိတဲ့နေရာကို လိုက်ရအောင်"

မတိုးရီက အပြေးအလွှား အိမ်ထဲဝင်သွားသည်။ ခဏအကြာ အပြင်သို့ ပြန်ပြေးထွက်လာသည်။

"အိမ်ထဲမှာ မရှိဘူး ... အန်ကယ်"

"ကဲ ... ဒါဆို အိမ်တံခါးပိတ်၊ ခြံတံခါးပိတ် ကားပေါ် တက်ပြီး အန်ကယ်နောက်ကလိုက်ခဲ့ မြန်မြန်လုပ်"

စခန်းမှူးက ရဲစခန်းကို အကြောင်းကြားလိုက်သည်။ ရဲစခန်း မှူးက စပိုင်ဒါဝပ်ရှော့ထဲသို့ ဆိုင်ကယ်ကို မောင်းဝင်သွားသည်။

ဝပ်ရှော့က ရှေ့ပိုင်းကျယ်သလို အိမ်၏နောက်မှာလည်း ပေငါးဆယ် ခြောက်ဆယ်နီးပါး မြေကွက်လပ်ရှိသည်။ သစ်ပင်ကြီး များ ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂပ်ရှေ့ရုံထဲမှာ စောစောက တာဝန်ခံစီးသွားသော ကားကို တွေ့လိုက်သည်။ ဝပ်ရှော့ပိုင်ရှင်ရော တာဝန်ခံကိုပါ တွေ့လိုက်သည်။

"ကဲ ... ငါ့ကို ညာမယ်တော့မကြံနဲ့ ... မင်းကားပေါ်မှာ ပါသွားတဲ့ကလေး အခုဘယ်မှာသွားထားလဲ ... ခေါ်ခဲ့ပါ။ ဟိုမှာ သူ့အမေ ကားလည်း ဝင်လာပြီ"

"ဟာ ... ဘာကလေးလဲ ပါမလာပါဘူး၊ စခန်းမှူးကြီး"

"ဟေ့ကောင် ... စောစောကတင် မင်းနဲ့ ပါသွားတာ ငါမြင်လို့ မင်း ... မောင်းပြေးတာ မဟုတ်လား၊ အခု ကလေး ဘယ်မှာလဲ မှန်မှန်ပြောရင်ပြော ညာရင် အပြစ်ပိုကြီးသွားလိမ့်မယ်"

"မပါပါဘူး ... စခန်းမှူးကြီး အမြင်မှားတာ ဖြစ်မှာပါ"

"ရှင့်လက်ကအရုပ်ကို ကျွန်မသား အသေအချာ မှတ်မိထားတယ် ... ဒီမှာကြည့် သူရေးထားတဲ့ပုံ"

"ဟုတ်ပြီ ... ဒီပုံတွေကို ကလေးက အချိန်ပြည့်ရေးနေတာ ကျော်ထွန်း မင်း ... လက်ဖမိုးပြစမ်း၊

မင်းလက်ပေါ်ကပုံအတိုင်း ကလေးရေးထားတာ မင်းလက်ပေါ်ကပုံကို ဒီကလေး ဘာကြောင့် သိနေရတာလဲ ... အမှန်အတိုင်း ပြောသင့်ပြီ"

"ကဲ ... ဒီကလေး ဘယ်မှာလဲ"





"မရှိပါဘူး"

ထိုစဉ် ဝပ်ရှော့အလုပ်ရုံထောင့်မှ နောက်ဘက်သို့ ပြေးသွားသော ကလေးသဏ္ဌာန်ကို စခန်းမှူးအပါအဝင် လူတော်တော်များများ မြင်လိုက်ကြသည်။

သို့ကြောင့် စခန်းမှူးအပါအဝင် ရဲနှစ်ယောက်နှင့် မတိုးရီတို့ နေအိမ်ဘက်သို့ ပြေးသွားကြသည်။

"ဟေ့ ... အဲဒီနှစ်ကောင်ကို လက်ထိပ်ခတ်ထား အားလုံး ဘယ်မှ မသွားစေနဲ့"

နောက်ဘက်ကို ပြေးလိုက်မည် ပြင်နေသော ရဲတပ်ဖွဲ့ဝင်များလည်း စခန်းမှူးအမိန့်ကြောင့် မလိုက်တော့ဘဲ ဝပ်ရှော့ပိုင်ရှင်နှင့် သူ၏တူ တာဝန်ခံတို့ကို လက်ထိပ်ခတ်လိုက်သည်။

အချိန်က ညနေငါးနာရီခန့်ရှိပြီး သစ်ပင်ကြီးများကြောင့် အောက်ဘက်မှာ အမှောင်ရိပ်တို့ ကျနေသည်။

ခြံထောင့်သစ်ပင်ကြီးနှင့် ချုံပုတ်အကြားမှာ ကျော်ကျော်လေး ရပ်နေသည်။

"ဟိုမှာ ... ကလေးကို တွေ့ပြီ"

စခန်းမှူးအပါအဝင် အားလုံး ထိုနေရာသို့ ပြေးသွားကြသည်။ အနားလည်းရောက်ရော၊ သူတို့၏မျက်စိအောက်မှာပင် ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com



လေးအသွင်မှ မီးခိုးများလို ပြောင်းသွားပြီး အပေါ်သို့ တရွေ့ရွေ့ လွင့်မျောသွားသည်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

"ကျော်ကျော်လေးဟာ ... လူမှမဟုတ်ပဲ"

စခန်းမှူးက ထိုစကားကိုပြောပြီး ... ကျော်ကျော်လေး ရပ်နေရာသို့သွား၍ ရဲသားတစ်ယောက်အား မြေကြီးကို ခြစ်ထုတ်စေသည်။ တစ်ထွာခန့်အနက်မှာ အရိုးလိုလိုအရာများကို တွေ့လိုက်ကြသည်။ ထိုအရာကို မြင်လိုက်တော့ စခန်းမှူးက ဘာဖြစ်သည်ကို သိလိုက်သည်။

"ကဲ ... မောင်အောင်မြင့် တူမကြီးကို ခေါ်သွား"

"လာ ... အစ်မ ရှေ့ဘက်ကို သွားရအောင်"

"အန်ကယ် ကျွန်မကို မသွားခိုင်းပါနဲ့၊ ကျွန်မ ဒီလောက်တော့ ခံနိုင်ရည် ရှိပါတယ်၊

ကျွန်မတို့နဲ့ အတူလာနေတာ လူအစစ်မဟုတ်တဲ့ သားလေး မှန်း စောစောက အဖြစ်ကို မြင်ပြီး သိလိုက်ပါပြီ။ အခု အန်ကယ် တွေ့နေတာ သားရဲ့ရုပ်အလောင်း မဟုတ်လား"

"အင်း ... အန်ကယ်လည်း အဲဒီလိုပဲထင်တယ် ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုတော့ အရိုးပဲ မြင်ရမှာ၊ ဒါကြောင့်





သွားခိုင်းတာ ကြည့်ချင်တယ်ဆိုလည်း စိတ်ခိုင်ခိုင်ထားပြီးကြည့်"

"ကဲ မောင်အောင်မြင့် ရှေ့ကိုသွား ဝပ်ရှော့ကကောင်တွေကို ပေါက်တူး၊ ဂေါ်ပြားယူခဲ့ခိုင်း ဟိုနှစ်ယောက်ကိုလည်း ဒီကိုခေါ်လာ ခိုင်းလိုက်"

ခဏနေတော့ အားလုံး ခြံနောက်ဘက်သို့ ရောက်လာကြသည်။ အလုပ်သမားသုံးယောက်က ပေါက်တူး ဂေါ်ပြားများ ကိုင်လာသည်။

"ကဲ ... ပေါက်တူးသမားလာ ... ဒီနေရာတဝိုက်ကို ဖြည်းဖြည်းချင်း ယက်လိုက်ပေါက်လိုက်လုပ် ... ဂေါ်ပြားသမားက မြေကြီးတွေကို ယက်ထုတ်"

ဆယ်ငါးမိနစ်အတွင်းမှာပင် ကလေးရုပ်အလောင်း၏ အရိုးစု အားလုံး ပေါ်လာသည်။

"ကဲ ... ကဲ ... ကျော်ထွန်း၊ မင်းဘာပြောမလဲ ... ဒီအရိုးစုက ဟိုအမျိုးသမီးရဲ့ ကလေးမဟုတ်လား၊ ဘာကြောင့် သတ်ပြီး မြှုပ်ထားရတာလဲ"

"ဟာ ... ကျွန်တော်မသတ်ပါဘူး၊ ဒီမှာ အရိုးစုရှိတာလည်း သိပါဘူး"

"မင်း ... ငါတို့ကို ညာဦးမလို့လား၊ ခြံထဲမှာ အရိုးစု



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာကိုက အပြစ်ကြီးနေပြီ"

"တကယ်ပါ ... ကျွန်တော်မသတ်ပါဘူး"

"မင်းညာနေတာ ... ငါသိတယ်"

"ကျွန်တော် ... မသတ်ပါဘူး တကယ်ပြောတာပါ"

"မင်းမသတ်ရင် ... ဘယ်သူသတ်လဲ ... ပြော"

ထိုအချိန်က တာဝန်ခံက ...

"ကျွန် ... ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်၊ ကျွန်တော့်နာမည် လှတင့်ပါဆရာ ... ဦးလေးက ကလေးအဖေကို မကျေနပ်လို့ ကလေးကို ပြန်ပေးဆွဲခိုင်းပါတယ် ... သူနစ်နာခဲ့တဲ့ ငွေရဲ့ ငါးဆပြန်ပေးမယ်ဆိုရင် ကလေးကို ပြန်လွှတ်ပေးမယ် ဆိုပြီး ဖမ်းခိုင်းခဲ့တယ်၊

ကျွန်တော်က သူခိုင်းတဲ့အတိုင်း ကစားကွင်းထဲကနေ ဖမ်းခေါ် ခဲ့တယ်၊

ဝပ်ရှော့ကို ကလေးပါလာတော့ ... ဘယ်မှာဖွက်ထားရမှန်း မသိဘူး။ ကလေးကို တစ်ညတာ ဝပ်ရှော့မှာပဲ ထားခဲ့မယ်လို့ တိုင်ပင်ကြတယ်၊

ညစာကျွေးပြီးမှ ထားခဲ့မယ်ဆိုလို့ ဦးလေးက ပူတင်းတို့ မုန့်တို့ဝယ်တယ်၊ ကလေးကို ခြေလက် ကြိုးချည်ထားတဲ့အတွက်



ဦးလေးက သူကိုယ်တိုင် ပါးစပ်ထဲ ထိုးထည့်ပြီး ကျွေးနေတယ်၊

မုန့်ကျွေးလိုက် ရေတိုက်လိုက်လုပ်နေတဲ့ ဦးလေးရဲ့လက်ကို ကောင်လေးက မလွှတ်တမ်း ကိုက်ထားတယ်၊

ဦးလေးက လက်ကို ကိုက်ထားတာ လွှတ်ဖို့ ပြောတာ၊ မရတဲ့အတွက် ကောင်လေးရဲ့ခြေထောက်ကို ဓားမြှောင်နဲ့ထိုး လိုက်တယ်၊

ကလေးက နာတော့ ကိုက်ထားတာ လွှတ်လိုက်တယ်၊ ဦးလေးက စိတ်ဆိုးပြီး အဲဒီကောင်လေးကို ကားနောက်ဖုံးထဲ ထည့်ထားလိုက် သူ မအော်နိုင်အောင် ပါးစပ်ကိုပါ ချည်ထားလိုက် သူ့အဖေငွေပေးပြီး ရွေးရင်ရွေး မရွေးရင် သတ်ပစ်လိုက်တဲ့၊

ကျွန်တော့်ကိုခိုင်းတာနဲ့ ပါးစပ်ကို မအော်နိုင်အောင် ချည် လိုက်တယ်၊ ကားနောက်ဖုံးထဲထည့်ပြီး အိမ်ပြန်သွားကြတယ်၊

မနက်ဝပ်ရှော့ကိုလာပြီး နောက်ဖုံးလည်း ဖွင့်ရော ကလေးက အသက်ရှူကြပ်ပြီး သေနေတာ တွေ့လိုက်တယ်၊

ကလေးသေသွားတဲ့အတွက် ... သူ့အဖေဆီက ငွေလည်း မတောင်းဖြစ်တော့ဘူး။ ကလေးကို ဘယ်သူမှ မသိခင် ခြံထဲမှာ မြှုပ်ပစ်လိုက်တယ်၊

ကလေးသေမယ်မှန်းသိရင် နောက်ဖုံးထဲမှာ မထားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခုထိ စဉ်းစားမိတိုင်း စိတ်မကောင်းဘူး”

“မဖြစ်ခင်က စဉ်းစားပေါ့ကွ ကလေးကို ထိုးလိုက်တဲ့ ဓားရော ဘယ်မှာလဲ”

“ကလေးကို မြှုပ်တဲ့ ကျင်းထဲ ဦးလေး ထည့်လိုက်တာပဲ”

ခဏကြာတော့ အားလုံးဖော်ပြီးသွားပြီ၊ ဓားမြောင်တစ်လက် ပေါ်လာသည်။ ဆယ်နှစ်ခန့်ကြာသော်လည်း သံချေးမတတ်သေး။ သံမဏိအစစ်နှင့် လုပ်ထားခြင်းဖြစ်သည်။

“ဒီ ... ဒီဓားကို မြင်ဖူးတယ်၊ ဟိုတစ်ညက သူ့အစ်ကို စလို့ သူစိတ်ဆိုးပြီး ဘယ်ကရလာမှန်း မသိဘူး၊ သူ့လက်ထဲက ဓားနဲ့ မွေ့ယာကို ထိုးစိုက်လိုက်တယ်”

“အဲဒီဓား ... တူမကြီးဆီမှာ ရှိသေးလား”

“မရှိတော့ဘူး၊ ကျွန်မ သိမ်းထားတာ မိုးလင်းတော့ မရှိတော့လို့ ကျော်ကျော်လေးကို မေးတာ ဘာမှ ပြန်မပြောဘူး။ ဓားလက်ကိုင်မှာ ‘န’ စာလုံး ထွင်းထားတယ်”

“ဒီမှာလည်းပါတယ် ... ဒီဓားကြောင့် သေတာလား စစ်ဆေးနိုင်းရမှာပဲ”

“ဓားနဲ့ ... ဘယ်ကိုထိုးလိုက်တာလဲ”

“ခြေဖမိုးကိုပါ ... နာရုံလေး ထိုးလိုက်တာပါ”



BURMESE CLASSIC .com



“ဒါဆို ဓားကို ဘာကြောင့် မြေကြီးထဲမြှုပ်လိုက်တာလဲ”

“ဓားကြောင့်များလားဆိုပြီး ထူပူနေတာနဲ့ လက်စဖျောက်တဲ့ သဘောပါ”

“ကဲ ... ကျော်ထွန်း သူ့အဖေကို ဘာကြောင့် မကျေနပ်တာလဲ ... ပြောပြစမ်း”

“ကျွန်တော် ဝပ်ရှော့လုပ်ငန်းချဲ့မလို့ တစ်ဖက်နိုင်ငံက စက်ပစ္စည်းတွေ တွင်ခုံတွေ မှောင်ခိုသွင်းခဲ့တယ်။ မော်လမြိုင်လမ်းကြောင်းကပါ၊

အဲဒီအချိန် မှောင်ခိုခေတ်ဖြစ်နေသလို အဖမ်းအဆီးကလည်း များနေတယ်။ သူ့အဖေက ရထားစက်ခေါင်းမောင်းမို့ စက်ခန်းထဲ ထည့်ပြီး သယ်ပေးဖို့ ပိုက်ဆံလမ်းခင်းပြီး အမျိုးမျိုး စည်းရုံးတယ်။ သူ ... လက်မခံခဲ့ဘူး၊ သူ ... လက်မခံလို့ ကြုံသလို တင်လာတာ ပဲခူးအဝင်မှာ အဖမ်းခံလိုက်ရတယ်။

အဲဒီစက်ပစ္စည်းတွေ ဆုံးရှုံးလိုက်တာ နလံမထူနိုင်အောင် ဖြစ်သွားတယ်၊ ရှိသမျှပိုက်ဆံ ရင်းလိုက်တာ အဖမ်းခံရလို့ မကျေနပ်တာနဲ့ သူ့ကလေးကို ပြန်ပေးဆွဲပြီး ရှုံးထားတဲ့ငွေတွေ ပြန်ရအောင် လုပ်မယ်ဆိုတဲ့ အကြံနဲ့ပါ၊

ကလေးက သေသွားလို့ မြှုပ်လိုက်ရတယ်၊ အခု ဘယ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှ ပြန်ရောက်လာတယ်ဆိုလို့ လှတင့်က သူ့အိမ်မှာ တကယ် ရှိ မရှိ သွားစုံစမ်းတာ ကလေးက ကားပေါ်ရောက်နေလို့ ဆရာတို့ ရိပ်မိသွားတာပါပဲ"

"အဲဒီ ... မကောင်းတာလုပ်လို့ အရိုးတွန်တာခေါ်တယ် အရိုးက လူပြန်ဖြစ်ပြီး အမှုပေါင်းကို ပြန်ဖော်ထုတ်လိုက်တာပဲ၊ မကောင်းမှုမှန်သမျှ ဆိတ်ကွယ်ရာ မရှိဘူးဆိုတာ ယုံပြီလား"

"ယုံပါပြီ"

"ကဲ ... အားလုံးကြားတဲ့အတိုင်းပဲ ဒီလူနှစ်ယောက်ကို စခန်းခေါ်သွားပြီး ချုပ်ထားလိုက်။ ကလေးအရိုးအားလုံး စုထည့်ပြီး ဆေးရုံကိုပို့ စစ်ဆေးစရာရှိတာ စစ်ဆေးရဦးမယ်"


စကားမပြောဘဲ ရုတ်တရက်ပြန်ရောက်လာသော ကျော်ကျော် လေးလည်း ထိုအချိန်မှစပြီး ပျောက်သွားကာ ဘယ်သောအခါမှ ပြန်မလာပါလေတော့ ...။

BURMESE CLASSIC .com

**ကေနမင်း**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com